# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily


**ပန်ဆင်သူအကျိုးကိုဆောင်နိုင်**

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကိုဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကိုဆောင်နိုင်သောကြောင့်ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက် | ၂၀၁၇ ခုနှစ်၊ ဇူလိုင် ၂၈ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၂၉၈)


# ဝန်ထမ်းများအတွက် ပြည်သူကဂုဏ်ယူနိုင်ပြီဆိုလျှင် နိုင်ငံအတွက်လည်း ဂုဏ်ယူနိုင်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြား



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် ဇူလိုင် ၂၇**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ကျင်းပရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် ဦးကျော်တင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

**အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ ပြည်သူ ပြည်သားတွေနဲ့ အစိုးရကြားမှာ ယုံကြည်မှုရှိအောင် တည်ဆောက်တဲ့နေရာမှာ အဓိကကျတဲ့ ဝန်ကြီးဌာနဖြစ်**

**လူမှုအဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ရေးတွင် သမိုင်း၏အခန်းကဏ္ဍ**


ဆောင်းပါး | စာ ၆

**လောင်စာဆီအင်ဂျင်သုံးယာဉ်များကို အနာဂတ်တွင် ဖြတ်နိုင်ပိတ်ပင်သွားမည်**

နိုင်ငံတကာ | စာ ၁၄

**ရှင်ဇိုအာဘေးရဲ့ ယခုလတ်တလော နိုင်ငံရေးခရီးလမ်း**

နိုင်ငံတကာရေးရာ | စာ ၁၅

မြန်မာ့အလင်း

# သဘာဝဘေးဒုက္ခသံသရာမှ လွတ်မြောက်ရေး

နှစ်စဉ် ဤရာသီတွင် ဖြစ်နေကျအတိုင်း မြစ်ရေကြီးခြင်း၊ တောင်ကျရေကျဆင်းခြင်းနှင့် မြေပြိုခြင်း၊ မြစ်ကမ်းပါးများပြိုကျခြင်း၊ ရေတိုက်စားခံရခြင်း စသည့်သဘာဝဘေးအန္တရာယ်များကို ယခုနှစ်တွင်လည်း လူဦးရေသိန်းနှင့်ချီ၍ တွေ့ကြုံခံစားကြရသည်။ ရေကြီးရေလျှံမှုကြောင့် သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးရခြင်း၊ လူနေရပ်ကွက်ကျေးရွာများအတွင်း ရေဝင်ရောက်ခြင်း၊ လူနေအိမ်နှင့် သာသနိကအဆောက်အအုံများ ပျက်စီးဆုံးရှုံးခြင်း၊ ရေဘေးအန္တရာယ်မှ တိမ်းရှောင်ကာ ရေလွတ်သည့်နေရာများသို့ သွားရောက်ခိုလှုံရခြင်း စသည့်သတင်းများကို မီဒီယာများတွင် တွေ့မြင်ကြရသကဲ့သို့ပင် မိုးစပါးစိုက်ပျိုးချိန် ကျရောက်နေသော်လည်း လိုအပ်သော စိုက်ပျိုးရေမရရှိ၍ စိုက်ပျိုးရန် အခက်အခဲကြုံနေရသောဒေသများရှိနေကြောင်းကိုလည်း သတင်းများ၌ မြင်တွေ့နိုင်ရာ ရာသီဥတုဖောက်ပြန်မှု၏ သဘောသဘာဝကို ရှင်းလင်းစွာ တွေ့မြင်နေကြရခြင်းပင်ဖြစ်သည်။

ရာသီဥတုဖောက်ပြန်မှုများ၏ မူလအကြောင်းရင်းခံတွင် လူတို့၏ ပယောဂမကင်းကြောင်း ပညာရှိများက သတိပေးထားခဲ့ပြီးဖြစ်သလို ဖြစ်ရိုးဖြစ်စဉ်ထက် ပိုမိုကြမ်းတမ်းဆိုးရွားသော ရာသီဥတုဖြစ်စဉ်များကို အနာဂတ်တွင် လူသားတို့ ပိုမိုကြုံတွေ့ကြရမည်ဟူ၍လည်း ဟောကိန်းထုတ်ထားကာ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်ရင်ဆိုင်နိုင်ကြရေးအတွက်လည်း နှိုးဆော်ခဲ့ကြသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာချိန်ကျမှသာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းတိမ်းရှောင်ရခြင်း၊ စာရင်းဇယားပြုစုရခြင်း၊ ကယ်ဆယ်ရေးပစ္စည်းဝေငှရခြင်း စသည့် လုပ်ငန်းများကို သယ်ယူပို့ဆောင်မှုအခက်အခဲ၊ သွားလာမှုအခက်အခဲ၊ ဆက်သွယ်ရေးအခက်အခဲ စသည့် အခက်အခဲများကြားမှ ခက်ခဲစွာဆောင်ရွက်ကြရပြီး ကွက်ပြည့်မနင်းနိုင်သည့် အခြေအနေများနှင့် ရင်ဆိုင်ကြရကြောင်း ပြီးခဲ့သည့်နှစ်များမှ အတွေ့အကြုံများကို မှတ်တမ်းများရယူပြီး နောင်နှစ်များတွင် ကျော်လွှားနိုင်ရန် ပြင်ဆင်ထားဖို့လိုမည်ဖြစ်သည်။

အောက်ခြေအဆင့်တွင် ကျေးရွာအလိုက်၊ မြို့နယ်အလိုက်၊ ခရိုင်အလိုက်၊ ဒေသအလိုက် ရင်ဆိုင်ကြုံတွေ့ရသည့် သဘာဝဘေးအန္တရာယ်အမျိုးအစားများနှင့် ဖြစ်စဉ်များ၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များ၊ ဒေသအလိုက် ကြိုတင်ပြင်ဆင်ထားသင့်သည့် လုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဆောင်ရွက်ထားသင့်သည်များ၊ ဒေသအလိုက် ထူးခြားသည့်အခြေအနေများ စသည့် မှတ်တမ်းမှတ်ရာများ အဆင့်ဆင့်ပြုစုခြင်းကို နိုင်ငံတော်အဆင့်အထိပြုစုကာ နည်းပညာအကူအညီဖြင့် ဆောင်ရွက်ခြင်းအားဖြင့် ရေရှည်တွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးတို့တွင် ထိထိရောက်ရောက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

တစ်ဖက်တွင်လည်း သစ်တောများ၊ မြစ်ချောင်းများနှင့် သဘာဝပတ်ဝန်းကျင်များကို ဥပဒေများနှင့်အညီ ထိထိရောက်ရောက် ထိန်းသိမ်းကာကွယ်ခြင်း၊ တရားမဝင်ကျောက်မျက်၊ ရွှေနှင့် သတ္တုများတူးဖော်ရှာဖွေခြင်းတို့ကို ထိရောက်စွာနှိမ်နင်းခြင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများဖြစ်သည့် ရထားလမ်း၊ ကားလမ်းများ၊ ဆည်၊ တာတမံများ တည်ဆောက်ခြင်းပြုလုပ်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်နိုင်မှုကို မှန်ကန်စွာဆန်းစစ်ခြင်း၊ တည်ဆောက်ပြီးဖြစ်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ၏ ပတ်ဝန်းကျင်ထိခိုက်မှုများကို ပြန်လည်ဆန်းစစ်ကာ ပြုပြင်မှုများပြုလုပ်ခြင်းတို့အတွက် လိုအပ်မည့်ဥပဒေများ၊ ရင်းနှီးမြှုပ်နှံမှုများကို အနာဂတ်ကာလ သဘာဝဘေးအန္တရာယ်များ လျော့ပါးသက်သာစေရေးနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိစေရေးတို့ကို ရည်ရွယ်ကာ ဆောင်ရွက်သွားရမည်ဖြစ်သည်။

နှစ်စဉ် အချိန်ရာသီကျရောက်လာသည်နှင့် ကြုံတွေ့ရမည့် သဘာဝဘေးအန္တရာယ်ကို ရှောင်လွှဲ၍ရမည်မဟုတ်ဘဲ ရင်ဆိုင်ကျော်လွှားကြရမည်သာ ဖြစ်သည့်အလျောက် ရေတို ရေရှည်အစီအမံများချမှတ်၍ ထိရောက် မှန်ကန်စွာ ဆောင်ရွက်ခြင်းဖြင့်သာ သဘာဝဘေးဒုက္ခသံသရာမှ လွတ်မြောက်နိုင်မည်ဟု ရှုမြင်ပါကြောင်း။ ။

## နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းဆိုင်ရာ လူနာ ၇၀၀ ကျော်အား အခမဲ့ဆေးကုသပေး

**မင်းဘူး ဇူလိုင် ၂၇**
မကွေးတိုင်းဒေသကြီး မင်းဘူးမြို့အထွေထွေရောဂါကုဆေးရုံကြီးတွင် မင်းဘူးခရိုင်အတွင်းရှိ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းဆိုင်ရာ ရောဂါများကုသလိုသည့်လူနာ ၇၀၀ ကျော်အား ရန်ကုန်မြို့ နား၊နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်အထူးကုဆေးရုံကြီးမှ ပါမောက္ခဒေါက်တာမောင်မောင်ခိုင် ဦးဆောင်သော ဆေးပညာရှင်ခြောက်ဦးနှင့် နယ်ခံဆရာဝန်ကြီးနှစ်ဦး၊ ဆေးရုံမှဆရာဆရာမများပူးပေါင်း၍ အခမဲ့ရောဂါစမ်းသပ်ကုသပေးခြင်းများကို ဇူလိုင် ၂၆ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



"ကုသပေးတဲ့ အခါမှာ ဆေးပေးပြီး ကုသရတာတွေရှိတယ်။ ခွဲစိတ်ဖို့လိုအပ်ရင်လည်း တစ်ခါတည်းခွဲပေးပါတယ်။ အချို့လူနာတွေက ချက်ချင်းခွဲလို့ မရတဲ့ လူနာတွေရှိတယ်။ ဒီလူနာတွေကို စမ်းသပ်ချက်တွေ အဆင့်ဆင့်ဆောင်ရွက်ပေးပြီး နောက်ပိုင်းဆေးရုံမှာ ကုသနိုင်ဖို့အထိ စီစဉ်ပေးထားပါတယ်" ဟု ပါမောက္ခဒေါက်တာ မောင်မောင်ခိုင်က ပြောသည်။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ရန်ကုန်ရှိအထူးကုဆေးရုံများတွင်သာမက ရန်ကုန်၊ မန္တလေးသို့ မလာနိုင်သည့် နယ်ဒေသများရှိ ပြည်သူများကို ကွင်းဆင်း ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးအတွင်း၌ ဇူလိုင် ၂၅ ရက်တွင် မကွေးမြို့၊ ဇူလိုင် ၂၆ ရက်တွင် မင်းဘူးမြို့တို့၌ ကုသပေးခဲ့ပြီး ပခုက္ကူဆေးရုံကြီး၌လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ဇေယျတု(မကွေး)**

ထင်သာမြင်သာပြုပြင်စရာ

## မလှိုင်မြို့နယ် မြို့မဈေးပတ်လည်တွင် ယာဉ်များရပ်နားထားခြင်းကြောင့် လမ်းကျပ်မှုများဖြစ်ပေါ်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် မြို့မစည်ပင်သာယာဈေးပတ်လည်တွင် ယာဉ်များရပ်တန့်ထားခြင်းကြောင့်လမ်းကျပ်တည်းမှုများဖြစ်ပေါ်နေကြောင်း သိရသည်။

"ဈေးအရှေ့ဘက်ခြမ်းက ဈေးအိမ်သာသွားတဲ့လမ်းနဲ့ ရပ်ကွက်(၁)နယ်မြေ(၇)ကိုသွားတဲ့လမ်းထောင့်မှာ အမြဲတမ်းကားတွေရပ်ထားလေ့ရှိတယ်။ လမ်းကလည်း ကျဉ်းတော့ ရှောင်တိမ်းဖို့ကလည်း မလွယ်ဘူး။ ဆိုင်ကယ်ကကျပ်၊ ကားက ကျပ်နဲ့အန္တရာယ်သိပ်များတာမို့ ဒီလိုလမ်း ချိုးလမ်းကွေ့တွေမှာ ကားတွေရပ်ထားတာကို သက်ဆိုင်ရာက တားမြစ်ပေးစေ ချင်ပါတယ်" ဟုနယ်မြေ(၇)နေဒေသခံတစ်ဦးက ပြောသည်။

"မလှိုင်တွင် ဘော်ဒါဆောင်တွေ၊ ကိုယ်ပိုင်ကျောင်းတွေက အပြင်ထွက်ခွင့်ပေးတဲ့နေ့တွေဆို ပိုပြီးကျပ်တယ်လေ။ အဲလိုနေ့မျိုးမှာ ဈေးနေ့နဲ့တိုက်လို့ကတော့ ပိုဆိုးတယ်။ သွားရေးလာရေးမလွယ်ကူတော့ဘူး" ဟု ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဈေးပတ်ဝန်းကျင်တွင် ယာဉ်၊ ဆိုင်ကယ်များရပ်တန့်ထားခြင်းကြောင့် သွားလာရေးခက်ခဲပြီး ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ရ၍ သွားလာရေးလွယ်ကူစေရေးအတွက် ပြုပြင်ပေးရန် ဒေသခံများမျှော်လင့်နေကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**



## သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေး ဆိုင်းဘုတ်တင်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၂၇**- ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးဆိုင်းဘုတ်စိုက်ထူပွဲကို ဇူလိုင်လတတိယပတ်ကကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာများတက်ရောက်ကြပြီး ဆိုင်းဘုတ်အားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ (ဝ၅၃)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၇-၇-၂၀၁၇

ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၂၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၅၀၀၀ |

စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)

| | | |
|---|---|---|
| ဒီဇယ် | ၆၅၀/၆၆၅ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၆၅၀/၆၇၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၇၀၀/၇၁၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၆၇၀/၆၈၅ ကျပ် | (လက်လီဈေး) |

နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၅၉၇ | ·၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ | ·၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၄၀ | ·၁၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၁၈ |
| တရုတ် | တစ်ယွမ် | ၂၀၁ | ·၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၃၁၈ | ·၈၃ |

မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*❊ ရှေ့ဖုံးမှ*

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန နှစ်ပတ်လည်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုသည်။

**အဂတိလိုက်စားမှုကင်းရှင်း**

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အတိုင်ပင်ခံရုံးဝန်ကြီးဌာန ထူထောင်ရသည့်အကြောင်းရင်းမှာ ရွေးကောက်ပွဲမတိုင်မီ ပြည်သူများထံ တင်ပြခဲ့သည့်မူဝါဒများကို အကောင်အထည်ဖော်ရန် အဓိကဖြစ်ပါကြောင်း၊ မိမိအနေဖြင့် နိုင်ငံကို အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဦးထိပ်ထားပြီး ပြည်သူများ၏ ဘဝတိုးတက်အောင် ကြိုးစားဆောင်ရွက်မည်ဟု တင်ပြခဲ့ပါကြောင်း။ ယင်းတင်ပြချက်များကို အကောင်အထည်ဖော်ရန် အဓိကတာဝန်မှာ အတိုင်ပင်ခံရုံးဝန်ကြီးဌာနဖြစ်ပါကြောင်း၊ ထို့ပြင် အဂတိလိုက်စားမှုကင်းရှင်းမှုသည်လည်း အရေးကြီးသည့် ရည်ရွယ်ချက်တစ်ခုဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ကျွန်မတို့ လုပ်နိုင်မှသာ ကျွန်မတို့ရဲ့ပြည်သူလူထုဟာ နိုင်ငံတော်အစိုးရအပေါ်မှာ ယုံကြည်မှုရှိမှာပါ။ နိုင်ငံတော်အစိုးရနဲ့ ပြည်သူလူထုကြားမှာ ယုံကြည်မှုမရှိရင် နိုင်ငံတစ်နိုင်ငံတိုးတက်ဖို့ဆိုတာ အင်မတန်မှ ခက်ခဲပါတယ်။ ဒါကြောင့် အတိုင်ပင်ခံရုံးဝန်ကြီးဌာနဟာ ပြည်သူ ပြည်သားတွေနဲ့ အစိုးရကြားမှာ ယုံကြည်မှုရှိအောင် တည်ဆောက်တဲ့နေရာမှာ အဓိကကျတဲ့ ဝန်ကြီးဌာနဖြစ်တယ်လို့ ပြောရင်လည်း မမှားပါဘူး။

**ပြောင်းလဲဖို့လို**

“ကျွန်မတို့ ရွေးကောက်ပွဲဝင်တဲ့အခါတုန်းက ပြောင်းလဲချိန်တန်ပြီဆိုပြီးတော့ ဝင်ခဲ့ပါတယ်။ အဲဒီလို ဆောင်ပုဒ်နဲ့ဝင်ခဲ့တော့ ပြောင်းလဲချိန်တန်ပြီဆိုသည်မှာ ပြောင်းလဲဖို့အဓိကက စိတ်ဓာတ်ပြောင်းလဲဖို့ ဖြစ်ပါတယ်။ ကျွန်မတို့ဟာ ဒီမိုကရေစီလှုပ်ရှားမှုကို စတင်ကတည်းက တချို့က ဒီမိုကရေစီတော်လှန်ရေးလို့ ပြောကြတယ်။ ကျွန်မတို့ တော်လှန်ရေးဟာ အကြမ်းဖက်တဲ့တော်လှန်ရေးမျိုး မဟုတ်ပါဘူး။ အဓိကကတော့ စိတ်ဓာတ်ပြောင်းလဲရေးပဲဖြစ်တယ်။ စိတ်ဓာတ်ကို မပြောင်းလဲဘဲနဲ့တော့ ဘာကိုမှ တကယ်ထိထိရောက်ရောက် ပြောင်းလဲနိုင်မှာ မဟုတ်ဘူး။ ကျွန်မတို့ စိတ်ဓာတ်ပြောင်းလဲဖို့ဆိုတာက ပြည်သူ ပြည်သားတွေ၊ နိုင်ငံသူ နိုင်ငံသားတွေ စိတ်ဓာတ်ပြောင်းလဲစေချင်တယ်ဆိုရင် ပထမဦးဆုံး အစိုးရဘက်ကနေပြီး စပြီးပြောင်းလဲဖို့ လိုပါတယ်။ အစိုးရဆိုတာဟာ ပြည်သူလူထုကနေ ရွေးချယ်တင်မြှောက်လိုက်တဲ့ ခေါင်းဆောင်တွေရှိသလို၊ နိုင်ငံ့ဝန်ထမ်းတွေလည်း ပါဝင်ပါတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူလူထုတွေက ရွေးချယ်တင်မြှောက်လိုက်တဲ့ ခေါင်းဆောင်တွေ ပူးပေါင်းပြီးတော့မှ အစိုးရထူထောင်နိုင်မှာပါ”ဟု ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောင်းလဲမှုဆိုတာက ဝန်ထမ်းများကစပြီး ပြောင်းလဲရန် လိုအပ်ပါကြောင်း၊ နှစ်ပေါင်းများစွာလုပ်ခဲ့သည့်အတိုင်း ဆက်ပြီးလုပ်ရန် မဖြစ်ပါကြောင်း၊ အမှန်တကယ်ပြောင်းလဲလိုပါက ပြောင်းလဲနိုင်ပါကြောင်း၊ စိတ်ဓာတ်ပြောင်းလဲခြင်းဆိုသည်မှာ လုပ်ချင်ပါက အမြန်ဆုံးဖြစ်ပြီး မလုပ်ချင်ပါက အခက်ဆုံးဖြစ်ပါကြောင်း။ နောက်ဆုံး မိမိဘယ်လောက်ဆန္ဒရှိသလဲ ဆိုသည့်အပေါ်တွင် မူတည်ပါကြောင်း ပြောကြားသည်။

**ရောင်ပြန်ဟပ်နိုင်**

ဆက်လက်၍ “ကျွန်မတို့ အတိုင်ပင်ခံရုံးဝန်ကြီးဌာနကို စပြီးတော့ ထူထောင်ခဲ့တာက ဘယ်လိုစိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်ရမယ်ဆိုတာ ကျွန်မတို့စဉ်းစားပြီးတော့မှ ဒီဌာနကို တည်ထောင်ခဲ့တာပါ။ ဒါပေမယ့်လည်း နိုင်ငံရဲ့မူဝါဒအရ၊ လောကရဲ့သဘောထားအရ မမျှော်မှန်းထားတဲ့စိန်ခေါ်မှုတွေလည်း ပေါ်လာတတ်ပါတယ်။ တကယ်ကို အလုပ်ပီပြင်တဲ့ တာဝန်ကျေပွန်စွာထမ်းဆောင်တဲ့ အရည်အချင်းရှိတဲ့ ဌာနများမှာ မမျှော်မှန်းနိုင်တဲ့ စိန်ခေါ်မှုတွေ ပြဿနာတွေပေါ်လာရင် ကိုင်တွယ်နိုင်ရမှာ ဖြစ်ပါတယ်။ မျှော်မှန်းထားတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေကိုပဲ ကိုင်တွယ်နိုင်ရင်တော့ ဒါက ပြီးပြည့်စုံတဲ့ အရည်အချင်းမဟုတ်ဘူးလို့ ပြောရမှာပဲ။ တစ်စိတ်တစ်ပိုင်းပဲ ပြည့်စုံတယ်လို့ ပြောရမယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရဲ့အလုပ်ချိန်နဲ့ ပတ်သက်လို့ တာဝန်ချိန်နဲ့ တာဝန်ထမ်းဆောင်မှုနဲ့ ပတ်သက်လို့ အားလုံးကို မျှော်မှန်းနိုင်ဖို့ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က ကမ္ဘာကြီးထဲက နိုင်ငံတစ်နိုင်ငံ ဖြစ်နေလို့ပါပဲ။ ကိုယ်နဲ့ ပတ်ဝန်းကျင်မှာဖြစ်နေတဲ့ကိစ္စတွေ ကိုယ့်ရဲ့အင်မတန်မှဝေးတဲ့ ဝေးလံတဲ့နေရာတွေမှာ ဖြစ်နေတဲ့ကိစ္စတွေတိုင်းဟာ ကိုယ့်နိုင်ငံအပေါ်မှာ ရောင်ပြန်ဟပ်နိုင်ပါတယ်။

“ဒါကြောင့် ဝန်ကြီးဌာနအသီးသီး၊ အစိုးရဌာနအသီးသီးဟာ ဖြစ်ပေါ်လာမယ့် ပြဿနာကို ကိုင်တွယ်နိုင်မယ့် အရည်အချင်း အင်မတန်မှ လိုအပ်ပါတယ်။ ဒါကိုလည်း ကျွန်မတို့ အလေးထားပြီးတော့ အတိုင်ပင်ခံဝန်ကြီးရုံးကို စပြီးတော့ ထူထောင်တဲ့အခါမှာ ကျွန်မတို့ မျှော်မှန်းထားတာရော၊ မမျှော်မှန်းထားတာရော ဘယ်လို ကျွန်မတို့ တွေ့ရမယ့် ပြဿနာတွေကို ရင်ဆိုင်ကျော်လွှားမယ်ဆိုတာကိုလည်း စဉ်းစားပြီးတော့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်”ဟု ပြောကြားသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် KG တန်းအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်** (သတင်းစဉ်)



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်** (သတင်းစဉ်)

**ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်**

ဆက်လက်၍ ပြည်သူ့အစိုးရဆိုသည်မှာ သုံးသပ်ဝေဖန်မှုကို မှန်မှန်ကန်ကန် သတ္တိရှိရှိနှင့် ရင်ဆိုင်ရန်ဖြစ်ပါကြောင်း၊ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရကို ပြည်သူကဝေဖန်ခြင်းကို မှန်မှန်ကန်ကန် ရင်ဆိုင်နိုင်ရမည်ဆိုသည်မှာ ပထမဦးဆုံး သုံးသပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ အထင်အမြင်၊ အယူအဆများကို လေးစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူများထံမှ မဲဆွယ် အမျိုးမျိုးစည်းရုံးခဲ့ပြီး အစိုးရဖြစ်သည့်အခါ ပြည်သူများ၏ဆန္ဒကို လျစ်လျူရှုခြင်းသည် အစိုးရကောင်းများ၏ အလုပ်မဟုတ်ပါကြောင်း၊ အဆိုရှိသည့်အတိုင်း အားလုံးကို တစ်ခဏ လှည့်ပြောင်းထား၍ရနိုင်ပြီး တချို့ကို ထာဝရလှည့်စားထား၍ရနိုင်သော်လည်း အားလုံးကိုတော့ ထာဝရလှည့်ဖြား၍ မရနိုင်ဘူးဆိုသည့်အဆိုကို မိမိတို့ ပို၍ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားနိုင်မည်ဆိုပါက ပြည်သူ၊ ပြည်သား၊ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးသည် တစ်ခဏ မှန်ကန်မှုဖြစ်နိုင်ပြီး အချို့သည် ထာဝရမှန်ခြင်းလည်း ဖြစ်နိုင်ကြောင်း၊ သို့သော် အားလုံးသည် ထာဝရမှန်ကန်ခြင်း မဖြစ်နိုင်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံ၏ လမ်းကြောင်းကို ထုတ်ပြန်ရာတွင် အများအကြိုက်ကို လိုက်၍မဖြစ်နိုင်ဘဲ အများအကြိုက်သည် မှန်သည်၊ မမှန်သည်ဆိုခြင်းကို မိမိတို့ မှန်မှန်ကန်ကန် သုံးသပ်နိုင်ရမည်ဖြစ်ပါကြောင်း၊ သုံးသပ်ချက်အပေါ် ရဲရဲဝံ့ဝံ့ဆုံးဖြတ်နိုင်ရမည်ဖြစ်ပါကြောင်း။

**နိုင်ငံအတွက်အသုံးချ**

မိမိတို့ အစိုးရအတွက်၊ နိုင်ငံအတွက် မျှော်မှန်းချက် မှန်မှန်ကန်ကန်ဖြင့် ပြည်သူပြည်သားများနှင့် လက်တွဲပြီး တိုးတက်အောင် အားလုံးဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် စံပြဖြစ်စေရန် လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ အားလုံးတွင် အားနည်းချက် အားသာချက်များ ရှိနိုင်ပါကြောင်း၊ သို့သော်လည်း နိုင်ငံအကျိုးအတွက် မိမိတွင်ရှိသည့် အရည်အချင်းနှင့် အစွမ်းအစအားလုံးကိုထုတ်ပြီး သုံးနိုင်သည့်အရည်အချင်းဖြစ်ရန် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် လေ့ကျင့်ယူကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ လေ့ကျင့်သည့်အတွက် အရည်အချင်းများ တိုးတက်လာမည်ဖြစ်ပါကြောင်း၊ အဆိုပါ အရည်အချင်းများကို မိမိအတွက်မစဉ်းစားဘဲ နိုင်ငံအတွက် အသုံးချနိုင်ရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများသိက္ခာရှိပြီဆိုလျှင် နိုင်ငံသိက္ခာရှိပါကြောင်း၊ ဝန်ထမ်းများအတွက် ပြည်သူလူထုက ဂုဏ်ယူနိုင်ပြီဆိုလျှင် နိုင်ငံအတွက်လည်း ဂုဏ်ယူနိုင်ပါကြောင်း ပြောကြားသည်။

**အတိုင်ပင်ခံရုံးကဦးဆောင်**

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က “ငြိမ်းချမ်းရေးရအောင် လုပ်ဖို့ဆိုတာလည်း ကျွန်မတို့ အတိုင်ပင်ခံရုံးရဲ့အဓိကရည်ရွယ်ချက်ပဲဖြစ်ပါတယ်။ အဲ့ဒီတော့ စောစောက ပြောသွားတဲ့အတိုင်း ငြိမ်းချမ်းရေး၊ အမျိုးသားရင်ကြားစေ့ရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူတွေရဲ့ဘဝတိုးတက်ရေး၊ စီးပွားရေးတိုးတက်ရေး အဲဒါတွေကို ဦးတည်ပြီးတော့ ကြိုးစားနေတဲ့အခါမှာ အတိုင်ပင်ခံရုံးကနေပြီးတော့ ဦးဆောင်ပြီးတော့ လုပ်ပေးရမယ်လို့ ကျွန်မတို့ ဒီလိုပဲခံယူထားပါတယ်။

**မျှော်မှန်းချက်ကို ဖြည့်ဆည်း**

“အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှာ အလုပ်လုပ်ရတဲ့ ဝန်ထမ်းများလည်း ဒီလိုအခွင့်အရေးရတာကို ဂုဏ်ယူစေချင်ပါတယ်။ ဝမ်းသာစေချင်ပါတယ်။ ဒီအခွင့်အရေးကို ယူပြီးတော့ တတ်နိုင်သမျှ ကိုယ့်အရည်အချင်းတွေ မြင့်မားလာအောင်လို့ ကြိုးစားစေချင်ပါတယ်။ အဲ့ဒီလို ကြိုးစားမယ်ဆိုရင် အရေးကြီးတာကတော့ ကျွန်မတို့ရဲ့မျှော်မှန်းချက်တွေသာမက ပြည်သူလူထုရဲ့ မျှော်မှန်းချက်ကို ဖြည့်ဆည်းပေးရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်မတို့နိုင်ငံ အေးချမ်းဖို့အတွက်၊ ကြည်လင်ဖို့အတွက်၊ ချမ်းသာဖို့အတွက် ဝိုင်းဝန်းပြီးတော့ ကြိုးစားပေးကြပါလို့ ကျွန်မ ဒီနေရာကနေ မေတ္တာရပ်ခံချင်ပါတယ်”ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက် အကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း ငြိမ်းချမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကို Video Clip ဖွင့်လှစ်ပြသသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များ၏ KG တန်း၊ အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းတို့တွင် ပညာသင်ယူနေကြသူများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက နိုင်ငံတော်အတိုင်ပင်ခံရုံး မိသားစုဝင်များ၏ အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်များတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**

# အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန၌ မိုးရာသီသစ်ပင်စိုက်ပျိုး



**နေပြည်တော် ဇူလိုင် ၂၇**

အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရုံးရှေ့မြက်ခင်းပြင်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် ဒုတိယဝန်ကြီး ဦးကျော်တင်က အာဆီယံသပြေပင်ကို လည်းကောင်း **(ဝဲပုံ)**၊ အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက ကံ့ကော်ပင်နှင့် ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူက ပိတောက်ပင်ကိုလည်းကောင်း စိုက်ပျိုးပေးခဲ့သည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများကလည်း ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုးနှင့် ကံ့ကော်တို့ကို သတ်မှတ်နေရာအသီးသီး၌ စိုက်ပျိုးကြသည်။

ယနေ့ကျင်းပသည့် အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့်အထိမ်းအမှတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်တွင် ကျွန်း၊ ပျဉ်းကတိုး၊ သပြေ၊ ပိတောက်၊ ကံ့ကော် စုစုပေါင်း အပင် ၁၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇူလိုင် ၂၇**

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေမည်။ **(မိုး/ဇလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇူလိုင် ၂၇ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၃ ကော်လံ ၂ ပုံစာပါ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ Country Director, Mr. Peter Batchelor အစား ဟီဘရူးတက္ကသိုလ်ပါမောက္ခ Prof. Ayal Kimhi ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**(သတင်းစဉ်)**



# လွှတ်တော်ရုံးများ၏ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး

**နေပြည်တော် ဇူလိုင် ၂၇**

လွှတ်တော်ရုံးများ၏ ၂၀၁၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် လွှတ်တော်ဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့က ကံ့ကော်ပင်ကို လည်းကောင်း၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် တို့က စကားဖြူပင်ကို လည်းကောင်း၊ လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီအတွင်းရေးမှူးများက ပျိုးပင်များကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး ၌ စိုက်ပျိုးပေးကြသည်။

ထို့နောက် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက စကားဖြူ၊ ကံ့ကော်၊ ခရေနှင့် ကျွန်းပင်များကို စုပေါင်းစိုက်ပျိုးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့က လိုက်လံကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်** (ဝဲပုံ) **နှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း** (ယာပုံ) **တို့က ကံ့ကော်ပင် စိုက်ပျိုးပေးကြစဉ်** (သတင်းစဉ်)



▲ *ကျောဖုံးမှ*

Mr. Kim Jung Hwan ၊ ကိုရီးယားသံရုံး Kotra မှ တာဝန်ရှိသူ Mr. AHM jaeyoung ၊ Posco Daewoo မှ မန်နေဂျင်းဒါရိုက်တာ Mr. Yoo Joon Won တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

"ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအတွင်း မကြာမီ ကျောင်းကားလုပ်ငန်း အများပိုင်ကုမ္ပဏီတစ်ခု ထူထောင်ဖို့ ရွေးချယ်ထားပြီးဖြစ်ပါတယ်။ ဒီကုမ္ပဏီရဲ့နာမည်ကတော့ Golden Hand(ရွှေလက်)ဖြစ်ပါတယ်။ ဒီကုမ္ပဏီအတွက် ရင်းနှီးမတည်ငွေကိုတော့ မထသကို ဖျက်သိမ်းစဉ်က လွှဲပြောင်းရရှိထားတဲ့ ငွေကျပ် ၅ ဘီလီယံကို သုံးစွဲသွားမှာဖြစ်ပါတယ်။ ဒီကုမ္ပဏီကိုလည်း ပြည်တွင်းက ပုဂ္ဂလိကကုမ္ပဏီတွေ၊ နိုင်ငံခြားကုမ္ပဏီတွေပါဝင်တဲ့ အများပိုင်ကုမ္ပဏီအဖြစ်ထူထောင်သွားမှာ ဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

အဆိုပါ ကိုရီးယားနိုင်ငံထုတ် ၂၈ ယောက်စီး HYUNDAI ကားများ ဝယ်ယူနိုင်ရေး ကိုရီးယားသံရုံး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ Kotra နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရတို့ အကြား ညှိနှိုင်းဆွေးနွေးကာ လောလောဆယ် ကားအစီး ၂၀၀ ကို တင်သွင်းဝယ်ယူခဲ့ကြောင်း၊ လက်ရှိ ကျောင်းကားအဖြစ် အသုံးပြုပြေးဆွဲနေသောLight truck နှင့် pick up ကားများနေရာတွင် အစားထိုးသွားမည်ဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျောင်းကားပြေးဆွဲနေသော ကျောင်းများအားလုံးတွင် ကျောင်းကားအသစ်များဖြင့် အစားထိုးသွားမည်ဖြစ်ကြောင်း သိရသည်။



ဇူလိုင် ၂၇ ရက်က အီဂျစ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညစာစားပွဲကို ရန်ကုန်မြို့ရှိ **Melia Yangon Hotel** ၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့် ဇနီး ဒေါ်သီသီတို့အား မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီး **H.E. Mr. Khaled Mohamed Abdelrahman Abdelsalam** ကြိုဆိုနှုတ်ဆက်စဉ် (သတင်းစဉ်)

## လူကုန်ကူးမှုနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

**တီးတိန် ဇူလိုင် ၂၇**

လူကုန်ကူးမှု/သက်ငယ်မုဒိမ်းနှင့် ယာဉ်စည်း၊ ကမ်းလမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို တီးတိန်မြို့နယ် အထက(၂) ကျောင်းခန်းမ၌ ဇူလိုင် ၂၇ ရက်က ကျင်းပခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးနေလင်းနှင့်အဖွဲ့က ပညာပေးဆွေးနွေး ဟောပြောပြီး ဟောပြောပွဲသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အထက(၂)မှ ကျောင်းဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **(မန်းကိုယ်ပွား)**



# တိုင်းဒေသကြီးဝန်ကြီးချုပ် မြိတ်ခရိုင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ဆွေးနွေး

**မြိတ် ဇူလိုင် ၂၇**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့်အတူ ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီတွင် မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညှော့်ရိပ်သာ အစည်းအဝေးခန်းမတွင် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ မြိတ်ခရိုင် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဝန်ထမ်းများအား လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့် ရှင်းလင်းပြောကြားခဲ့ပြီး ဒေသဖွံ့ဖြိုးရေး အတွက် ဌာနဆိုင်ရာများအနေဖြင့် အားကြိုးမာန်တက် ဆောင်ရွက်ပေးစေလိုကြောင်း၊ မြေယာကဏ္ဍတွင် ဥပဒေ လုပ်ထုံးလုပ်နည်းနှင့်အညီ အားလုံး ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း၊ မြို့တွင်း အိမ်မြေကွက်လပ်များတွင် ချုံနွယ်များ ရှင်းလင်းပြီး ပတ်ဝန်းကျင် သန့်ရှင်းရေး၊ ပြည်သူများ ကျန်းမာရေး ကောင်းမွန်စေရေးအတွက် စုပေါင်း သန့်ရှင်းရေးများကို ပြည်သူနှင့်အတူ ပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ကိုကိုက မြိတ်မြို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးနှင့် စည်ပင်သာယာရေး ဝန်ကြီး ဦးဟိုပင်က ထားဝယ်မြို့တွင် ဖြစ်ပွားခဲ့သည့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုအခြေအနေကို ရှင်းလင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်ငှက်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

**ခိုင်ထူး(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

အုပ်စုပွဲစဉ်များကို ဩဂုတ် ၁၄ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဩဂုတ် ၁၄ ရက်တွင် စင်ကာပူအသင်း၊ ဩဂုတ် ၁၆ ရက်တွင် လာအိုအသင်း၊ ဩဂုတ် ၁၈ ရက်တွင် ဘရူနိုင်းအသင်း၊ ဩဂုတ် ၂၁ ရက်တွင် အိမ်ရှင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များကို လေးပွဲဆက်တိုက် ကစားရမည်ဖြစ်ပြီး ရှေ့သုံးပွဲကို တစ်ရက်ခြား သုံးပွဲဆက်တိုက် ကစားရမည်ဖြစ်ရာ ပွဲပန်းမှုဒဏ်ကို ခံစားရဖွယ်ရှိနေသည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၂၇ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဩဂုတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ရန် စင်ကာပူအသင်းနှင့် အဖွင့်ပွဲမှာ အရေးပါလျက်ရှိပြီး အနိုင်ရမှသာ အခြေအနေကောင်းနိုင်မည်ဖြစ်သည်။ ထို့ပြင် နောက်ဆုံးပွဲကစားရမည့် မလေးရှားအသင်းနှင့် အုပ်စုနောက်ဆုံးပွဲအတွက် ရှေ့သုံးပွဲကို အနိုင်ရထားရန် လိုအပ်သလို အုပ်စုပထမနေရာအတွက် မလေးရှားနှင့်ပွဲတွင်လည်း အမှတ်ပြည့်ရရန် လိုအပ်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမနေရာ မျှော်လင့်ချက်အတွက် စင်ကာပူ၊ မလေးရှားတို့နှင့် ပွဲများမှာ အဆုံးအဖြတ် ဖြစ်လာနိုင်ပြီး အုပ်စုတွင်း တွေ့ဆုံမည့် အသင်းများအနက် မလေးရှား၊ စင်ကာပူ၊ ဘရူနိုင်းအသင်းတို့နှင့် ယခုလအတွင်း တွေ့ဆုံခဲ့ဖူးပြီး အာရှ ယူ-၂၃ ခြေစစ်ပွဲတွင် စင်ကာပူကို နှစ်ဂိုး-ဂိုးမရှိ၊ ဘရူနိုင်းကို သုံးဂိုး-ဂိုးမရှိတို့ဖြင့် အနိုင်ရထားပြီး မလေးရှားအသင်းကို ခြေစမ်းပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ထားသည်။

## ကြက်/ဘဲ အသားနှင့်ဥ နယ်ကျော်သယ်ယူလာမှု မရှိစေရေး စစ်ဆေးဆောင်ရွက်

**ရေဖြူ ဇူလိုင် ၂၇** - တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် ဖြစ်ပွားနေသော H5N1 ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်တားဆီးနိုင်ရေးအတွက် ဇူလိုင် ၂၇ ရက် နံနက်မှစ၍ ရေဖြူမြို့နယ်တွင် ကြက်ငှက်တုပ်ကွေးရောဂါ တားဆီးနိုင်ရေးအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်၊ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါက်တာမင်းဇင်ဦးနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ ထားဝယ်မြို့မှ ကြက်/ဘဲစျေးသည်များ ဝင်ရောက်လာနိုင်သည့် ညင်းထွေးတိုးဂိတ်၊ နတ်တွင်း၊ ပိန်းရှောင်၊ မူးဒူး စသည့်နေရာများတွင် ကြက်/ဘဲ ရောင်းချသူများ မဝင်ရောက်နိုင်ရေး တားဆီးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

ဇူလိုင် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန် သင်္ဃန်းကျွန်းစံပြဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူနေသော အသက် (၃၄)နှစ်အရွယ် အမျိုးသားတစ်ဦးသည် ယနေ့ နံနက် ၇ နာရီ ၁၅ မိနစ်တွင် လည်းကောင်း သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၅ ရက်မှ ယနေ့အထိ ချင်းပြည်နယ် မတူပီမြို့နယ်တွင် သံသယတုပ်ကွေးရောဂါ ၃၀၀ ခန့်အနက် ၁၀ ဦးသည် Seasonal Influenza A(H1N1) pdm 09 – Positive တွေ့ရှိခဲ့ပြီး Seasonal Influenza A(H1N1) pdm 09 ဖြင့် သေဆုံးသူမရှိကြောင်း၊ ဇူလိုင် ၁၉ ရက်မှစတင်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ခုတင် ၅၅၀ ဆံ့ ကလေးရောဂါအထူးကုဆေးရုံကြီး (ရန်ကင်း)၊ သင်္ဃန်းကျွန်းစံပြဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်ကလေးဆေးရုံကြီး၊ အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)၊ အထူးကုဆေးရုံကြီး(ရန်ကုန်)၊ အင်းစိန်အထွေထွေရောဂါကုဆေးရုံကြီး၊ မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ပြင်ပပုဂ္ဂလိကဆေးရုံတို့မှ လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်း ပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့်လူနာ ၃၉ ဦးအား ဆေးကုသမှုပေးခဲ့ရာ ၎င်းတို့အနက် ၁၉ ဦးတွင် Seasonal Influenza A(H1N1) pdm 09 – Positive တွေ့ရှိခဲ့ပြီး ယနေ့အထိ ခြောက်ဦးသေဆုံးခဲ့ကြောင်း၊ ပဲခူးအထွေထွေရောဂါကုဆေးရုံကြီးတွင် လတ်တလောပြင်းထန်အသက်ရှူလမ်းကြောင်းပိုးဝင်ရောဂါ (Severe Acute Respiratory Illness) ဖြင့်လူနာ တစ်ဦးအား ဆေးကုသမှုပေးခဲ့ရာ Seasonal Influenza A(H1N1) pdm 09 – Positive တွေ့ရှိခဲ့ပြီး Seasonal Influenza A(H1N1) pdm 09 ဖြင့် သေဆုံးမှုမရှိကြောင်း၊ ပြည်သူလူထုအနေဖြင့် နေ့စဉ်ထုတ်သတင်းစာများတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ချက်များ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာနှင့် Myanmar CDC facebook စာမျက်နှာများတွင် ထုတ်ပြန်ထားရှိသော ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းဆော်ချက်များကို လိုက်နာဆောင်ရွက်သွားကြရန်၊ တုပ်ကွေးဆန်သောရောဂါလက္ခဏာများ ဖြစ်ပွားလာပါက နီးစပ်ရာကျန်းမာရေးဌာနများသို့ ချက်ချင်းသတင်းပေးပို့ ကုသမှုခံယူရန်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၇

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား ယနေ့ နံနက် ၉ နာရီခွဲတွင် ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**

**နှစ်နိုင်ငံကူးလူးဆက်ဆံရေး**

ထိုသို့တွေ့ဆုံစဉ် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ တပ်မတော်နှစ်ရပ်အကြား ဆေးဘက်ဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ၊ အားကစားဆိုင်ရာ နယ်ပယ်အသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်သည့် အခြေအနေ၊ နှစ်နိုင်ငံကူးလူးဆက်ဆံရေး ပိုမိုတိုးတက်လာနိုင်မှုအခြေအနေများကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး H.E. Mr. Bhim K. Udas အား တွေ့ဆုံစဉ်** (သတင်းစဉ်)

# မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးမှုမှတစ်ဆင့် ကောင်းကျိုးရလဒ် ဆုံးဖြတ်ချက်များ၊ သဘောတူညီချက် နားလည်မှုများရရှိမည်

နေပြည်တော် ဇူလိုင် ၂၇

**မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် ပြန်ကြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီအပါအဝင် သတင်းမီဒီယာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (အောက်ပုံ)




ဆွေးနွေးပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မီဒီယာဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုများ၊ သတင်းမီဒီယာသမားများ၏ သတင်းရယူခွင့် တိုးတက်အောင်ဆောင်ရွက်ခဲ့မှုများ၊ ယခုတွေ့ဆုံပွဲတွင် သတင်းမီဒီယာတိုးတက်ရေးအတွက် သတင်းမီဒီယာသမားများ ကြုံတွေ့နေရသည့် ပြဿနာများ၊ ဖြစ်စေချင်သည့်ဆန္ဒများ၊ မဖြစ်စေချင်သည့်ဆန္ဒများကို စဉ်းစားဆွေးနွေးရန်၊ လျှော့ပေးနိုင်သည့် အတိုင်းအတာ၊ တောင်းဆိုရမည့်အချက်များကို ဆွေးနွေးပြီး အဖြေရှာရန်၊ ယခုဆွေးနွေးမှုမှတစ်ဆင့် ကောင်းကျိုးရလဒ်များ၊ ဆုံးဖြတ်ချက်များ၊ သဘောတူညီချက်များ၊ နားလည်မှုများရရှိလိမ့်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က နိုင်ငံတော်အစိုးရအနေဖြင့် သတင်းမီဒီယာကဏ္ဍကို အလေးထားဆောင်ရွက်လျက်ရှိသည့်နည်းတူ တပ်မတော်အနေဖြင့်လည်း တပ်မတော်ပိုင်မီဒီယာများမှတစ်ဆင့် တပ်မတော် သတင်းအချက်အလက်များကို ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးလျက်ရှိပါကြောင်း။

ထို့အပြင် တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဖွဲ့စည်း၍ သတင်းစီးဆင်းမှု မှန်ကန်မြန်ဆန်ချောမွေ့စေရေး ဆောင်ရွက်လျက်ရှိပြီး အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် အချိန်အားလပ်မှုအပေါ် မူတည်၍ သတင်းဌာနများကို လက်ခံတွေ့ဆုံခြင်း၊ နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်၏ အရေးအရာကိစ္စများနှင့်ပတ်သက်၍ သိလိုသမျှ မေးမြန်းချက်များကို ပြန်လည်ဖြေကြားပေးခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် အောင်ရဲဝင်းက တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့ ဖွဲ့စည်းထားရှိမှု၊ ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ဖွဲ့စည်းထားရှိမှု၊ တပ်မတော်၏ မီဒီယာအရေးအတွက်နှင့် ထုတ်လွှင့်မှုအစီအစဉ်များ၊ တပ်မတော်၏ သတင်းထုတ်လွှင့်မှု ဖေ့စ်ဘုတ်စာမျက်နှာများ၊ တပ်မတော်၏ အဓိကလုပ်ငန်းတာဝန်နှင့် အမျိုးသားရေးတာဝန်များ၊ တပ်မတော်မှ ပြည်သူ့ဆက်ဆံရေးကျင့်သုံးနေမှုအခြေအနေနှင့် မီဒီယာဆက်ဆံရေးအခြေအနေ၊ သတင်းစာရှင်းလင်းပွဲများဆောင်ရွက်ပေးခဲ့မှု၊ တပ်မတော်လေ့ကျင့်ရေးအစီအစဉ်များတွင် သတင်းမီဒီယာများအား ဖိတ်ကြားခဲ့မှု၊ မီဒီယာများသို့ အသိပေးပန်ကြားလိုသည့် အကြောင်းအရာများနှင့် စစ်ဆင်ရေးသတင်းထုတ်ပြန်ပေးမှု အခြေအနေများကို ပြောကြားသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက မီဒီယာများအနေဖြင့် ကျင့်ဝတ်ရှိပါကြောင်း၊ သတင်းတွင် မှန်ကန်ခြင်း၊ တိကျခြင်း၊ မျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ပြည်သူကို တင်ပြရန် လိုအပ်ပါကြောင်း၊ မိမိတို့၏တာဝန်ကို ထမ်းဆောင်ရာတွင် ကျန်မဏ္ဍိုင်ကြီး သုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် မအောင်မြင်နိုင်ပါကြောင်း၊ သတင်းတန်ဖိုးရှိသည့် ဖြစ်ရပ်တစ်ခု ဖြစ်ပေါ်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အချိန်မီ ဆက်သွယ်ပြီး အချက်အလက်များကို တောင်းခံရပါကြောင်း၊ ထို့အပြင် ၎င်းတို့၏ သဘောထားကို မေးမြန်းရပါကြောင်း၊ ထိုသို့မေးမြန်းရာတွင် သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းမပြုပါက မီဒီယာသမားများအနေဖြင့် ကျင့်ဝတ်ဖောက်ဖျက်ရန် ဦးတည်သွားနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ စာနယ်ဇင်းသမဂ္ဂ၊ မြန်မာဂျာနယ်လစ်ကွန်ရက်၊ တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့နှင့် မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီတို့မှ တာဝန်ရှိသူများက ဆွေးနွေးကြသည်။

ယနေ့ ဆွေးနွေးပွဲတွင် မီဒီယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် မီဒီယာများအကြား နားလည်မှုနှင့် ယုံကြည်မှုတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ သတင်းထုတ်ပြန်မှု လျင်မြန်ချောမွေ့ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၂၀-၇-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီအစည်းအဝေးတွင် ၁၉-၆-၂၀၁၇ ရက်နေ့မှ ၇-၇-၂၀၁၇ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ (၉) ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်း လုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ် (၁)ဦး၊ အထွေထွေ (၁၂) ဦး၊ ပေါင်း (၁၃ ) ဦးကို လည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူ (၆) ဦးကို လည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းနည်းဥပဒေများ ပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း (၁၄၄၆) ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း (၂၁၄၅) ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း (၇၅) ဦး၊ စုစုပေါင်းပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့်သတင်းအေဂျင်စီလုပ်ငန်း (၃၆၆၆) ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ဂျာနယ်ထုတ်ဝေခြင်းလုပ်ငန်း လျှောက်ထားသူနှစ်ဦးအား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲ ဖြစ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# အများပြည်သူသိရှိစေရန် အသိပေးကြေညာချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြည်သူများ စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို စားသုံးနိုင်ရန် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲ- ရန်ကုန်၊ ရန်ကုန်တိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနတို့နှင့်အတူ ဈေးကွက်များမှ အစားအသောက်များကို နမူနာဝယ်ယူ၍ စိစစ်လျက်ရှိပါသည်။

၂။ ဈေးကွက်များတွင် ရောင်းချလျက်ရှိသော ပဲသွေး ၉၅ ရာခိုင်နှုန်းတွင် အစားအသောက်၌ သုံးစွဲရန်ခွင့်မပြုသည့် ဖော်မလင်ကို အသုံးပြုထားကြောင်းနှင့် ထုတ်လုပ်သည့်လုပ်ငန်းအချို့သို့ ကွင်းဆင်းစစ်ဆေးချက်အရ အမဲသွေးအသုံးပြုကြောင်း သိရှိရပါသည်။

၃။ သို့ပါ၍ မုန့်ဖတ်အမျိုးမျိုး၊ ပဲပြား၊ ပဲသွေးထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချသူများသည် လုပ်ငန်းဆောင်ရွက်မှု ခွင့်ပြုချက်ဖြင့်သာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရန်၊ အစားအသောက်အမျိုးအစားမှန်ကန်စွာ အသိပေးရောင်းချရန်၊ အစားအသောက်တွင် သုံးစွဲရန်ခွင့်မပြုသည့် ဖော်မလင်လုံးဝအသုံးမပြုရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိက တည်ဆဲဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# လူမှုအဖွဲ့အစည်းကြီးဖွံ့ဖြိုးတိုးတက်ရေးတွင်သမိုင်း၏ အခန်းကဏ္ဍ

**သုတေသီ(သမိုင်း)**

ရာဇဝင်ကျမ်းများ၊ သမိုင်းကျမ်းများကို ဖတ်ရှုကြည့်ခြင်းအားဖြင့် ထိုခေတ်ကာလများ၏ နိုင်ငံရေးအခြေအနေများကို သိရှိနိုင်သကဲ့သို့ ခေတ်၏ စီးပွားရေး၊ လူမှုရေးပုံရိပ်များကိုလည်း ပုံဖော်နိုင်ပေသည်။ ထို့အပြင် ဖြတ်သန်းခဲ့သည့် သမိုင်းအတွင်းမှ သင်ခန်းစာများကိုရယူကာ အနာဂတ်တွင် သာယာလှပသည့် လူမှု အဖွဲ့အစည်းတစ်ရပ် ထူထောင်ရန် မှန်ကန်မြင့်မားသော အတွေးအခေါ်များကိုရရှိစေနိုင်ပြီး လူမှုအဖွဲ့အစည်းကြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် အထောက်အကူများစွာ ရရှိနိုင်ပေသည်။ ထို့ကြောင့် ရာဇဝင်ကျမ်းများ၊ သမိုင်းကျမ်းများသည် လူမှုအဖွဲ့အစည်းတွင် အရေးပါသော အခန်းကဏ္ဍ၌ တည်ရှိနေပြီး နိုင်ငံ၏အရေးအရာများ၌ ကောင်းစွာအကျိုးပြုနိုင်သည်ကို ယနေ့ပြည်သူများ သိသင့်သိအပ်လှပေသည်။

**အထူးလိုအပ်**

သို့ဖြစ်၍ ပြည်သူများအတွက် မှန်ကန်ကောင်းမွန်ပြည့်စုံခိုင်မာသော မြန်မာ့သမိုင်းကို ဖော်ထုတ်ပြုစုရန် လိုအပ်ပေသည်။ ယခင်က ပြုစုခဲ့သော မှတ်တမ်းများသည် ပြီးပြည့်စုံသည့် သမိုင်းမှတ်တမ်းများဟု မဆိုနိုင်ပေ။ နိုင်ငံတော်ကို တည်ဆောက်ခဲ့သည့် တည်ဆောက်ပြုပြင်မှတ်တမ်းများ၊ ရာဇဝင်လည်းမဟုတ်၊ သမိုင်းမှတ်တမ်းလည်းမဟုတ်၊ တည်ဆောက်ပြုပြင် မှတ်တမ်းများအဖြစ်နှင့်သာ များသောအားဖြင့် မြင်တွေ့နေရပေသည်။ တိုင်းရင်းသား ပြည်သူများ၏ လိုလားချက်ခံစားချက်များ၊ လူမှုစီးပွားဘဝအခြေအနေ မျှော်မှန်းချက်များ ပါရှိရန်လိုအပ်သည့်အပြင် တိုင်းရင်းသား ပြည်သူများ မျှော်မှန်းထားသော ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးကိစ္စများလည်း ပြည့်စုံစွာပါဝင်ရန် လိုအပ်ပေသည်။ ထိုသို့ မပြည့်စုံသော သမိုင်းများကို ပြည်သူအများက လေ့လာဖတ်ရှုရသည့်အတွက် မှားယွင်းသောအတွေးအခေါ်များ ဖြစ်ပေါ်စေနိုင်ကာ ပြည်သူတို့၏ လူမှုဘဝကို နိမ့်ပါးစေနိုင်ပါသည်။ ထို့ကြောင့် ပြည်သူအများ မှန်ကန်ကောင်းမွန်သော အတွေးအခေါ်မျိုး ဖြစ်လာစေရန် သမိုင်းဖြစ်ရပ်မှန်များ ဖြစ်ပေါ်လာရေးသည် အထူးလိုအပ်လျက် ရှိနေပေသည်။

ဤလိုအပ်လျက်ရှိနေသော ကွက်လပ်ကို ဖြည့်ဆည်းရန်အတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကျောက်ခေတ်မှစ ယနေ့ခေတ်အထိ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းကို ခိုင်မာမှန်ကန်သော အချက်အလက်အထောက်အထားများဖြင့် ပကတိအရှိကို အရှိအတိုင်း၊ အမှန်ကိုအမှန်အတိုင်း ပြုစုရေးသားထုတ်ဝေနိုင်ရန်နှင့် ထက်မြက်သည့် သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန် ရည်ရွယ်ချက်များထားရှိ၍ လက်ရှိမြန်မာ့သမိုင်းအဖွဲ့အား သမိုင်းပညာရှင်များဖြင့် ဒုတိယဥက္ကဋ္ဌ (၁)၊ ဒုတိယဥက္ကဋ္ဌ (၂)နှင့် အတွင်းရေးမှူးများ အပါအဝင် အချိန်ပြည့် ၁၆ ဦး၊ အချိန်ပိုင်းရှစ်ဦးအထိတိုးမြှင့်ဖြည့်စွက်ဖွဲ့စည်းခဲ့ပါသည်။ ထိုသို့ တိုးမြှင့်ဖွဲ့စည်းထားသည်ကို လေ့လာကြည့်ရှုရာတွင် ယခင်မြန်မာ့သမိုင်း အဖွဲ့ဝင်များသည်အသက်အရွယ်အားဖြင့် ၇၀ တန်းနှင့်အထက်များ ဖြစ်ကြပြီး ယခုတိုးမြှင့်ဖွဲ့စည်းလိုက်သော မြန်မာ့သမိုင်းအဖွဲ့ဝင်များတွင် ၆၀ ကျော်ဝန်းကျင် လူလတ်ပိုင်းများ ပါဝင်လာကြသည့်အတွက် လက်ဆင့်ကမ်းအမွေကို ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပေသည်။ ထို့အပြင် မြန်မာ့သမိုင်းအဖွဲ့အား အထောက်အပံ့ရစေရန်နှင့် လူငယ်မျိုးဆက်သစ်သမိုင်းပညာရှင်များ ပေါ်ထွန်းရန်အတွက် တစ်ဖက်တွင်လည်း သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနတည်ရှိနေသည်ကို တွေ့မြင်ရပေသည်။ ယင်းဦးစီးဌာနရှိ သမိုင်းသုတေသီများသည် အသက်အရွယ်အားဖြင့် ၅၀ တန်း၊ ၄၀ တန်း၊ ၃၀ တန်းဝန်းကျင်များဖြစ်ကြသည့်အတွက် လူသားအရင်းအမြစ်များကြား ကွက်လပ်မရှိစေရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ မြန်မာ့သမိုင်းအဖွဲ့တွင် အသက် ၆၀ ကျော်ဝန်းကျင်လူလတ်ပိုင်းများကို တိုးမြှင့်ဖွဲ့စည်းခြင်းသည်လည်း ကြားကွက်လပ်မရှိရေး စီမံဆောင်ရွက်ခဲ့ခြင်းဖြစ်သကဲ့သို့ ဖွဲ့စည်းရာတွင်လည်း မြန်မာ့သမိုင်းမှန်ကို ပြုစုရာတွင် အမှန်တကယ်လုပ်ဆောင်ကြမည့် သမိုင်းပညာရှင်ကြီးများ၏ ဆန္ဒဖြင့် လွတ်လပ်စွာရွေးချယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။

> **သမိုင်းကြောင်းမှန်များကို ဖော်ထုတ်ခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေး ဇာတိမာန်နှင့် အမျိုးဂုဏ်ထိန်းသိမ်းမည့် အတွေးအခေါ်မှန်များကို မြှင့်တင်ပေး နိုင်ရုံမက မြန်မာတိုင်းရင်းသားတို့၏ဂုဏ်၊ မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးကို လည်း မြှင့်တင်ပေးရာရောက်**

**သမိုင်းကျမ်းကြီး**

အဆိုပါ မြန်မာ့သမိုင်းအဖွဲ့သည် ပြည့်စုံခိုင်မာမှန်ကန်သည့် တစ်ဆက်တစ်စပ်တည်းသော သမိုင်းကျမ်းကြီးများ ပေါ်ထွန်းလာရေးကို အရှိန်အဟုန်ဖြင့် မောင်းနှင ဆောင်ရွက်သွားတော့မည်ဖြစ်ပေသည်။ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းဆိုသည်မှာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူမြို့ပြခေတ်တို့နှင့် အစပြုပြီး ပုဂံခေတ်၊ မြင်စိုင်း/ ပင်းယခေတ်၊ စစ်ကိုင်းခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ မုတ္တမ/ ဟံသာဝတီခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ် (ပထမပိုင်း)၊ ဂျပန်ခေတ်၊ ကိုလိုနီခေတ် (ဒုတိယပိုင်း)၊ ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ တော်လှန်ရေးကောင်စီခေတ်၊ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံခေတ်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကာလ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီကာလနှင့် ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကာလအထိ ဆက်စပ်ကာ တစ်ဆက်တစ်စပ်တည်းသောသမိုင်းကြောင်းကို ဆိုလိုပေသည်။

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ မြန်မာ့သမိုင်းအဖွဲ့နှင့် သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် မြန်မာ့သမိုင်းကို အထူးပြုလေ့လာသည့် တစ်ခုတည်းသော ဌာနဖြစ်သည်နှင့်အညီ ဤဌာနက ပုံနှိပ်ထုတ်ဝေသော စာအုပ်၊ စာစောင်များသည် ပြည်တွင်းသာမက နိုင်ငံတကာပညာရှင်များကပင် အထူးအလေးထား ဖတ်ရှုရသည်အထိ အရှိန်အဝါကြီးလှပေသည်။ ထိုသို့ အရှိန်အဝါ ကြီးမားလှသော ဌာနကြီးသည် ခိုင်မာပြည့်စုံမှန်ကန်သည့် တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း ဖြစ်ပေါ်လာစေရေးအတွက် ဖော်ပြပါအတိုင်း ခေတ်အသီးသီးခွဲကာ ခေတ်အလိုက် တာဝန်ခံပြုစုမည့် ခေါင်းဆောင်များထားရှိပြီး မြန်မာ့သမိုင်း အဖွဲ့ဝင်များက ကြီးကြပ်လမ်းညွှန်ကာ လိုအပ်သည်များ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အသစ်ရေးသားခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထိုမျှမက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကလည်း သမိုင်းသုတေသနလုပ်ငန်းကို အမျိုးသားရေး လုပ်ငန်းစဉ်အဖြစ် အလေးအနက်ထားရှိ၍ သမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းမမှန်များ မဖြစ်စေရန်နှင့် ဖြစ်ရပ်မှန်သမိုင်းများ ပေါ်ထွန်းလာရေးအတွက် ပကတိဖြစ်ရပ်မှန်အတိုင်း အရှိကိုအရှိအတိုင်း၊ ထိမ်ချန်ခြင်း ပြုပြင်ခြင်းမရှိစေဘဲရဲဝံ့စွာ ဖော်ထုတ်ရေးသားပြုစုရန် တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

**သမိုင်းကိုမြှင့်တင်**

သမိုင်းကို ဖျောက်ဖျက်ခြင်းသည် နိုင်ငံတော်ကို ဖျောက်ဖျက်ခြင်းပင် ဖြစ်ပေသည်။ သမိုင်းကို မြှင့်တင်ခြင်းသည် နိုင်ငံတော်ကိုမြှင့်တင်ခြင်းပင် ဖြစ်ပါသည်။ သမိုင်းကြောင်းမှန်များကို ဖော်ထုတ်ခြင်းအားဖြင့် မြန်မာတိုင်းရင်းသားတို့၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မြန်မာတိုင်းရင်းသားတို့၏ ဇာတိသွေးဇာတိမာန်နှင့် အမျိုးဂုဏ်ထိန်းသိမ်းမည့် အတွေးအခေါ်မှန်များကို မြှင့်တင်ပေးနိုင်ရုံမက မြန်မာတိုင်းရင်းသားတို့၏ဂုဏ်၊ မြန်မာတိုင်းရင်းသားတို့၏ တန်ဖိုးကိုလည်း မြှင့်တင်ပေးရာရောက်ပေသည်။

အဆိုပါ သမိုင်းဌာနကြီးက ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်စာရင်းများကို ကြည့်ပါက မြန်မာ့သမိုင်း သုတေသနစာစောင် အမှတ် (၃၁) အထိ ထုတ်ဝေမှုအပါအဝင် အမျိုးပေါင်း (၁၅၀) အုပ်ရှိသည်ကို တွေ့ရပေသည်။ ယင်းအနက် တစ်ဆက်တစ်စပ်တည်းသောမြန်မာ့သမိုင်းပေါ်ထွန်းရေးအတွက်အထောက်အကူရသော ပုံနှိပ်ထုတ်ဝေခဲ့သည့် စာအုပ်များကို ကြည့်လျှင်-

(၁) မြန်မာ့သတ္တုခေတ်ကာလ (ကြေးခေတ်၊ သံခေတ်) သမိုင်း
(၂) အလောင်းမင်းတရား
(၃) ဘုရင့်နောင်မင်းတရားကြီး၏ ဘဝ၊ အတွေးအခေါ်၊ ယုံကြည်ချက်များ
(၄) အနော်ရထာမင်းစော
(၅) မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ အပိုင်း (၁) (၁၈၈၅-၁၉၉၅)
(၆) ၁၉၄၅-၄၈ မြန်မာ့နိုင်ငံရေး
(၇) တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ (ပထမတွဲ)၊ (ဒုတိယတွဲ)
(၈) (၁၉၅၈-၁၉၆၂) မြန်မာ့နိုင်ငံရေး (ပထမတွဲ)၊ (ဒုတိယ တွဲ)၊ (တတိယတွဲ)၊ (စတုတ္ထတွဲ)
(၉) မြန်မာ့နိုင်ငံရေးစနစ်ပြောင်းကာလ (၁၉၆၂-၁၉၇၄) (ပထမတွဲ)၊ (ဒုတိယတွဲ)၊ (တတိယတွဲ)
(၁၀) ကုန်းဘောင်ခေတ် ကျေးလက်လူမှုစီးပွားဘဝ

ဟူ၍ တွေ့ရပေသည်။

ထို့အပြင် မြန်မာ့နိုင်ငံရေး (၁၉၀၆-၁၉၃၀)၊ မြန်မာ့နိုင်ငံရေး (၁၉၃၀-၄၂) နှင့် ဂျပန်ခေတ် မြန်မာနိုင်ငံရေး (၁၉၄၂-၄၅) စာအုပ်များသည်လည်း မူကြမ်းအဖြစ် ရေးသားပြီးစီးဖြစ်ပါသည်။ သမိုင်းသုတေသန ဦးစီးဌာနမှ နှစ်ကာလကြာရှည်စွာကတည်းက စုဆောင်းထားရှိခဲ့သော ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိစာမူကို ယခုနှစ် ဗိုလ်ချုပ်မွေးနေ့မတိုင်မီ စာအုပ်ထုတ်ဝေနိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် တိုင်းရင်းသားတို့၏ သမိုင်းကြောင်းဆိုင်ရာ အချက်အလက်များကို အတိုချုံးဖော်ပြနိုင်မည့် တိုင်းရင်းသားရက်စဉ်သမိုင်းများကို ပြုစုလျက်ရှိရာ တိုင်းရင်းသားရက်စဉ်သမိုင်းစာအုပ်များ ဆက်တိုက်ထုတ်ဝေလာနိုင်တော့မည်ဖြစ်ပါသည်။

**မကြာမီတွေ့မြင်နိုင်**

သို့ဖြစ်ပါ၍ မဝေးကွာသောကာလတွင် သမိုင်းချွန်၊ သမိုင်းကျွန်၊ သမိုင်းမမှန်များကို ဖော်ထုတ်၍ အမှားရှိလျှင်ပြင်၊ လိုအပ်တာရှိလျှင်ဖြည့်စွက်၊ မပြီးသေးတာကို ထပ်မံရေးသား၍ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းကို မကြာမီ တွေ့မြင်လာနိုင်မည်ဖြစ်ပါသည်။ ယင်းတစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းကို ပုံနှိပ်ထုတ်ဝေခြင်းဖြင့် ပြည်သူတို့အား သမိုင်းဆိုင်ရာအမြင်များကို တိုးပွားသိရှိလာစေပြီး မှန်ကန်သောအတွေးအခေါ်များထွက်ပေါ်လာနိုင်ကာ နိုင်ငံတော်အတွက် မောင်းနှင်အားသဖွယ် တည်ရှိလာမည်ကို သတိထားကြည့်ပါက သိမြင်နိုင်ပါသည်။ ထိုမှတစ်ဆင့် မှန်ကန်သော သမိုင်းကြောင်းမှ လူမှုအဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်သော အတွေးအမြင်သစ်များ ရရှိလာပေမည်။ မြန်မာတိုင်းရင်းသားပြည်သူများသည် သမိုင်းအသိ၊ သမိုင်းအမြင်ဖြင့် မှန်ကန်ပြည့်စုံခိုင်မာသော သမိုင်းကျမ်းများကို လေ့လာဖတ်ရှုခြင်းအားဖြင့် လူနေမှုဘဝ၏ ကောင်းကျိုးဆိုးကျိုးကို သမိုင်းဖြင့် ခွဲခြားသိရှိလာနိုင်ကာ အနာဂတ်လူမှုအဖွဲ့အစည်းကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်ကောင်းမွန်စွာ အသုံးချနိုင်မည်ဖြစ်ပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။

## ရေဝတီမြစ်ရေတက်၍ ထပ်မံပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုများအားထောက်ပံ့

**သရက် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မြို့နယ်အတွင်းရှိရပ်ကွက်များနှင့် ကျေးရွာများမှ ဧရာဝတီမြစ်ရေ မြင့်တက်၍ ရေလွတ်ရာသို့ ထပ်မံပြောင်းရွှေ့နေထိုင်ကြသည့် မိသားစုဝင်များအား ဆန်ဖိုးငွေနှင့် ရေသန့်ဆေးဖာများ လှူဒါန်းခြင်းကို ဇူလိုင် ၂၂ ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သွားရောက်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဆန်ဖိုးငွေနှင့် ရေသန့်ဆေးဖာများလှူဒါန်းရာတွင် ခရိုင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနအနေဖြင့် ရေကင်းလွတ်ရာသို့ ဇူလိုင် ၁၈ ရက်မှ ၂၁ရက်အထိ ထပ်မံ၍ ပြောင်းရွှေ့လာကြသည့် အိမ်ထောင်စု ၂၁၆ စုလူဦးရေ ၈၆၄ ဦးအတွက် ဆန် ခုနစ်ရက်စာဖိုးငွေကျပ် ၁၈၁၄၄၀၀ နှင့် ရေသန့်ဆေးဖာ ၅၁ ဖာတို့ကိုခရိုင်ဦးစီးအရာရှိက ပေးအပ်လှူဒါန်းရာသက်ဆိုင်သည့် အုပ်ချုပ်ရေးမှူးနှင့် ရေဘေးရှောင်ပြည်သူများက လက်ခံပေးခဲ့ကြောင်း သိရသည်။



**ဇော်ထက်(သရက်)**

## ကလေးငယ်များ၏ပညာရေးအတွက် အရစ်ကျချေးငွေထုတ်ပေးသွားမည်

**မြစ်ကြီးနား ဇူလိုင် ၂၇**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့တပ်ကုန်းအရှေ့မြောက်ရပ်ကွက် ရွှေလမ်းမကြီးဘေးတွင်ဖွင့်လှစ်ထားရှိသော ဗွီးရှင်းဖန်း(ဒ်)မြန်မာ(မြစ်ကြီးနား)ရုံးခွဲမှကလေးသူငယ်များအတွက် ပညာရေးချေးငွေများထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြစ်ကြီးနားမြို့တပ်ကုန်းရပ်ကွက်တွင် ဇူလိုင် ၂၄ ရက် က ဗွီးရှင်းဖန်း(ဒ်)မြန်မာ(မြစ်ကြီးနား)ရုံးခွဲဖွင့်လှစ်သည့်အခမ်းအနား၌ မြစ်ကြီးနားရုံးခွဲ မန်နေဂျာဦးလဆန်ကယင်းသို့ ပြောကြားခြင်းဖြစ်သည်။

"ချေးငွေပေးတဲ့နေရာမှာ စီးပွားရေးအခြေအနေပေါ်မူတည်ပြီးအရစ်ကျစနစ်နဲ့ပေးသွားမှာပါ။ငွေချေးယူချင်ရင်တော့ မှတ်ပုံတင်မိတ္တူနဲ့ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာပါရမယ်။ ငွေချေးပေးတဲ့နေရာမှာလည် အစုအဖွဲ့နဲ့တစ်ဦးချင်းစီးအလိုက် ထုတ်ချေးပေးသွားမှာပါ"ဟု ၎င်းကပြောသည်။

စီးပွားရေးလုပ်ငန်းအပေါ်မူတည်ပြီး ချေးငွေပမာဏကို တစ်သိန်းမှသိန်း ၅၀ အထိထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အတိုးနှုန်းကို တစ်လတစ်ကြိမ်(သို့မဟုတ်)နှစ်ကြိမ်အတိုးနှင့် အရင်းပေါင်းပြီး ၂ ဒသမ၅ ရာခိုင်နှုန်းပြန်လည်ပေးဆပ်သွားရမည်ဖြစ်ကြောင်း သိရသည်။

"ကလေးတွေရဲ့ပညာရေးချေးငွေအပြင် အရောင်းအဝယ်နှင့်စီးပွားရေးချေးငွေ၊ စိုက်ပျိုးရေး၊ အသေးစားတစ်နိုင်တစ်ပိုင်စိုက်ပျိုးရေးအထောက်အကူပြုချေးငွေ၊ ကလေးသူငယ်ဖွံ့ဖြိုးရေးချေးငွေ၊ လူမှုရေးချေးငွေတို့ကို ထုတ်ချေးပေးသွားမှာဖြစ်တယ်"ဟု ၎င်းကရှင်းပြသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

**တောတောင်ခြောက်ခန်း၊ လယ်ယာနွမ်း၏**

# အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့ကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြု

**နေပြည်တော် ဇူလိုင် ၂၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ကျင်းပရာ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၏ **စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ်စက်ရုံမှ ရရှိသော လျှပ်စစ်ဓာတ်အားခများထဲမှ တချို့တစ်ဝက်ကို မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံး ဒုက္ခရောက်ခဲ့ကြသည့် ဒေသခံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က မုန်းချောင်းရေအားလျှပ်စစ်စက်ရုံမှရရှိသော လျှပ်စစ်ဓာတ်အားခများထဲမှ တချို့တစ်ဝက်ကို မုန်းတမံတည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးခဲ့ကြသည့် ဒေသခံကျေးရွာများအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပေးရန်ကိစ္စသည် ဘဏ္ဍာရေး စည်းမျဉ်း၊ စည်းကမ်းများနှင့် ကိုက်ညီမှုမရှိပါကြောင်း။

### ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

ဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စု၏ ရန်ပုံငွေကို တောင်းခံ၍လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ရန်ပုံငွေများကို ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း၊ နိုင်ငံတကာချေးငွေများကို အသုံးပြု၍လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ကျေးလက်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်ပေးသည့်အခါတွင် စေတုတ္တရာမြို့နယ်အတွင်းရှိ ကျောက်ပုံ၊ ညောင်ကုန်း၊ ခဲချစ်ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၆ ဒသမ ၅ မိုင်၊ ၁၁/ ၀ ဒသမ ၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ နှစ်လုံးနှင့် ၁၆၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တို့ကို ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လာမည့်နှစ်များတွင်လည်း ထိုကဲ့သို့ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ၊ တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဦးမောင်မောင်
ထီးချိုင့်မဲဆန္ဒနယ်



ဒေါက်တာ ဦးလှမိုး
အောင်မြေသာစံ မဲဆန္ဒနယ်

ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော၏ **ရွှေကျင်ရေကာတာ တည်ဆောက်မှုကြောင့် နစ်နာဆုံးရှုံးသွားသည့် ဒေသခံပြည်သူများ၏ နစ်နာချက်များကိစ္စနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်းနှင့် တောင်သူများ နစ်နာမှုအတွက် ချထားပေးသည့် ဘဏ္ဍာငွေများအား မည်သည့်ကာလတွင် မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုကြောင်း** မေးခွန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နစ်နာကြေးရသင့်သည့်သူများ နစ်နာကြေးရရှိရန်နှင့် နစ်နာကြေးမရရှိသင့်သည့်သူများမှ နစ်နာကြေးများ ရယူသွားပါက နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများ လေလွင့်ဆုံးရှုံးနိုင်ပါသဖြင့် နစ်နာကြေးပေးအပ်ရာတွင် မှန်ကန်သော စာရင်းဇယားများ၊ အချက်အလက်များကို အခြေခံဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

စာရင်းဇယားများ တိကျမှန်ကန်စွာရရှိစေရေး စိစစ်ကြီးကြပ်ရေးအဖွဲ့က တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြန်လည်စိစစ်လျက်ရှိပါကြောင်း၊ စာရင်းဇယားများ အတိအကျ မသိရသေးသော်လည်း ဒေသခံပြည်သူများ၏ နစ်နာချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် ငွေကျပ် သန်း ၁၂၀၀ ကျော်အား ဘတ်ဂျက်ရရှိပြီး ဖြစ်ပါကြောင်း၊ စာရင်းဇယားများ စိစစ်ပြုစု၍ အတည်ပြုပြီးပါက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စီမံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး

ထို့ပြင် ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန်နှင့် ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက်တို့၏ ညှိနှိုင်းဖျန်ဖြေပေးရေးဆိုင်ရာ (Mediation Law) ရေးဆွဲရေး၊ သဘာဝဓာတ်ငွေ့နှင့် ဒီဇယ်၊ လောင်စာနှစ်မျိုးသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစက်ဝယ်ယူပြီး လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို သိလိုခြင်းဆိုင်ရာ မေးခွန်းများကိုလည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြသိန်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်တို့က ဖြေကြားခဲ့ကြသည်။

ထို့နောက် အောင်မြေသာစံ မဲဆန္ဒနယ်မှ ဒေါက်တာဦးလှမိုး တင်သွင်းထားသည့် **မြန်မာ့ပညာရေးပြုပြင်ပြောင်းလဲမှု အထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်မြင့်တင်နိုင်စေရန်အတွက် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) တစ်လိုင်း သီးခြားထုတ်လွှင့်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်က နိုင်ငံတစ်ဝန်းပညာရေးကဏ္ဍ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော နယ်စပ်ဒေသများပါမကျန် ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများအားလုံး ပညာရေးနှင့် ပတ်သက်သည့် မှန်ကန်သော သင်ကြားမှု၊ သင်ယူမှုစွမ်းရည် ရရှိစေရန်နှင့် သတင်းအချက်အလက်များ သိရှိရန်လိုပါကြောင်း၊ ရုပ်မြင်သံကြားသီးသန့် အခမဲ့လိုင်းမှ ထုတ်လွှင့်မည်ဆိုပါက တစ်နိုင်ငံလုံးရှိ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများအားလုံးစနစ်တကျ တစ်ပုံစံတည်းသင်ယူနိုင်မည်ဖြစ်ပါကြောင်း၊ ဆရာနှင့် ကျောင်းသားအချိုးမမျှတခြင်းသည် စာသင်ကြားရာတွင် သင်ကြားနည်းများ၊ စနစ်များ မည်မျှကောင်းကောင်း ထိရောက်သည့်သင်ကြားမှုကိုပေးနိုင်မည်မဟုတ်ပါကြောင်း ဆွေးနွေးသည်။

သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်က ပညာရေးဟူသည် မွေးဖွားလာချိန်မှအစပြုကာ ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်သင်ယူရမည့်အရာဖြစ်ပြီး နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အရင်းအနှီးဖြစ်ပါကြောင်း၊ ပညာရေးသည် ဆင်းရဲမွဲတေမှုကို လျော့ချ၍ သာတူညီမျှမှုရှိစေခြင်း၊ မိသားစုဝင်ငွေ မြင့်မားစေခြင်း၊ တစ်ဦးချင်းစီနှင့် မိသားစု ကျန်းမာရေး မြှင့်တင်ပေးခြင်း၊ ငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မာစေခြင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကြောင့် အမျိုးသားစည်းလုံးညီညွတ်မှုတွင် အဓိကအခန်းကဏ္ဍက ပါဝင်နေပါကြောင်း၊ ပညာရေးအထောက်အပံ့ဖြစ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်တင်နိုင်စေရန် အစိုးရ၏ ပညာရေးရုပ်မြင်သံကြားလိုင်း (Government Education TV Channel) လိုအပ်ပါကြောင်း၊ အချိန်နှင့်ငွေကုန်ကြေးကျသက်သာစေခြင်း၊ နေရာဒေသအသီးသီးမှ သင်ယူနိုင်ခြင်း၊ ကိုယ်လက်အင်္ဂါ မသန်စွမ်းသူများမှ အစပြု၍ လေ့လာနိုင်ခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် ပညာရေးရုပ်မြင်သံကြား တစ်လိုင်း ထုတ်လွှင့်ပေးရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ထို့ပြင် အဆိုနှင့်စပ်လျဉ်း၍ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာ ဦးအောင်ခင်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်နှင့် ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေတို့ကလည်း ဆွေးနွေးကြသည်။

### ဖတ်ကြားရှင်းလင်း

ယနေ့အစည်းအဝေးတွင် လွှတ်တော်အခွင့်အရေးကော်မတီက **"မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ဥပဒေကြမ်း"** တင်သွင်းခြင်း၊ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊ **အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း** နှင့် **ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း** တို့ကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူသည့်အတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၂ (ဂ)နှင့် (ဃ)တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**ကျော်သူထက်၊**
**မွေးကြူဇင်(သတင်းစဉ်)**

# ၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေအသစ်ကို ပြဋ္ဌာန်းပြီးဖြစ်၍ ရေခွန်ကြွေးကျန်များမရှိရေးနှင့် အပြည့်အဝကောက်ခံရရှိရေး ဆောင်ရွက်မည်

**နေပြည်တော် ဇူလိုင် ၂၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### လျာထားဆောင်ရွက်

အစည်းအဝေးတွင် ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးဖေ့တင်း၏ **ပလက်ဝမြို့နယ် ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်း လူကူးကြိုးတံတား အရှည်ပေ ၃၅၀ ကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဆက်ချိုင်ကျေးရွာနှင့် အထက်သဲမဝကျေးရွာအုပ်စုအတွင်းရှိ ကျောက်ခံကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကုလက်ချောင်း လူကူးကြိုးတံတားတည်ဆောက်ပါက ၎င်းဒေသတွင် နေထိုင်သည့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ၂၂ ရွာ၊ အိမ်ခြေပေါင်း ၁၆၇၇ အိမ်ရှိ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးအဆင့်အတန်းများ မြင့်မားလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဆက်ချိုင်ကျေးရွာရှိ ကုလက်ချောင်း လူကူးကြိုးတံတား အရှည်ပေ ၃၅၀ တည်ဆောက်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုရန်ပုံငွေတွင် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်မျိုး၏ **ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ၂၀၀၆ - ၂၀၀၇ ဘဏ္ဍာရေးနှစ် နွေစပါးစိုက်ပျိုးမှုမှစ၍ ကောက်ခံရန် ကျန်ရှိနေသော ရေခွန်ကြွေးကျန်များကို တောင်သူလယ်သမားများ နစ်နာမှုမရှိအောင်၊ သက်ဆိုင်ရာဌာနအနေဖြင့်လည်း ဘဏ္ဍာငွေအပြည့်အဝရရှိအောင် မည်သို့စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ၂၀၀၆ -၂၀၀၇ ခုနှစ်မှစတင်ပြီး ရေခွန်ကို နှုန်းထားသစ်ဖြင့်ပြောင်းလဲကောက်ခံခဲ့ရာ စုစုပေါင်းရေခွန်ပမာဏ၏ ၇၂ ဒသမ ၆၈ ရာခိုင်နှုန်း၊ ၂၀၀၇ - ၂၀၀၈ ခုနှစ်တွင် ၃၀ ဒသမ ၈၁ ရာခိုင်နှုန်း၊ ၂၀၀၈ - ၂၀၀၉ ခုနှစ်တွင် ၄ ဒသမ ၃၉ ရာခိုင်နှုန်း၊ ၂၀၀၉ - ၂၀၁၀ ခုနှစ်တွင် ၂ ဒသမ ၇၀ ရာခိုင်နှုန်း၊ ၂၀၁၀ - ၂၀၁၁ ခုနှစ်တွင် ၂ ဒသမ ၀၀ ရာခိုင်နှုန်း၊ ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် ၂ ဒသမ ၀၂ ရာခိုင်နှုန်းနှင့် ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် ၀ ဒသမ ၅၃ ရာခိုင်နှုန်းအထိ ကောက်ခံရရှိပြီး တစ်နှစ် ထက်တစ်နှစ် လျော့နည်းကောက်ခံရရှိခဲ့ပါကြောင်း။

### ရေခွန်ကောက်ခံရေးအဖွဲ့

နှစ်အလိုက် ကောက်ခံရရှိမှု အခြေအနေများအရ စုစုပေါင်းရေခွန်ကြွေးကျန်မှာ ငွေကျပ် ၂၃ ဒသမ ၁၂၅ ဘီလီယံအထိ ရှိခဲ့ပါကြောင်း၊



ဦးလှကျော်
ဒုတိယဝန်ကြီး



ဦးအောင်မျိုး
စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)

ထိုသို့ရေခွန်ကောက်ခံရရှိမှု အားနည်းလာသည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ရေခွန်နှင့် ရေခွန်ကြွေးကျန်များကို တာဝန်ယူကောက်ခံပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ကြွေးကျန်စာရင်းနှင့်အတူ လွှဲပြောင်းပေးရန် ညွှန်ကြားခဲ့ပါကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ၂၀၁၃ - ၂၀၁၄ ခုနှစ်မှ စတင်၍ ရေခွန်ကောက်ခံခြင်းအား တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များထံ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ အလားတူ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် **၂၀၁၇ ခုနှစ် ရေခွန်နှင့် တာတမံခွန်ဥပဒေ**အသစ်ကို ပြဋ္ဌာန်းပြီးဖြစ်၍ ပြဋ္ဌာန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ရေခွန်ကောက်ခံရေးအဖွဲ့များ ဖွဲ့စည်းပြီး ရေခွန်ကြွေးကျန်များမရှိရေးနှင့် အပြည့်အဝကောက်ခံရရှိရေးကို စီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ခေတ်အဆက်ဆက် ကျန်ရှိနေသည့် ရေခွန်ကြွေးကျန်များအား ပလပ်ပေးခြင်းသို့မဟုတ် ဖြေလျှော့ပေးခြင်း ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနအနေဖြင့် စိစစ်၍ ပြည်ထောင်စုအစိုးရအဖွဲ့ထံ ကျိုးကြောင်းညီညွတ်စွာဖြင့် တင်ပြဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

### ဦးစားပေးလျာထား

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးခွန်သိန်းဖေ၏ **ညောင်ရွှေမြို့နယ် တောင်ခြေမြင်းစခန့်ကျေးရွာအုပ်စုရှိ လွယ်ခေါ်ကျေးရွာ၊ လွယ်ခေါ်အင်းသားကျေးရွာ၊ မိုင်းသောက်ကျေးရွာအုပ်စုရှိ ပုံတယ်ကျေးရွာ၊ အင်းနီကျေးရွာနှင့် သလဲဦးကျေးရွာအုပ်စုရှိ သပြေကုန်းကျေးရွာ၊ သလဲဦးကျေးရွာ၊ အင်းကန်ပတ် ကတ္တရာလမ်းဆုံသို့ ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက်လမ်းမကြီးအား လာမည့်ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်အစိုးရမှ သတ်မှတ်ထားသည့် လမ်းရေိယာအကျယ်ပေအတိုင်း မြေသားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ညောင်ရွှေမြို့နယ်အတွင်းရှိ လွယ်ခေါ် - လွယ်ခေါ်အင်းသား - ပုံတယ် - အင်းနီ- သပြေကုန်း - သလဲဦး - ကန်ပတ်လမ်း ကျေးရွာချင်းဆက်လမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ သို့ရာတွင် ကျေးလက်ရေပေးရေး လုပ်ငန်းများအနေဖြင့် ညောင်ရွှေမြို့နယ်အတွင်းရှိ ကျေးရွာလေးရွာ၌ မြေသားရေလှောင်ကန် နှစ်ခု၊ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်းတစ်ခုနှင့် တွင်းနက်တစ်တွင်း တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ နှစ်အလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဦးစားပေးလျာထား တင်ပြမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

*စာမျက်နှာ ၉ သို့*

# မန္တလေးတိုင်းဒေသကြီးရှိ လုပ်ငန်းရှင်များနှင့် ပြည်ထောင်စုဝန်ကြီး တွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းရှင်များနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ ညနေ ၄ နာရီတွင် မန္တလေးမြို့ရှိ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့အစိုးရအနေဖြင့် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ထိထိရောက်ရောက် လုပ်ကိုင်နိုင်ရေး ပိုမိုအားပေးပါကြောင်း၊ အထူးသဖြင့် ပို့ကုန် ပိုမိုတိုးမြှင့်ရန်နှင့် သွင်းကုန် အစားထိုးနိုင်မည့်လုပ်ငန်းများကို ပိုမိုအားပေးသွားရန် ရည်ရွယ်ထားပါကြောင်း၊ အဆိုပါလုပ်ငန်းများ ရှင်သန်တိုးတက်စေရန် အခွန်မူဝါဒဖြင့် ကာကွယ်ထိန်းကျောင်းသွားမည် ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် မြန်မာနိုင်ငံအထက်ပိုင်းအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည့် အဓိကတိုင်းဒေသကြီးဖြစ်ပါသဖြင့် သွင်းကုန် အစားထိုးလုပ်ငန်းများ လုပ်ကိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များအား အရည်အသွေးမီ ကုန်စည်များ ထုတ်လုပ်လိုပါက မိမိတို့အစိုးရအနေဖြင့် မြေတောင်မြှောက်ပေးလိုပါကြောင်းနှင့် အဘက်ဘက်မှ ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများတွင် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် လုပ်ငန်းအစီအစဉ်များရှိပါက နိုင်ငံတော်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြနိုင်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြို့သာစက်မှုဇုန်စီမံကိန်း တည်ဆောက်နေမှုများ၊ ဆန်စပါးနှင့် ကြံစိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ငါးမွေးမြူရေးကိစ္စရပ်များကို ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရာသီတုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

❖ ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိပါသည်။
❖ ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းတွင်းသို့ ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်နိုင်ပါသည်။
❖ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်သည်။ ကူးစက်ခံရပါက ရောဂါပိုမိုပြင်းထန်တတ်ပါသည်။
❖ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ပါသည်။
❖ ရောဂါလက္ခဏာများမှာ - ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်ပါသည်။

**ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ပါသည်။**

❖ နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် ပါးစပ်နှင့် နှာခေါင်းကိုအုပ်၍ နှာချေ၊ ချောင်းဆိုးရန် တိုက်တွန်းအပ်ပါသည်။ (လက်ကိုင်ပဝါ၊ တစ်ရှူးနှင့် တစ်ခါသုံး ပါးစပ်နှာခေါင်းစည်းတို့ အသုံး ပြုနိုင်ပါသည်။)
❖ ရောဂါပိုးများသည် လက်တွင် ကပ်ငြိနေနိုင်သဖြင့် ချောင်းဆိုး၊ နှာချေ ပြီးချိန်နှင့် ရောဂါလက္ခဏာရှိသူများအား ထိတွေ့ ကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့် ဆပ်ပြာတို့ဖြင့် လက်ဆေးပါရန် တိုက်တွန်းပါသည်။
❖ တုပ်ကွေးရောဂါဖြစ်ပွားသူနှင့် နီးကပ်စွာနေထိုင်ခြင်း၊ လူထူထပ်သော နေရာများသို့ သွားလာခြင်းတို့ကို ရှောင်ကြဉ်သင့်ပါသည်။
❖ ရောဂါလက္ခဏာများပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်ပါသည်။

**မိမိတွင် တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူပါ။**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# ရာသီတုပ်ကွေးကာကွယ်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ နှိုးဆော်ချက်များ လိုက်နာဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၇**

ရာသီတုပ်ကွေးရောဂါသည် ယခုကဲ့သို့ မိုးရာသီနှင့် မိုးအကုန် ဆောင်းအကူးကာလများတွင် ဖြစ်ပွားလေ့ရှိရာ ရောဂါပိုးသည် လေထဲမှတစ်ဆင့် အသက်ရှူလမ်းကြောင်းအတွင်းသို့ဝင်ရောက်ပြီး တစ်ဦးမှတစ်ဦးသို့ လျင်မြန်စွာ ကူးစက်လျက်ရှိသည်။

ရာသီတုပ်ကွေးရောဂါကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာချေတိုင်း၊ ချောင်းဆိုးတိုင်း ရောဂါပိုးများကူးစက်မှုကို ဟန့်တားရန် တစ်ခါသုံး ပါးစပ်၊ နှာခေါင်းစည်းတို့ အသုံးပြုမှုများလည်း ပြည်သူများအကြားတွင် ရေပန်းစားလာလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လတ်တလောပြည်သူများအကြား စိုးရိမ်မှုဖြစ်လျက်ရှိသလို ယခုအခါတွင် နယ်မြို့နယ်များအထိပါ စိုးရိမ်မှုများ ပိုမိုဖြစ်ပေါ်လာလျက်ရှိရာ ရာသီတုပ်ကွေး (Seasonal Influenza) A(H1N1) ကြိုတင်ကာကွယ်ရန် နှာခေါင်းစည်းများကို လိုက်လံဝေငှလျက်ရှိသည်ဟု သတင်းများအရ သိရသည်။

ထိုသို့သုံးစွဲရာတွင် ပြည်သူများအနေဖြင့် သာမန်နှာခေါင်းစည်းများအစား N95 အမျိုးအစား နှာခေါင်းစည်းများကို အဓိကသုံးစွဲသင့်ကြောင်း အသိပေးမှုများလည်း ပြုလုပ်မှုရှိသလို အဆိုပါ N95 နှာခေါင်းစည်းများ သုံးစွဲခြင်းသည် သာမန်လူများအတွက် အနည်းငယ်ထိခိုက်မှုများ ရှိနိုင်ကြောင်း၊ သို့သော် ကျန်းမာရေးဝန်ထမ်းများနှင့် ရောဂါကူးစက်သူများသာ သုံးစွဲရန်သင့်လျော်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းထွန်းအောင်က ပြောသည်။

"ဒီ N95 က ပုံမှန်လူတွေ သုံးလို့တော့မရဘူး။ ဆေးရုံဝန်ထမ်းတွေရယ်၊ တကယ်ကူးစက်တဲ့ ပြင်းထန်စွာ ခံစားနေရတဲ့သူတွေသာ သုံးသင့်တာ။ N95 က ပြင်းထန်တော့ သာမန်လမ်းသွား လမ်းလာသူတွေသုံးရင် အသက်ရှူမွန်းကျပ်တာမျိုးတွေ ဖြစ်နိုင်တယ်။ လူတွေက စိုးရိမ်စိတ်တွေများပြီး ကာကွယ်နေကြတယ်။ အခန့်မသင့်ရင် မူးလဲသွားတာမျိုးတွေလည်း ဖြစ်နိုင်ပါတယ်" ဟု ဒေါက်တာ သန်းထွန်းအောင်က မှတ်ချက်ပြုပြောသည်။ ရာသီတုပ်ကွေး A(H1N1) ကူးစက်ပြန့်ပွားနှုန်းကို ကာကွယ်နိုင်ရန်အတွက် လူမှုအဖွဲ့အစည်းများက N95 နှာခေါင်းစည်းများကို ဇူလိုင် ၂၈ ရက်မှ စတင်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ထို့အပြင် ရန်ကုန်မြို့ဆေးရုံတချို့တွင် လူနာစောင့်များ၊ ကလေးငယ်များ၊ သူနာပြုများနှင့် ဆရာဝန်များထံ N95 နှာခေါင်းစည်းများကို လူမှုအဖွဲ့အစည်းတချို့က ဝေငှပေးမည်ဖြစ်ကြောင်း သိရသည်။ ရာသီတုပ်ကွေးသည် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါခံစားနေရသူများသို့ ပိုမိုကူးစက်နိုင်ပြီး ကူးစက်ခံရပါက ရောဂါ ပိုမိုပြင်းထန်တတ်ကာ အသက်အန္တရာယ် ထိခိုက်သည်အထိ ဖြစ်စေနိုင်ကြောင်း သိရသည်။




**ကျန်းမာရေးလုပ်ငန်းသုံးအဖြစ် FDA အသိအမှတ်ပြု 3M - 8612F အမျိုးအစား N95 နှာခေါင်းစည်း**

ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာစေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ နုံးခွေခြင်းစသည်တို့ ဖြစ်လာပြီး အဆိုပါ ရောဂါလက္ခဏာများ ပေါ်ပေါက်ပါက လုံလောက်စွာအနားယူခြင်း၊ အရည်များများသောက်သုံးခြင်း၊ ကိုယ်ပူချိန်မြင့်မားပါက ရေပတ်တိုက်ခြင်းတို့ကို ဆောင်ရွက်ရန်လိုအပ်သည်။ တုပ်ကွေးရောဂါလက္ခဏာများဖြစ်ပွားပါက ဆေးရုံ/ဆေးခန်းတို့တွင် ကုသမှုခံယူရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကလည်း အသိပေးနှိုးဆော်ထားသည်။

**တင်မောင်လွင် (မြန်မာ့အလင်း)**

# တိုက်ကြီး၌ ရာသီတုပ်ကွေး သံသယရှိသူတစ်ဦး ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသ

**တိုက်ကြီး ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံတွင် ယနေ့ နံနက် ၁၀ နာရီခန့်က ရင်တိုက်ကွင်းကျေးရွာမှ ဦးဖိုးဖြူ (၄၈ နှစ်)သည် ရာသီတုပ်ကွေးဖြစ်၍ လာရောက်ကုသရာ အဆိုပါလူနာသည် မောပြီး အသက်ရှူကျပ်နေသဖြင့် တိုက်ကြီးဆေးရုံအုပ် ဒေါက်တာ သန်းမြင့်က H1N1 ဖြစ်ပွားမှု သံသယရှိသဖြင့် ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ဦးဖိုးဖြူသည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရာမှ မြန်မာနိုင်ငံသို့ပြန်ရောက်လာသည်မှာ ၁၅ ရက် ခန့်ရှိပြီး ရာသီတုပ်ကွေးဖြစ်သည်မှာလည်း ၁၅ ရက်ခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

# ပြည်မြို့၌ H1N1 ရောဂါတွေ့ရှိခြင်းသတင်း မဟုတ်မှန်

**ပြည် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် H1N1 လူနာတစ်ဦးတွေ့ရှိသဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်ပို့လိုက်ကြောင်း လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့နေသဖြင့် လူအများထိတ်လန့်နေကြောင်းသတင်းမှာ မဟုတ်မှန်ကြောင်းနှင့် သတင်းမှားဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အမှန်မှာ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုကျေးရွာအုပ်စု ပြင်ကြီးကျေးရွာမှ ဦးဝင်းသန်း (၅၀ နှစ်)သည် အသည်းအဆီဖုံးနှင့် နှလုံးရောဂါကြောင့် အသက်ရှူကျပ်၍ ဇူလိုင် ၂၆ ရက် နံနက်က ပြည်မြို့လောကပါလ ပုဂ္ဂလိကဆေးရုံသို့ တက်ရောက်ကုသခြင်းဖြစ်ကြောင်း သိရသည်။

**အောင်မြင့် (ပန်းတောင်း)**

# ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှ ရာသီတုပ်ကွေးရောဂါ H1N1 နှင့်ပတ်သက်၍ ဆေးရုံများတွင် စောင့်ကြပ်ကြည့်ရှုခြင်းနှင့် ကာကွယ်ကုသရေးလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီက မုံရွာမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး ခန်းမဆောင်တွင် ပြုလုပ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ရောဂါနှိမ်နင်းရေး၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်ကုသရေးဦးစီးဌာနများ ပူးပေါင်း၍ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

"စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ H1N1 မဖြစ်သေးပေမယ့် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ စောင့်ကြည့်ခြင်းလုပ်ငန်းတွေနဲ့ အကယ်၍ ဖြစ်လာခဲ့ရင် ဘယ်လိုဆက်လုပ်မလဲ ဆိုတာတွေ၊ ဘယ်လိုသတင်းပို့ကြမလဲဆိုတာ တစ်ယောက်နဲ့ တစ်ယောက် မြို့နယ်နဲ့ခရိုင်၊ တိုင်းဒေသကြီးအဆင့်တွေ အချိတ်အဆက်မိမိ ဆောင်ရွက်ဖို့တွေကို ညှိနှိုင်းကြတာဖြစ်ပါတယ်" ဟု မုံရွာပြည်သူ့ဆေးရုံကြီးမှ ဒေါက်တာ ဝင်းဝင်းဌေးက ပြောသည်။

**မျိုးဝင်းထွန်း (မုံရွာ)**

**ကော့သောင်း**

မြန်မာ-ထိုင်းနယ်စပ်မြို့ဖြစ်သည့် ကော့သောင်းခရိုင် ပြည်သူ့ဆေးရုံကြီးတွင် H1N1 သံသယရှိလူနာနှစ်ဦး တွေ့ရှိရသည် ဆိုသည့် လူမှုကွန်ရက်စာမျက်နှာတချို့၌ ပျံ့နှံ့လျက်ရှိသဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် တာဝန်ရှိအဖွဲ့အစည်းများက သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် သံသယရှိသည်ဟု ထင်မြင်ပြောဆိုခံရသည့် လူနာနှစ်ဦးအား ခရိုင်ဆရာဝန်ကြီး ဒေါက်တာ နေလင်းနှင့် တာဝန်ရှိ ကျန်းမာရေးဝန်ထမ်းများက လိုက်လံတွေ့ဆုံ ရှင်းလင်းပြသပေးသည်။ မေးမြန်းစုံစမ်းချက်အရ တောနယ်ဘက်မှ ဆေးရုံတက်လာသည့် အသက်ကြီးပိုင်း အမျိုးသမီး တစ်ဦးနှင့် အသက် ၆၀ ကျော် အမျိုးသားတစ်ဦးဖြစ်ပြီး သာမန်ဖျားနာခြင်းသာလျှင် ဖြစ်ကြောင်း၊ သေချာတိကျသည့် ရောဂါရှာဖွေစစ်ဆေးတွေ့ရှိချက်များအရ H1N1 ရောဂါပိုး တွေ့ရှိရခြင်းမရှိကြောင်း ခရိုင်ဆရာဝန်ကြီး ဒေါက်တာ နေလင်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့အပြင် ကြက်ငှက်တုပ်ကွေး H5N1ရောဂါနှင့် H1N1 ရောဂါကူးစက်မှုမဖြစ်ပွားရေး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၊ ကျန်းမာရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပါဝင်သောပူးပေါင်းအဖွဲ့ဖြင့် ကြိုတင်ကာကွယ်မှုအနေဖြင့် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းက ကွင်းဆင်းစစ်ဆေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

**ဟားခါး**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ဇူလိုင် ၂၅ ရက်မှ ၂၆ ရက်အထိ ဟားခါးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများ၌ ခြင်ဆေးဖျန်းပေးခြင်းကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ ခြင်ဆေးဖျန်းလုပ်ငန်းများကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ မြို့နယ်စည်ပင်သာယာနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**



**ပူးပေါင်းအဖွဲ့များက ကော့သောင်းမြို့မဈေးအတွင်းရှိ ကြက်ဥနှင့် ကြက်သားအရောင်းဆိုင်များကို စစ်ဆေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ်** ဓာတ်ပုံ- ကျော်စိုး (ကော့သောင်း)

**မင်းတပ်**

H1N1တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင်၂၇ ရက် နံနက် ၈ နာရီက ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဆလိုင်းအိုက်ဇက်ခင်က သက်ဆိုင်ရာဌာနများ၊ NGO များနှင့် အရပ်ဘက်ပြည်သူများက H1N1 တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းအား ပူးပေါင်းဆောင်ရွက်သွားရမည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။ ထို့နောက် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်စွာလွင်က ကျန်းမာရေးအသိပညာပေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်မှုများနှင့် အကယ်၍ ရောဂါလက္ခဏာရှိသူ ဆေးရုံသို့ရောက်ရှိလာပါက ကူးစက်မှုမရှိရေး၊ လူနာသီးသန့်ခန်းများ ကြိုတင်ပြင်ဆင်ထားရှိပြီး ကုသပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

**(ခရိုင် ပြန်/ဆက်)**

*အမျိုးသားလွှတ်တော်မှ*

ထို့ပြင် ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ် (၈) မှ ဒေါ်မမလေးနှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုသည်။

အဆိုပါ ဥပဒေကြမ်းအား လွှတ်တော်မှ အတည်ပြုပေးရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၉)မှ ဦးမြမင်းဆွေက ထောက်ခံဆွေးနွေးပြီး လွှတ်တော်ကအတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် **မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**အား ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်စိုးက လွှတ်တော်သို့တင်သွင်းပြီး အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါက်တာ မြတ်ညဏစိုးက လွှတ်တော်သို့ ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း** အား ပြည်သူ့လွှတ်တော်က အမျိုးသားလွှတ်တော်၏ အတည်ပြုချက်အတိုင်း ပြန်လည်ပေးပို့လာကြောင်း လွှတ်တော်သို့ အသိပေးတင်ပြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် **ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာ** ကို ကော်မတီဝင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၈)မှ ဒေါ်အိအိပြုံးက လွှတ်တော်သို့ ဖတ်ကြားတင်သွင်းရာ လွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် **အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာ** နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ) တို့က အကြံပြုဆွေးနွေးကြပြီး အစီရင်ခံစာ နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးပါရန် ကော်မတီဥက္ကဋ္ဌ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးသိမ်းဆွေက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့အတူ အမျိုးသားလွှတ်တော် **အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀) မှ နော်လှလှစိုးနှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၉)မှ ဒေါက်တာ ဇော်လင်းထွဋ်တို့က အကြံပြုဆွေးနွေးကြသည်။

**အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီ၏ အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးပါရန် ကော်မတီဥက္ကဋ္ဌ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ဦးမင်းဦးက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

အလားတူ အမျိုးသားလွှတ်တော် **နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီ၏ အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးဝင်းကြိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ) သန်းစိုး(ဘောဂဗေဒ)နှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးတို့က အကြံပြုဆွေးနွေးကြပြီး **အစီရင်ခံစာ** နှင့်စပ်လျဉ်း၍ လွှတ်တော်မှ အတည်ပြုပေးပါရန် ကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါက်တာဒွေးကြွယ်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမ ပုံမှန် အစည်းအဝေး ၃၄ ရက်မြောက်နေ့ကို ဇူလိုင် ၂၈ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။ **သူရဇော်၊ မီမီဖြိုး(သတင်းစဉ်)**

## ရေကြီးရေလျှံမှုဖြစ်ပွားသည့် မြို့နယ်ပေါင်း ၅၁ မြို့နယ်မှ ရေဘေးအိမ်ခြေ ၅၅ လုံးနှင့် ယာယီပြောင်းရွှေ့ အိမ်ထောင်စု ၃၄၈၂၃ စု၊ လူဦးရေ ၁၃၉၈၇၇ ဦးရှိခဲ့ပြီး လူသုံးဦး သေဆုံး

**နေပြည်တော် ဇူလိုင် ၂၇**

ဇွန်လလယ်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် မြစ်ရေတိုးခြင်းတို့ကြောင့် တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ရာ ဇူလိုင် ၁ ရက်မှ ၂၅ ရက်အတွင်း မြို့နယ်ပေါင်း ၅၁ မြို့နယ်မှ ရေမျှောပါသည့် အိမ်ခြေ ၅၅ လုံးနှင့် ရေဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့ရသည့် အိမ်ထောင်စု ၃၄၈၂၃စု၊ လူဦးရေ ၁၃၉၈၇၇ ဦးရှိခဲ့ပြီး လူသုံးဦး သေဆုံးခဲ့သည်။



ငွမြို့နယ်၌ ရေကြီးရေလျှံမှုဖြစ်ပွား၍ နေအိမ်များ ရေနစ်မြုပ်မှုကို တွေ့ရစဉ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများသည် ရေဘေးလွတ်ကင်းရာနေရာများသို့ ယာယီပြောင်းရွှေ့နေကြရသည်။ ယခုအခါ အချို့နေရာများတွင် ရေများပြန်လည်ကျဆင်းသွားပြီ ဖြစ်သဖြင့် မိမိတို့၏ မူလနေရာများသို့ ပြန်လည်ပြောင်းရွှေ့သူများရှိသကဲ့သို့ ယာယီကယ်ဆယ်ရေးစခန်းများတွင် ကျန်ရှိသည်များလည်းရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကယ်ဆယ်ရေးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းဖိုး၊ ဆန်ရိက္ခာဖိုးနှင့် သေဆုံးသူများအတွက် ထောက်ပံ့ခြင်းအပါအဝင် စုစုပေါင်းငွေကျပ်သိန်း ၂၀၈၇၆၂၉၂၈ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် ထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**

## ရေဘေးသင့်ပြည်သူများအတွက် ရဲတပ်ဖွဲ့ဝင်များက ဆန်နှင့် သောက်ရေသန့်ဘူးများ သွားရောက်လှူဒါန်း

**နေပြည်တော် ဇူလိုင် ၂၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် သပြေတောကျေးရွာ၊ ပေတောကျေးရွာ၊ မလွန်ကျေးရွာနှင့် ညောင်ပင်သာကျေးရွာတို့ရှိ ရေဘေးသင့်ပြောင်းရွှေ့အိမ်ထောင်စု ၆၂ စု၊ စုစုပေါင်းလူဦးရေ ၂၄၃ ဦးတို့အတွက် ဇူလိုင် ၂၆ ရက်က မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထင်အောင်လင်းဦးစီးသည့် တပ်ဖွဲ့ဝင်များက တစ်အိမ်ထောင်လျှင် ဆန်တစ်ပြည်၊ ရေသန့်ဘူးကြီးနှစ်ဘူးနှုန်းဖြင့် ဆန် ၆၂ ပြည်၊ ရေသန့်ဘူးကြီး ၁၂၁၄ ဘူးတို့အား အိမ်တိုင်ရာရောက် သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရေစကြိုမြို့နယ်တွင်းရှိ မြစ်ရေဝင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**ရေစကြို ဇူလိုင် ၂၇**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မြစ်ရေဝင်ရောက်သဖြင့် ယာယီပိတ်ထားရသောကျောင်းများ ပြန်လည်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေနှင့် ဧရာဝတီမြစ်ရေဝင်ရောက်မှုတို့ကြောင့် ထက်၊ လယ်၊ မူ ကျောင်းပေါင်း ၈၉ ကျောင်း ယာယီပိတ်ထားရပြီး မြစ်ရေပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ဇူလိုင် ၂၄ရက်မှစ၍ ကျောင်းများပြန်လည်ဖွင့်လှစ်လျက်ရှိရာ ယနေ့အထိ အထက်တန်းအဆင့်နှစ်ကျောင်း၊ အလယ်တန်းအဆင့် ၁၈ ကျောင်း၊ မူလတန်းအဆင့် ၂၆ကျောင်း စုစုပေါင်း ကျောင်းပေါင်း ၄၆ ကျောင်းကို ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိပြီး အထက်တန်းအဆင့် ခုနစ်ကျောင်း၊ အလယ်တန်းအဆင့် ကျောင်း ၂၀ ၊ မူလတန်းအဆင့် ၁၆ကျောင်း စုစုပေါင်း ၄၃ ကျောင်း ဖွင့်လှစ်ရန်ကျန်ရှိနေသေးသည်ဟု မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

## မြောက်ဦး၊ မင်းပြား၊ ကျောက်တော်မြို့နယ် ကျေးရွာများတွင် လေဆင်နှာမောင်းတိုက်မှုကြောင့် လူနေအိမ်ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

**မြောက်ဦး ဇူလိုင် ၂၇**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်အတွင်းရှိ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်မြို့နယ် ကျေးရွာများတွင် ဇူလိုင် ၂၄ ရက်က ရုတ်တရက် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပျက်စီးဆုံးရှုံးမှုများအတွက် ကယ်ဆယ်ရေးပစ္စည်းနှင့် ထောက်ပံ့ငွေများကို လေဘေးသင့်ပြည်သူများထံသို့ပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၇ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ တိုက်ခတ်မှုကြောင့် မြောက်ဦးမြို့နယ်တွင် လုံးဝပျက်စီးသွားသော လူနေအိမ်ခုနစ်လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော လူနေအိမ် ၂၈ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုး၊ လူဦးရေ ၁၈၅ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၈၈၅၀၀၊ အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၇၇၀၀၀၀ နှင့် မင်းပြားမြို့နယ်တွင် လုံးဝပျက်စီးသွားသော လူနေအိမ် ၁၇ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ တစ်စိတ်တစ်ပိုင်း ပျက်စီးသွားသော လူနေအိမ် ၁၃ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုး၊ လူဦးရေ ၁၁၅ ဦးအတွက် ဆန် ရိက္ခာဖိုးငွေကျပ် ၂၄၁၅၀၀ နှင့် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၁၉၆၀၀၀၀ နှင့် ကျောက်တော်မြို့နယ်တွင် လုံးဝပျက်စီးသွားသော လူနေအိမ် ၁၈ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ၁၀ မျိုး၊ တစ်စိတ်တစ်ပိုင်းပျက်စီးသွားသော လူနေအိမ် ၁၈ လုံးအတွက် ကယ်ဆယ်ရေးပစ္စည်း ခြောက်မျိုးအား ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းမိုးနွယ်နှင့် တာဝန်ရှိသူများက ဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျောက်တော်မြို့နယ်တွင် ဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာဖိုးနှင့် အိမ်ဆောက်ပစ္စည်းများအား ဆက်လက်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်ကြောင်း ခရိုင်ဦးစီးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ရေဘေးသင့်ကျေးရွာများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ရွှေကျင် ဇူလိုင် ၂၇**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများသို့ မြို့နယ်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးကော်မတီမှ ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက ကွင်းဆင်းကြည့်ရှုခဲ့သည်။

ရွှေကျင်မြို့၏ စိုးရိမ်ရေမှတ်သည် ၇၀၀ စင်တီမီတာနှင့် စစ်တောင်းမြစ်၏ စိုးရိမ်ရေမှတ်သည် ၁၀၇၀ စင်တီမီတာတို့မှ ဇူလိုင်၂၇ ရက် ညနေ ၆ နာရီခွဲတိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ၆၇၀ စင်တီမီတာနှင့် စစ်တောင်းမြစ်ရေသည် ၁၁၆၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ စစ်တောင်းမြစ်ရေမြင့်တက်နေမှုကြောင့် မြို့နယ်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေးကော်မတီမှ စစ်တောင်းမြစ်ကမ်းပါးဘေးရှိ ဒုံဇရစ်ကျေးရွာ၊ ညောင်သာယာကျေးရွာ၊ ကွမ်းဆိပ်ကျေးရွာနှင့် အောင်ချမ်းသာကျေးရွာများသို့ ရောက်ရှိခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မြင့်သိန်းက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံညှိနှိုင်းပြီး စိုးရိမ်ဖွယ်နေအိမ်များအား ယာယီပြောင်းရွှေ့နေရာချထားနိုင်ရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။



**(မြို့နယ် ပြန်/ဆက်)**

## ဘုရားသုံးဆူမြို့နယ်၌ တောင်ကျရေနှင့်အတူ ယာယီဘေလီတံတားနှစ်စင်းမျောပါ၊ ကျောင်းများခေတ္တပိတ်ထား

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၂၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးနှင့် ဘုရားသုံးဆူလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၂၀/၀-၁) ရှိ အရှည် ပေ ၁၀၀ ယာယီဘေလီတံတား(ကွင်းကြီးတံတား)နှင့် မိုင်တိုင်အမှတ် (၃၀/၀-၁) ရှိ အရှည် ပေ ၁၂၀ ယာယီဘေလီတံတား(ယက္ကလာတံတား) နှစ်စင်းသည် ဇူလိုင် ၂၇ ရက်က တောင်ကျရေများစီးဆင်းလာမှုကြောင့် မျောပါသွားပြီး လမ်းအချို့မှာလည်း ရေကျော်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားများအား တံတားအထူးအဖွဲ့(၁၄)မှ အမြန်ဆုံးပြန်လည်တည်ဆောက်သွားမည်ဖြစ်ပြီး တည်ဆောက်နေစဉ်ကာလအတွင်း လမ်းပန်းဆက်သွယ်ရေး ခေတ္တပြတ်တောက်မည်ဖြစ်ကြောင်း ကရင်ပြည်နယ် လမ်းဦးစီးဌာနမှ ခရီးသွားပြည်သူများသို့ နှိုးဆော်ထားကြောင်း သိရသည်။

ထို့ပြင် ဇူလိုင်၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေများ အဆက်မပြတ်ကျဆင်းနေသဖြင့် ဘုရားသုံးဆူမြို့နယ်အတွင်းရှိ ဖားပြကျေးရွာအုပ်စု၊ ကျုံခဝန်ကျေးရွာအုပ်စုနှင့် ဝင်းခနကျေးရွာအုပ်စုရှိ ကျေးရွာ၊ ရပ်ကွက် အနိမ့်ပိုင်းနေရာများရှိ လမ်းမများ၊ နေအိမ်များနှင့် စာသင်ကျောင်းများသို့ ရေဝင်ရောက်ခဲ့သဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးနှင့် ရေဘေးအန္တရာယ်ကြောင့် တစ်စုံတစ်ရာထိခိုက်မှုမရှိစေရေးအတွက် ဘုရားသုံးဆူမြို့နယ် ဖားပြကျေးရွာအုပ်စုအတွင်းရှိ အထက(ဖားပြ)၊ အမက(တောင်သူပိုင်း)၊ အမက (ဆိပ်ဖူးကုန်း)၊ ကျုံခဝန်ကျေးရွာအုပ်စုအတွင်းရှိ အထကခွဲ(ကျုံခဝန်)၊ အမက(ဝင်းထောင်း)နှင့် ဝင်းခနကျေးရွာအုပ်စုရှိ အမက (ထီးဖာထော)စသည့် စာသင်ကျောင်းများ ခေတ္တပိတ်ထားရကြောင်း သိရသည်။

ဘုရားသုံးဆူမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကျရေလျှံ၍ နေအိမ်၊ လမ်းနှင့်ကျောင်းများ ရေဝင်ရောက်ခဲ့ခြင်းနှင့် တောင်ကျရေအလျဉ်ကြောင့် ချောင်းကူးတံတားတချို့ မျောပါပျက်စီးခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးခြင်းမရှိကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

၁၁။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)ကိုအောက်ပါအတိုင်း အစားထိုးရမည်-

“(က) ယာယီအသုံးပြုရန်ရည်ရွယ်ချက်ဖြင့် ပြည်တွင်းသို့ တင်သွင်းလာပြီး မူလတင်သွင်းသည့်နိုင်ငံသို့ မူရင်းပမာဏ အခြေအနေအတိုင်း အကောက်ခွန်သတ်မှတ်ချက်များနှင့်အညီ ပြန်လည်တင်ပို့မည့် အထူးကုန်စည်များဆိုင်ရာ လိုက်နာဆောင်ရွက်ရန် နည်းလမ်းများ၊”

၁၂။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“၁၁။(က) အထူးကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် ကျသင့်အခွန်မှ အထူးကုန်စည်ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် အထူးကုန်စည်တစ်မျိုးမျိုးကိုပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းစဉ်ကဖြစ်စေ၊ အခြားအထူးကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူစဉ်ကဖြစ်စေပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်သည်။

(ခ) အထူးကုန်စည်ထုတ်လုပ်မှု၊ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။”

၁၃။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၂။ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်။ ယင်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ ထမ်းဆောင်နိုင်ရန်အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်း၍ အဖွဲ့များ ဖွဲ့စည်း၍ဖြစ်စေ၊ မိမိဦးစီးဌာနဝန်ထမ်းများအား တာဝန်ခွဲဝေပေးအပ်၍ဖြစ်စေ အကောင်အထည်ဖော် ဆောင်ရွက်စေနိုင်သည်-”

၁၄။ (က) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၃ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

“၁၃။ ပုဒ်မ ၁၂ အရ ညွှန်ကြားရေးမှူးချုပ်ကတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို လွှဲအပ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်သည်-”

(ခ) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(ခ) အထူးကုန်စည်များထားရှိသော လုပ်ငန်းဥပစာ သို့မဟုတ် သိုလှောင်ရုံတစ်ခုခုမှ မထွက်ခွာမီဖြစ်စေ၊ သယ်ယူပို့ဆောင်နေစဉ်ဖြစ်စေ သယ်ယူပို့ဆောင်သည့်ယာဉ်များကို ရပ်တန့်ရန် တောင်းဆို၍ စစ်ဆေးနိုင်သည်။”

(ဂ) အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၃၊ပုဒ်မခွဲ (ဃ)တွင်ပါရှိသော “ကုန်ထုတ်လုပ်သူ” ဆိုသည့်စကားရပ်ကို“တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ၁၄တွင်ပါရှိသော “စာဖြင့်ရေးသားလက်မှတ်ရေးထိုးထားသည့်စာသက်သေခံတစ်ရပ်” ဆိုသည့်စကားရပ်၏ရှေ့တွင် “အတည်ပြုလက်မှတ်ရေးထိုးထားသည့်သက်သေခံကတ်ပြားသို့မဟုတ်” ဆိုသည့်စကားရပ်ကိုဖြည့်စွက်ရမည်။

၁၆။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅ တွင်-

(က) ပုဒ်မခွဲ (က)နှင့်ပုဒ်မခွဲ(ခ)တို့တွင်ပါရှိသော“အထူးကုန်စည်ထုတ်လုပ်သူ” ဆိုသည့်စကားရပ်ကို “အထူးကုန်စည်ကိုတင်သွင်းသူ၊ထုတ်လုပ်သူ၊တင်ပို့သူ”ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“(ဂ)ပုဒ်မခွဲ (က) သို့မဟုတ် (ခ)အရလုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားလာခြင်းအပေါ်မြို့နယ်အခွန်ဦးစီးဌာနမှူးသည် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် လုပ်ငန်းမှတ်ပုံတင်ကို ထုတ်ပေးရမည်။”

(ဂ) ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ (ဃ)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“(ဃ) မှတ်ပုံတင်ထားသည့် အထူးကုန်စည်တင်သွင်းသူ၊ ထုတ်လုပ်သူ၊ တင်ပို့သူတို့သည်သက်ဆိုင်ရာဘဏ္ဍာနှစ်အတွက် ထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင်ကို နှစ်စဉ်သက်တမ်းတိုး လျှောက်ထားရမည်။”

၁၇။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၆ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

“၁၆။(က) အခွန်ကျသင့်သောအထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည်အထူးကုန်စည်ခွန်ဥပဒေပုဒ်မစနှင့်အညီ ကျသင့်သောအခွန်ကိုပေးဆောင်ရမည့်အပြင်အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအတွက်သုံးလပတ်ကြေညာလွှာကိုသက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး၁၀ရက်အတွင်း မြို့နယ်အခွန်ဦးစီးဌာနမှူးထံပေးပို့ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အခွန်ကျသင့်သောအထူးကုန်စည်ကိုထုတ်လုပ်ရောင်းချခြင်း၊ ပြည်ပသို့တင်ပို့ခြင်းဆောင်ရွက်နေသည်ဟုယူဆရန်အကြောင်းရှိသည့်မည်သူ့ကိုမဆို ယင်းသို့ဆောင်ရွက်ခြင်းအတွက် ကျသင့်အခွန်ပေးဆောင်စေရန်နှင့် သုံးလတစ်ကြိမ်ကြေညာလွှာပေးပို့စေရန် အကြောင်းကြားနိုင်သည်။

(ဂ) အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူသည် အကောက်ခွန်ဦးစီးဌာနမှ ထုတ်ယူခြင်းမပြုမီ ပြည်တွင်းသို့ တင်သွင်းသည့် အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။”

၁၈။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-

“၁၇။(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) တို့အရ ပေးပို့သောကြေညာလွှာတွင်ပါရှိသည့် အထူးကုန်စည်နှင့်ပတ်သက်သောတန်ဖိုး၊ ပမာဏစသည်တို့ကိုသတ်မှတ်ထားသည့် အခွန်နှုန်းထားများနှင့် တွက်ချက်ခြင်းဖြင့်ရရှိလာမည့်အခွန်သည် အနီးစပ်ဆုံးအနေအထားဖြစ်လျှင် မြို့နယ်အခွန်ဦးစီးဌာနမှူးသည် ယင်းကြေညာလွှာကို အခြေပြု၍ အခွန်စည်းကြပ်ရမည်။

(ခ) မြို့နယ်အခွန်ဦးစီးဌာနမှူးသည် အထူးကုန်စည်ကို ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့် စပ်လျဉ်း၍ပေးပို့လာသည့်ကြေညာလွှာပါအချက်အလက်များမှ အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ်ပြည်ပသို့ တင်ပို့ခြင်းအပေါ် ကျသင့်အခွန်ကိုမှန်ကန်စွာမရရှိနိုင်ဟု ယုံကြည်ရန်အကြောင်းရှိလျှင် လိုအပ်သော အခြားသက်သေခံအထောက်အထားများကို စိစစ်ပြီး အခွန်စည်းကြပ်နိုင်သည်။

(ဂ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းနှင့်စပ်လျဉ်း၍ ကြေညာလွှာပေးပို့ရန်ပျက်ကွက်လျှင်မြို့နယ်အခွန်ဦးစီးဌာနမှူးသည်ရရှိထားသော သတင်းအချက်အလက်များကို အခြေပြု၍အခွန်စည်းကြပ်ရမည်။

(ဃ) အထူးကုန်စည်ထုတ်လုပ်ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်းအပေါ်အခွန်စည်းကြပ်ခြင်းကို ပုဒ်မ ၁၆၊ ပုဒ်မခွဲ (က)အရ ကြေညာလွှာတင်သွင်းသည့်လအတွင်း အထူးကုန်စည် ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့တင်ပို့သူအား အခွန်စည်းကြပ်ရမည်။ အခွန်စည်းကြပ်ခြင်းမပြုမီ မည်သူ့ကိုမဆို ခေါ်ယူစစ်ဆေးခြင်း၊ သတင်းအချက်အလက်တောင်းခံခြင်းပြုနိုင်သည်။”

၁၉။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၈ တွင်ပါရှိသော“တစ်နှစ်အတွင်းသာ တောင်းဆိုခွင့်ရှိသည်” ဆိုသည့်စကားရပ်ကို “တစ်နှစ်အတွင်းသာ ထိုပြန်အမ်းငွေကို ထုတ်ပေးရန် သို့မဟုတ် ခုနှိမ်ပေးသွင်းခွင့်ပြုရန် သို့မဟုတ် ပေးဆောင်ရန်ရှိသည့် အခွန်အဖြစ် သတ်မှတ်ပေးရန် တောင်းဆိုခွင့်ရှိသည်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၁၊ ပုဒ်မခွဲ(စ)၊ ပုဒ်မခွဲငယ် (၂)တွင်ပါရှိသော “စည်းကြပ်အခွန်၏ ၅၀ ရာခိုင်နှုန်း” ဆိုသည့် စကားရပ်ကို“ထပ်မံပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၂၂ တွင်-

(က) ပုဒ်မခွဲ (ခ) တွင်ပါရှိသော “အချိန်မီ” ဆိုသည့် စကားရပ်ကို “သတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသော အချိန်အတွင်း” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဂ)တွင်ပါရှိသော“ယင်းကုန်စည်တန်ဖိုး” ဆိုသည့် စကားရပ်၏ ရှေ့တွင် “လက်ဝယ်ထားရှိသူက” ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (ဃ) တွင်ပါရှိသော“ပေးဆောင်ရမည့်အခွန်၏” ဆိုသည့် စကားရပ်၏ ရှေ့တွင်“စည်းကြပ်မှုအရထပ်မံ”ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (င) နှင့် ပုဒ်မခွဲ (စ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(င) သုံးလပတ် ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ခြင်းအတွက် သက်ဆိုင်ရာစည်းကြပ်မှုအရ ထပ်မံပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊

(စ) အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေရမည့်အထူးကုန်စည်နှင့်စပ်လျဉ်း၍ သတ်မှတ်အခွန်အမှတ်တံဆိပ်ကပ်နှိပ်ပေးရန်ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိရပါက အထူးကုန်စည်ထုတ်လုပ်သူကယင်းသို့ပျက်ကွက်ခြင်းအတွက်တွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏၅၀ရာခိုင်နှုန်း။”

၂၂။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၂၃၊ ပုဒ်မခွဲ(ဂ)နှင့် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)တို့တွင်ပါရှိသော“ထုတ်လုပ်မှုပမာဏ” ဆိုသည့် စကားရပ်ကို “တင်သွင်းမှု၊ ထုတ်လုပ်မှု၊တင်ပို့မှုပမာဏ” ဆိုသည့် စကားရပ်ဖြင့်အသီးသီးအစားထိုးရမည်။

၂၃။ အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

“(က) အထူးကုန်စည်များ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ကောက်ခံရငွေ၊ နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှကောက်ခံရငွေမှအပ ကျန်ကောက်ခံရငွေအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့က တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် သတ်မှတ်ပေးသော ရာခိုင်နှုန်းအချိုးအတိုင်း သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးသွင်းနိုင်သည်။”

၂၄။ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၅ ၏ နောက်တွင် ပုဒ်မ ၃၅-က အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

“၃၅-က။ ဝန်ကြီးဌာနသည် အောက်ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အထူးကုန်စည်ခွန် ပေးဆောင်ခဲ့ပြီးဖြစ်သည်ဟု ကျေနပ်လက်ခံပါက အထူးကုန်စည်ခွန်ပေးဆောင်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်-

(က) ၂၀၁၆ ခုနှစ်၊ ဧပြီလ ၁ ရက်မတိုင်မီက တင်သွင်းခဲ့သော သို့မဟုတ် ထုတ်လုပ်ခဲ့သောကုန်စည်များနှင့် စပ်လျဉ်း၍ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၀)၊ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများအရ ကုန်သွယ်လုပ်ငန်းခွန်ပေးဆောင်ပြီးဖြစ်ခြင်း၊

(ခ) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ (နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၈/၉၀) အာဏာမသက်ရောက်မီကာလကတင်သွင်းသော သို့မဟုတ် ထုတ်လုပ်သောကုန်စည်များဖြစ်ပြီး ကုန်သွယ်လုပ်ငန်းခွန်မကျသင့်ခြင်း၊

(ဂ) အခွန်ကင်းလွတ်ခွင့်ရရှိသော အထူးကုန်စည်များဖြစ်ခြင်း။”

၂၅။ အထူးကုန်စည်ခွန်ဥပဒေ၏ နောက်ဆက်တွဲဇယားကို ပယ်ဖျက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

## ကိုယ်ပိုင်ကျောင်းများနှင့်ဘော်ဒါဆောင်များ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စစ်ဆေး

**မလှိုင် ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့နယ်အတွင်းရှိ ကိုယ်ပိုင်ကျောင်းများနှင့် ဘော်ဒါဆောင်များတွင် သတ်မှတ်စည်းကမ်းချက်များအတိုင်း လိုက်နာ ဆောင်ရွက်မှုရှိ မရှိကို ဇူလိုင် ၂၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါနေ့က မြို့နယ်ပညာရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေဒိုး ဦးဆောင်သောအဖွဲ့သည် မြို့နယ်အတွင်းရှိ ကိုယ်ပိုင်အထက်တန်းကျောင်းများနှင့် ဘော်ဒါဆောင်များသို့ သွားရောက်ပြီး စာသင်ခန်းများနှင့် လူနေအိပ်ဆောင်များတွင် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်းသန့်ရှင်းသပ်ရပ်မှု၊ လေဝင် လေထွက်ကောင်းမွန်မှု၊ အလင်းရောင်ရရှိမှု၊ လုံလောက်သော အကျယ်အဝန်း ရှိ မရှိကို စစ်ဆေးခဲ့သည်။

ထို့အပြင် အဆောက်အအုံနှင့် စာသင်ခန်းများ၊ လူနေအိပ်ခန်းများတွင် လျှပ်စစ်ဌာနက သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းထားခြင်း ရှိ မရှိ၊ မီးဖိုခန်းနှင့် လူနေထိုင်သည့် အခန်းများ သတ်မှတ်အကွာအဝေးအတိုင်းထားရှိရန်နှင့် မီးဘေးအန္တရာယ်ကင်းဝေးစေရန် မီးသတ်ဦးစီးဌာနက ညွှန်ကြားထားသည့်အတိုင်း ဆောင်ရွက်ထားခြင်းရှိ မရှိ၊ ကျောင်းသားဦးရေနှင့်အညီ ရေလောင်းအိမ်သာ၊ ရေချိုးခန်းထားရှိမှု၊ ကူးစက်ရောဂါများ မဖြစ်ပွားစေရန် ကျန်းမာရေးဦးစီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်းရှိ မရှိတို့ကို စစ်ဆေးပြီးလိုအပ်ချက်များကို ပြင်ဆင်သွားနိုင်ရန် အကြံပြုလွှာများ ရေးသားခဲ့သည်။

မလှိုင်မြို့ပေါ်တွင် ကိုယ်ပိုင်အထက်တန်းကျောင်းနှစ်ကျောင်းနှင့် ဘော်ဒါ ၂၅ ခုရှိပြီး မြို့နယ်ပညာရေး ကြီးကြပ်မှုကော်မတီအဖွဲ့တွင် ပါဝင်သောဌာနဆိုင်ရာအဖွဲ့စုံက ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်သည်။

စစ်ဆေးတွေ့ရှိမှုများအပေါ် ပြုပြင်ဆောင်ရွက်ရမည့် အချက်များနှင့် ပတ်သက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုလွှာများရေးသားခဲ့ပြီး လိုက်နာဆောင်ရွက်မှုအခြေအနေကို နောက်တစ်ကြိမ်ထပ်မံစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ငွေး(မလှိုင်)**

# (၁၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ အစည်းအဝေးတက်ရောက်



**ကွာလာလမ်ပူ ဇူလိုင် ၂၇**

ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူး ဦးဇေယျာ တို့ပါဝင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ အစည်းအဝေး (18th SCI Meeting) သို့ တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသည် အာဆီယံယဉ်ကျေးမှုနှင့် ပြန်ကြားရေးဆိုင်ရာ ဆပ်ကော်မတီ၏ ပြန်ကြားရေးကဏ္ဍ ဆိုင်ရာ စီမံကိန်းဆောင်ရွက်မှုအခြေအနေများအား သုံးသပ်ဆွေးနွေးနိုင်ရန် အာဆီယံနိုင်ငံများက အက္ခရာအစဉ်အလိုက် နှစ်စဉ်အလှည့်ကျ အိမ်ရှင်အဖြစ်လက်ခံ ကျင်းပဆောင်ရွက်လျက်ရှိသည့် အစည်းအဝေးဖြစ်ပြီး ယခုနှစ်တွင် မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ ကျင်းပခဲ့ခြင်း ဖြစ်သည်။ အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင် နိုင်ငံအသီးသီးမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌများ နှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေး သဘာပတိအဖြစ် မလေးရှားနိုင်ငံက လည်းကောင်း၊ ပူးတွဲသဘာပတိ အဖြစ် မြန်မာနိုင်ငံကလည်းကောင်း ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် ကျင်းပပြီးစီးခဲ့သည့် အာဆီယံ ထိပ်သီးအစည်းအဝေးများနှင့် အာဆီယံလူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ အသိုက်အဝန်း (ASCC) မဏ္ဍိုင်နှင့်စပ်လျဉ်းသည့် ကဏ္ဍအသီးသီးရှိ အစည်းအဝေးများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ လုပ်ငန်းများ နှင့် ဆုံးဖြတ်ချက်များအပေါ် သုံးသပ်ဆွေးနွေးခြင်း၊ သက်ဆိုင်ရာနိုင်ငံအလိုက် အာဆီယံဆိုင်ရာ အသိပညာပေးရေး လုပ်ငန်း စီမံကိန်းများ ဆောင်ရွက်နေမှုအပေါ်တွင် သုံးသပ်ခြင်း၊ အာဆီယံယဉ်ကျေးမှုရန်ပုံငွေ (ACF) အသုံးပြုမှုဆိုင်ရာ လုပ်ငန်းစဉ်နှင့် လမ်းညွှန်ချက်များအပေါ်တွင် သုံးသပ်ဆွေးနွေးခြင်းနှင့် အာဆီယံ နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံအလိုက် ဆောင်ရွက် ရန်ရှိသည့် ပြန်ကြားရေးဆိုင်ရာ လုပ်ငန်းစဉ်များအား သုံးသပ်ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

၂၀၁၈ ခုနှစ်တွင်ကျင်းပမည့် (၁၉)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ဆပ်ကော်မတီ အစည်းအဝေး (19th SCI Meeting) ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ညောင်ဦးမြို့နယ်၌ သောက်သုံးရေရှားပါးသည့် ကျေးရွာများအတွက် ရေလှူဒါန်း

**ညောင်ဦး ဇူလိုင် ၂၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိ သောက်သုံးရေရှားပါးသည့် ကျေးရွာများမှ ကျေးလက်နေပြည်သူများ နွေရာသီကာလ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေးအတွက် ပုဂံမြို့ ရတနာဘုံစံတောရကျောင်း နာယကဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် ဖြူစင်မေတ္တာ ရေလှူတော်အသင်းမှ အသင်းအဖွဲ့သားများက သောက်သုံးရေ များ စဉ်ဆက်မပြတ် လှူဒါန်းပေးလျက်ရှိသည်။ ထိုသို့လှူဒါန်း လျက်ရှိရာ ဇူလိုင် ၂၇ ရက်က ညောင်ဦးမြို့နယ် ရွာသစ်တောင် ကျေးရွာ၊ ထန်းပေါက်ရုံကျေးရွာနှင့် သဲတွင်းကျေးရွာများသို့ သွားရောက်၍ မိုးတွင်းကာလ ဖြစ်သော်လည်း မြေသား မိုးရေလှောင်ကန်များတွင် ရေဝင်ရောက်မှုနည်းကာ သောက်သုံးရေအခက်အခဲဖြစ်နေသည့် ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာ အသုံးပြုနိုင်ရေး ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများ ဖြည့်တင်းလှူဒါန်းပေးနိုင်ရေးအတွက် ပုဂံ ညောင်ဦးသို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်နိုင်ငံမှ ကျောင်းသား ကျောင်းသူ မောင်မယ်များက ရေကုသိုလ်အဖြစ် လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ ထန်းပေါက်ရုံကျေးရွာ မှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀၊ သဲတွင်း ကျေးရွာမှ ဒေသခံပြည်သူများအတွက် ရေဂါလန် ၁၅၀၀ တို့ကို အိမ်ထောင်စုအလိုက် ဖြူစင်မေတ္တာရေလှူတော်အသင်းအဖွဲ့သားများနှင့် အမေရိကန်နိုင်ငံမှ ကျောင်းသား ကျောင်းသူများက အိမ်တိုင်ရာရောက် လိုက်လံပို့ဆောင် လှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**ရဲဝင်းနိုင်(ညောင်ဦး)**





မြန်မာနိုင်ငံရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သား သမီးများအနက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ်အတွက် ထောက်ပံ့ငွေ ပေးအပ်ပွဲကို ဇူလိုင် ၂၆ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၌ ကျင်းပရာ ခေတ္တရဲချုပ် ရဲမှူးချုပ် အောင်ဝင်းဦး အမှာစကား ပြောကြားစဉ်

ညီညီသန်း (နေပြည်တော်)

# ရန်ကုန်မြစ်ရေ မြင့်တက်၍ ဒလမြို့နယ်အတွင်း မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးတွင် ရေဝင်မှုဖြစ်ခဲ့

**ဒလ ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဇူလိုင် ၂၄ နှင့် ၂၅ ရက်က ရန်ကုန်မြစ်ရေမြင့်တက်ခဲ့၍ သင်္ဘောဆိပ်ကမ်းနှင့် စက်တပ်သမ္ဗန် ကူးတို့ဆိပ်ကမ်းများသို့ ရေဝင်ရောက်ခဲ့သော်လည်း ရေစီးရေလာကောင်းမွန်ခြင်းကြောင့် ရေနစ်မြုပ်မှုအန္တရာယ်ကို မစိုးရိမ်ရကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ဒလမြို့နယ်၌ ရေနစ်မြုပ်နေခြင်းသတင်းမှာ ကောလာဟလများဖြစ်ပြီး မြစ်ရေတက်ခဲ့သော်လည်း ယခုအခါ ရေပြန်ကျသွားပြီဖြစ်ကြောင်း ဒေသခံပြည်သူများထံမှ သိရသည်။

ရေပြည့်လျှံခြင်းတို့ကြောင့် မြစ်၊ ချောင်း၊ ကမ်းပါး အနီးနေထိုင်သူများနှင့် မြေနိမ့်ပိုင်းနေထိုင်ကြသောရပ်ကွက်များ အတွင်းတို့တွင် ရေထရက်ဖြစ်သော ဝါတွင်းကာလ၌ ၁၅ ရက်လျှင် (ရေထ) ရက် သုံးကြိမ်ဖြစ်ပေါ်တတ်ပြီး နောက်ဆုံး တစ်ကြိမ်မှာ ခေါင်းရေကြီးမှုကြောင့် ရေများ ဆက်လက်မြင့်တက်၍ ရေကြီး ရေနစ်မြုပ်မှုများ ဖြစ်ပေါ်ခြင်းမရှိဘဲ၊ ဒီရေအတက် အကျနှင့် ဒလမြို့နယ် မော်စက်ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်ရှိန်က "ဒလမြို့က ရန်ကုန်မြစ်၊ ပင်လယ်ဝတို့နဲ့က အလွန်နီးကပ်စွာ တည်ရှိတဲ့ မြေပြန့်လွင်ပြင်ဒေသတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် အန္တရာယ်ဖြစ်လောက်အောင် ရေကြီးခြင်း၊ ရေနစ်မြုပ်ခြင်းတို့ တစ်ကြိမ်တစ်ခါမှ မတွေ့ကြုံဖူးဘူး။ ချောင်းကောင်းရင် ရေစီးကောင်းမှာပါ။ ညနေ ၃ နာရီဆို ရေတက်ပြီး ၆ နာရီ လောက်ဆို ရေပြန်ကျသွားလို့ လမ်းပေါ်လာပါတယ်။ ကလေးများကို မြစ်ချောင်းအနီးမှာ ရေဆင်းမကစားဖို့တော့ ပြောချင်ပါတယ်။ ရေမြုပ်တာက မြစ်ကမ်းဘေးနေအိမ်များနဲ့ မြေနိမ့်ပိုင်း ရပ်ကွက်အတွင်းက နေအိမ်အနည်းစု တွေပါ။ အများဆုံး ရေတက်ရင် တစ်ပေနီးပါးလောက် တက်ပါတယ်"ဟု မြို့နယ်အတွင်း မိုးရာသီကာလတွင် မြစ်ချောင်းများ၌ ရေပြည့်ရေလျှံမှု ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ ပြောသည်။

ပြီးခဲ့သည့် ဇူလိုင် ၂၄ ရက်နှင့် ၂၅ ရက်က ဒလမြို့နယ်အတွင်း မြစ်ရေဝင်ရောက်မှုကြောင့် မြစ်ကမ်းပါးအနီး ရပ်ကွက်များနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ ဖြစ်သည့် ကမာကဆစ်ရပ်ကွက်နှင့် မော်စက်ရပ်ကွက်တို့တွင် ညနေ ၃ နာရီခန့်မှစ၍ ရေများဝင်ရောက်ခဲ့သော်လည်း ညနေ ၆ နာရီခန့်တွင် ရေပြန်ကျကာ မြစ်ရေမှာလည်း အတက်အကျပုံမှန်စီးဆင်းသွားကြောင်း သိရသည်။

နှစ်စဉ် မိုးရာသီကာလ ဝါဆို-ဝါခေါင်လများ အတွင်း၌ လပြည့်ကျော်လွန်ပြီးရက်များနှင့် လကွယ်၊ လဆန်း၊ လဆုတ်ရက်များတွင် ဒီရေအခြေအနေကြောင့် ရန်ကုန်မြစ်ရေမှာ တစ်လလျှင် အနည်းဆုံး ခြောက်ကြိမ်ခန့် မြင့်တက်လေ့ရှိပြီး ဒလမြို့နယ်အတွင်းရှိ ချောင်း၊ မြောင်းများအတွင်း ရေဝင်ရောက်မှု ဖြစ်လေ့ရှိကြောင်း၊ ယခု ဇူလိုင် ၂၄ နှင့် ၂၅ ရက်က ရေဝင်ရောက်ခဲ့သော်လည်း မြို့နယ်အတွင်းရှိ ရေထုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ခြင်းနှင့် ပင်လယ်ဒီရေ အတက်အကျ မှန်ကန်ခြင်းတို့ကြောင့် ရေမှာ အမြဲစီးဆင်းနေလျက်ရှိပြီး ရေကြီးနစ်မြုပ်မှုမရှိခဲ့ဘဲ ရေပြန်ကျသွားပြီဖြစ်ကြောင်း၊ ဝါထပ်သောနှစ်များ၌ ဒလမြို့နယ်တွင် ရေဝင်ရောက်မှုကို အများဆုံး ကြုံတွေ့ရလျက်ရှိကြောင်း ဒလမြို့နယ် ဒေသခံ ရေကြောင်းကျွမ်းကျင်သူများက သုံးသပ်ပြောကြားသည်။

**သတင်းနှင့်ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)**



# စစ်တောင်း၊ ငဝန်နှင့် တိုးမြစ်တို့၏ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၇**

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၌ နှစ်ပေခွဲခန့်နှင့် သာပေါင်းမြို့၌ တစ်ပေခွဲခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ငါးသိုင်းချောင်းမြို့၌ တစ်ပေခွဲခန့်နှင့် သာပေါင်းမြို့တို့၌ တစ်ပေခန့် ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ ငဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့၌ ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်၍ မအူပင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

မူးယစ်တပ်ဖွဲ့စု(၃)မိုးညှင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေ ၆ နာရီခွဲက ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းတောင်-ဝေ့ခါ ကျေးရွာသွား ကားလမ်းမပေါ်တွင် ထွန်းဝေ မောင်းနှင်လာပြီး မဖြူဖြူလွင် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် သက်ထွန်း မောင်းနှင်လာသည့် ဆိုင်ကယ်နှစ်စီးကို ရှာဖွေစစ်ဆေးစဉ် သက်ထွန်းမှာ ဆိုင်ကယ်ကို လှဲချထွက်ပြေးသွားပြီး ထွန်းဝေ မောင်းနှင်လာသည့် ဆိုင်ကယ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၈၈ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၆၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၃၂) မြဝတီမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် သုမာလာ လမ်းမကြီးနှင့် အောင်သုခလမ်းထောင့်တွင် စိုင်းမောင်မောင် (ခ)ပွကြီးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြားနှင့် ငွေကျပ် ၃၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်ဖော်ထုတ်ချက်အရ မြဝတီမြို့နေ မျိုးချစ်နှင့် မင်းညီလွင်(ခ) မျက်မှန်ထံမှ ဝယ်ယူခဲ့ကြောင်း သိရှိရသဖြင့် မင်းညီလွင်(ခ)မျက်မှန်အား မြဝတီမြို့ အမှတ် (၄)ရပ်ကွက် အောင်ပြည့်ဝလမ်းရှိ နေအိမ်တွင်လည်းကောင်း ရှာဖွေဖမ်းဆီးရမိခဲ့ပြီး မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄) ရပ်ကွက် သုခမိန်လမ်းရှိ မျိုးချစ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၄၁၄ ပြားကို ထပ်မံသိမ်းဆည်း ရမိခဲ့သည်။

ထို့အပြင် ယာဉ်ထိန်းတပ်ဖွဲ့စု(၂၃) ကျောက်ဆည်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယင်းနေ့ ညနေ ၄ နာရီတွင် ကျောက်ဆည်မြို့ ရန်ကုန် - မန္တလေးကားလမ်း ရွှေစေတီဘိုးဘွားရိပ်သာအနီးတွင် သိန်းအောင် မောင်းနှင်လာသော ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၂၉ ဒသမ ၄၅ ကီလိုကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် နန်းတိုင်းကျေးရွာ ဘီလူးချောင်းတံတားအနီး လွိုင်ကော် - အောင်ပန်းသွား ကားလမ်းတွင် ခရီးသည်တင်မှန်လုံယာဉ်အားရှာဖွေရာ ခရီးသည် သိန်းရွှေ၏ ဆာလာအိတ်အတွင်းမှ ဘိန်းစိမ်း ၃ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၃) တန့်ယန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့နယ် တာကော်အက် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ဆမ်နန်း မောင်းနှင်လာသော ဆိုင်ကယ်အားရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အားဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ဝန်းသိုမြို့နယ်အတွင်းမှ တရားမဝင်ကျွန်းသစ်ရှစ်တန်ကျော် ဖမ်းမိ

**ဝန်းသို ဇူလိုင် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဝန်းသိုမြို့နယ် နငဲကြိုးဝိုင်းနှင့် နငဲကြိုးပြင် ကာကွယ်တောအတွင်းတို့မှ တရားမဝင်ကျွန်းခွဲသား ရှစ်တန်ကျော် ဖမ်းမိခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

ဖြစ်စဉ်မှာ ဇူလိုင် ၂၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဝန်းသိုမြို့နယ် သစ်တော ဦးစီးအရာရှိ ဦးမြင့်အေးနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များသည် ဝန်းသိုမြို့နယ် နငဲကြိုးဝိုင်းနှင့် နငဲကြိုးပြင်ကာကွယ်တောအတွင်း သတင်းအရ တောနင်းရှာဖွေရာ တရားမဝင် ကျွန်းခွဲသား ဆိုက်စုံ ၇၃၈ ချောင်း (၈ ဒသမ ၄၀၃၆ တန်)အား ရှာဖွေတွေ့ရှိရသဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ထားပြီး ဖမ်းဆီးရမိသော ကျွန်းသစ်ခွဲသားများကို ဝန်းသိုမြို့နယ် ဂျိုးတောင်ကျေးရွာရှိ သစ်တောရုံးဝင်းအတွင်း သယ်ယူထားရှိကာ ပိုင်ရှင်အားဖမ်းမိရေးအတွက် ဆောင်ရွက်ထားကြောင်းလည်း သိရသည်။

**လှအောင် (ကသာ)**



# မိုင်းဖြတ်၌ ခရီးသည်တင်ယာဉ် အရှိန်လွန်၍ ချောက်အတွင်းသို့ထိုးကျ၊ ငါးဦး ဒဏ်ရာရ

**မိုင်းဖြတ် ဇူလိုင် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ် ဟိုနား ကျေးရွာအနီး ကျိုင်းတုံ-တာချီလိတ်သွား ပြည်ထောင်စုကားလမ်းမပေါ် မိုင်တိုင်အမှတ် (၇၁၃/၇၁၄)ကီလိုမီတာကြားတွင် ဇူလိုင် ၂၇ ရက် နံနက် ၁ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီး အရှိန်လွန်ထိုးကျ တိမ်းမှောက်ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ကျိုင်းတုံဘက်မှ တာချီလိတ်ဘက်သို့ ယာဉ်မောင်း ဇော်ဇော် (၄၅ နှစ်) မောင်းနှင်လာသည့် 8H/--- Hilace သံလွင်ယာဉ်လိုင်းသည် ခရီးသည်ငါးဦး လိုက်ပါလာပြီး မိုင်းဖြတ်မြို့နယ် ပြည်ထောင်စုကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၇၁၃/၇၁၄) ကီလိုမီတာကြား လမ်းအကွေ့တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းရှိ ရေအားလျှပ်စစ်မီးတိုင်ကို ဝင်တိုက်ပြီး ပေ ၂၀ ခန့်ရှိ ချောက်ထဲသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်ငါးဦးတို့မှာ ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ဇော်ဇော်အား မိုင်းဖြတ်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ခိုးမှုများကျူးလွန်ထားသူကို စစ်ဆေးရာမှ အခြားခိုးမှုများ ပေါ်ပေါက်

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်နေ မင်းထက်ကို (ခ)ကိုတေဇာမင်းသည် မေ ၂၆ ရက် နံနက် ၄ နာရီခန့်တွင် အိပ်ရာမှနိုးရာ နေအိမ်ဧည့်ခန်းအတွင်းထားရှိသော Vivo ဖုန်း၊ Hauwei ဖုန်းနှင့် Power Bank တစ်ခုတို့မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရပြီး အိမ်ရှေ့တွင်ရပ်ထားသော မော်တော်ယာဉ်၏ တူးဘောက်အတွင်းရှိ ပိုက်ဆံအိတ်ထဲမှ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာတန် လေးရွက်နှင့် ငွေကျပ် ၂၀၀၀၀၊ Feeling -125 ဆိုင်ကယ်တစ်စီးနှင့် ယင်းဆိုင်ကယ် တူးဘောက်အတွင်းမှ ငွေကျပ် ၇၂၀၀၀ တို့မှာ ပျောက်ဆုံးနေသည်ကို တွေ့ရှိရသဖြင့် မင်္ဂလာဒုံမြို့မရဲစခန်း၌ အမှုဖွင့်ခဲ့သည်။

အမှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို ဖမ်းဆီးရမိရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းဖော်ထုတ်ရေးရဲတပ်ဖွဲ့ဝင်များက စုံစမ်းဆောင်ရွက်ခဲ့ရာ မင်္ဂလာဒုံမြို့နယ် လေးထောင့်ကန်ရပ်ကွက်နေ အောင်ကျော်မင်းမှာ ခိုးမှုများကျူးလွန်ထားကြောင်း သတင်းရရှိသဖြင့် ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၅ ရက် နံနက် ၁ နာရီခွဲခန့်တွင် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးကားဝင်းအတွင်းမှ ဖမ်းဆီးရမိခဲ့ပြီး ခိုးမှုကျူးလွန်ကြောင်း စစ်ဆေးပေါ်ပေါက်သည်။

စစ်ဆေးချက်အရ ၂၀၁၇ ခုနှစ် ဇွန်လအတွင်း ၎င်းသည် မင်္ဂလာဒုံမြို့နယ်အတွင်းမှ ခရေပင်ရိပ်မွန် အိမ်ရာရှေ့လမ်းမပေါ်ရှိ YBS ယာဉ်ပေါ်မှ Huawei ဖုန်းတစ်လုံး၊ သုံးရာသီမှတ်တိုင်အနီး ရပ်ထားသော YBS ယာဉ်ပေါ်မှ Samsung ဖုန်းတစ်လုံး၊ ယုဇနဉယျာဉ်လမ်းမပေါ်ရှိ YBS ယာဉ်ပေါ်မှ Samsung ဖုန်းတစ်လုံးတို့ကို ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ဇွန်လအတွင်း၌ပင် မင်္ဂလာဒုံမြို့နယ်အတွင်းမှ မြရတနာကားမှတ်တိုင်အနီး ရပ်ထားသော YBS ယာဉ်ပေါ်မှ Samsung Tablet တစ်လုံး၊ သဃ်ၤန်းကျွန်းကြီး ကားမှတ်တိုင်အနီး ရပ်ထားသော YBS ယာဉ်ပေါ်မှ Samsung Tablet တစ်လုံး၊ ဇေကမ္ဘာကားမှတ်တိုင်အနီး ရပ်ထားသော YBS ယာဉ်ပေါ်မှ Vivo ဖုန်းတစ်လုံး၊ ခရေပင်လမ်းခွဲမှတ်တိုင်တွင် ရပ်ထားသော YBS ယာဉ်ပေါ်မှ Samsung ဖုန်းတစ်လုံးတို့ကို ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သည့်အပြင် ဇေကမ္ဘာဉယျာဉ်မြို့တော်ရှေ့မှ JLM -125 ဆိုင်ကယ်အားလည်းကောင်း၊ (၃/ခ)ရပ်ကွက် ဗိုလ်တိုက်ချွန်းလမ်းရှိ ဆောက်လုပ်ဆဲနေအိမ်ရှေ့မှ JLM-110 ဆိုင်ကယ်အားလည်းကောင်း ခိုးယူရောင်းချထားကြောင်း ပေါ်ပေါက်ခဲ့သဖြင့် အောင်ကျော်မင်း (၃၉ နှစ်)အား မင်္ဂလာဒုံမြို့မရဲစခန်းတွင် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုများမှ သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တရားဝင်စာရွက်စာတမ်း မတင်ပြနိုင်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်သစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၂၇**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇူလိုင် ၂၆ ရက်က မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၈၆ စီး၊ သွင်းကုန် ၅၉၃ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၀၊ သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇူလိုင် ၂၄ ရက်က မန္တလေးမှမူဆယ်သို့သွားရောက်မည့် ISUZU အမျိုးအစား ခြောက်ဘီးယာဉ်သည် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း တာဝန်ကျအကောက်ခွန်စစ်ဆေးရေးအဖွဲ့က စစ်ဆေးရန်တားဆီးစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံတားဆီးရာ ၁၇ မိုင် အိုးတစ်လုံးတောင်အနီးတွင် တားဆီးနိုင်ခဲ့ပြီး ယာဉ်ပေါ်၌ သို၀ှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်း၊ ပျဉ်းကတိုးနှင့် ပိတောက်သစ် စုစုပေါင်း ၁၅၀၇ ချောင်း (၀ ဒသမ ၆၆၁၈ တန်)နှင့် သယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၆၄၃ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်သစ်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်**

# ယာဉ်လိုင်းပေါ်မှ ခါးပိုက်နှိုက်များ ထိရောက်စွာနှိမ်နင်းရန်လိုနေ

**ရန်ကုန် ဇူလိုင် ၂၇**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့တွင် ပြေးဆွဲနေသော YBS ယာဉ်လိုင်းများပေါ်၌ ခါးပိုက်နှိုက်များ သောင်းကျန်းမှုကို ခရီးသွားပြည်သူများ နေ့စဉ်ကြုံတွေ့နေရာ ဇူလိုင် ၂၆ ရက် ည ၈ နာရီခွဲတွင် YBS (၆) ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦး ခါးပိုက်နှိုက်ခံရသောကြောင့် လှိုင်သာယာမြို့မရဲစခန်းအနီး ကျန်စစ်မင်းအိမ်ရာ ဝင်ပေါက်ထိပ်တွင် ထိုယာဉ်ပေါ်ပါ ခါးပိုက်နှိုက်သူအား ရဲတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေခဲ့ကြောင်း သိရသည်။

"ကျွန်တော်က အောင်မင်္ဂလာ အဝေးပြေးကားဝင်းမှာ ကားလက်မှတ်ရောင်းတဲ့သူပါ။ စော်ဘွားကြီးကုန်းကနေ အင်းစိန် ကမ်းနားကို YBS ယာဉ် စီးလာတာပါ။ ကားက အလွန်ကျပ်နေတော့ ဘောင်းဘီအိတ်ကပ်ထဲ ထည့်ထားတဲ့ ပိုက်ဆံအိတ်ကို သံတန်းနဲ့ဖိရင်း သတိထားစီးလာတာပါ။ ကားယမ်းခါတဲ့အချိန် သတိလွတ်သွားတာနဲ့ ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်မရှိတော့ဘူး။ ပေါက်တောမီးပွိုင့်ကျော်တာနဲ့ ဆင်းရတော့မှာ။ ကမ်းနား အုပ်ချုပ်ရေးမှူးရုံးကို ကားမောင်းပို့ပေးတယ်။ ရဲစခန်းသွားပါဆိုတာနဲ့ လှိုင်သာယာရဲစခန်းကို မောင်းပို့ပေးတယ်။ ရှာမတွေ့တော့ဘူး။ ငွေကျပ် ၅၉၀၀၀ ပါသွားတယ်" ဟု ကိုကရင် (၄၃ နှစ်)က ပြောသည်။

ယခုအကြိမ်နှင့်ဆိုလျှင် ခါးပိုက်နှိုက်ခံရသည်မှာ လေးကြိမ်ရှိပြီဖြစ်ပြီး ဘုရင်နောင်(အင်းစိန်)လမ်း၊ ခရေပင်လမ်းခွဲနှင့် အောင်မင်္ဂလာအဝေးပြေးလမ်း၊ ကမ္ဘာအေးလမ်းမကြီးနှင့် ယခုပေါက်တော အင်းစိန်လမ်းမကြီးတွင် ခါးပိုက်နှိုက်ခံရခြင်းဖြစ်ပြီး မိသားစုဝင်ငါးဦးတွင် တက္ကသိုလ်ဝင်တန်းနှင့် ပဉ္စမတန်း ကျောင်းသားနှစ်ဦးလည်းရှိကာ ကားလက်မှတ်ရောင်းရငွေ ပြန်လည်စိုက်သွင်းရမည်ဖြစ်၍ အခက်အခဲကြုံတွေ့ခဲ့ရကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

ဇူလိုင် ၂၆ ရက် နေ့လယ်ပိုင်းကလည်း အင်းစိန် ညောင်ပင်မှတ်တိုင်မှ လှိုင်သာယာ တံတားဖြူမှတ်တိုင်သို့ YBS (၇၉) ဖြင့် လိုက်ပါလာသည့် သတင်းသမားတစ်ဦး၏ ဇနီးသည်မှာလည်း ပေါက်တောဝနှင့် လှိုင်သာယာ တစ်ထိပ်မှတ်တိုင်အကြား အောင်ဇေယျကြိုးတံတားပေါ်တွင် ဖုန်းတစ်လုံးနှင့်အတူ ငွေကျပ် ၂၆၀၀၀ ကို ယာဉ်ပေါ်တွင် ခါးပိုက်နှိုက်ခံရမှုများ ရှိခဲ့ကြောင်း သိရသည်။ သို့ပါ၍ ခရီးသွားပြည်သူများအား အလစ်အငိုက်တွင် ခါးပိုက်နှိုက်များ လှုပ်ရှားနေမှုကို ထိရောက်စွာ နှိမ်နင်းပေးရန် ခရီးသွားပြည်သူများက လိုလားလျက်ရှိသည်။ **သန်းထိုက် (လှိုင်သာယာ)**

# တပ်ကုန်း၌ မူးယစ်ဆေးသုံးစွဲသူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**တပ်ကုန်း ဇူလိုင် ၂၇**

နေပြည်တော် တပ်ကုန်းမြို့ ဆရာစံရပ်ကွက် မနောသုခလမ်းနေ ဦးတင်အောင်စိုး နေအိမ်၌ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲနေကြောင်း သတင်းအရ ဇူလိုင် ၂၆ ရက် ညနေက နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သန့်ဇင်ဖြိုးနှင့်အဖွဲ့က ဝင်ရောက်ရှာဖွေရာ တင်အောင်စိုး(ခ)အူဝဲ (၂၇ နှစ်)နှင့် အိမ်အပေါ်ထပ်တွင် ကိုနိုင်(ခ)စည်သူ (၃၄ နှစ်) မြဝတီရပ်ကွက်နေသူတို့ကို တွေ့ရှိရ၍ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၂ ပြားနှင့် ငွေကျပ် ၈၅၀၀၀၊ မူးယစ်ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ တွေ့ရှိရပြီး နေအိမ်အပေါ်ထပ်ရှိ ကိုနိုင် ပြတင်းပေါက်မှ ပစ်ချလိုက်သည့် အအေးစုပ်ပိုက်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၃၄ ပြားနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိ၍ လက်ဝယ်ထားရှိသူ တင်အောင်စိုးနှင့် ကိုနိုင်တို့ကို ဥပဒေအရဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းတာ (တပ်ကုန်း)**

# မြန်မာအမျိုးသားဖူဆယ်အသင်း ခြေစမ်းပွဲထပ်မံကစားမည်

**ရန်ကုန် ဇူလိုင် ၂၇**

ဆီးဂိမ်းပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုများပြုလုပ်နေသည့် မြန်မာအမျိုးသား ဖူဆယ်အသင်းသည် ဇူလိုင် ၂၈ ရက် **(ယနေ့)**တွင် ထိုင်းနာမည်ကြီးကလပ် ထိုင်းဆိပ်ကမ်းအသင်းနှင့် ခြေစမ်းပွဲထပ်မံယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသားဖူဆယ်အသင်းသည် ဇူလိုင် ၂၁ ရက် ကတည်းက ထိုင်းနိုင်ငံ၌ လေ့ကျင့်နေခြင်းဖြစ်ပြီး ခြေစမ်းပွဲသုံးပွဲကစားထားရာတွင် သုံးပွဲစလုံး ရှုံးနိမ့်ထားသည်။ မြန်မာဖူဆယ်အသင်းသည် ဗန်ကောက် BTS အသင်းကို သုံးဂိုး-တစ်ဂိုး၊ ကန်ဆန်ဘမ်ဘစ်တက္ကသိုလ်အသင်းကို ခြောက်ဂိုး-နှစ်ဂိုး၊ ထိုင်းလက်ရွေးစင်အသင်းကို ခုနစ်ဂိုး-လေးဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအမျိုးသားဖူဆယ်အသင်းသည် ယခုလကုန်ပိုင်းအထိ လေ့ကျင့်သွားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲ ထပ်မံကစားမည်ဖြစ်ကာ ဇူလိုင် ၃၀ ရက်တွင် ထိုင်းလက်ရွေးစင်အသင်းနှင့် ထပ်မံခြေစမ်းမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ(အမျိုးသား)ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များဆက်လက်ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၇**

၂၀၁၇ ခုနှစ် နဝမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ (အမျိုးသား) ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများ၌ ကျင်းပရာ နံနက်ပိုင်းပွဲစဉ်များအဖြစ် ဇူလိုင် ၂၇ ရက် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)၌ အုပ်စု(က)ပွဲစဉ်၌ ပညာရေးဝန်ကြီးဌာနအသင်းက နေပြည်တော် စည်ပင်သာယာရေးကော်မတီအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီး ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ် (၃)တွင် အုပ်စု(ခ)ပွဲစဉ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်းက ငါးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေ ၃ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းအမှတ်(၁)တွင် အုပ်စု(ဂ)ပွဲစဉ်၌ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအသင်းက ခုနစ်ဂိုး-လေးဂိုးဖြင့်အနိုင်ရပြီး ဝဏ္ဏသိဒ္ဓိ အားကစားလေ့ကျင့်ရေးကွင်းအမှတ်(၄)တွင် အုပ်စု (ဃ) ပွဲစဉ်၌ ပြည်ထောင်စုရှေ့နေချုပ်ရုံးအသင်းကို ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဇူလိုင် ၂၉ ရက်နေ့ ရှုံး/ထွက် ပွဲစဉ်များအဖြစ် နံနက် ၇ နာရီခွဲတွင် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လည်းကောင်း၊ ညနေပိုင်းပွဲစဉ်များကို ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်း အမှတ်(၁)နှင့် ဝဏ္ဏသိဒ္ဓိအားကစား လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**(မြန်မာ့အလင်း)**

# ရတနာပုံတက္ကသိုလ် ကာယဗလမောင်၊ မယ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကျင်းပ

**မန္တလေး ဇူလိုင် ၂၇**

၂၀၁၆-၂၀၁၇ ပညာသင်နှစ် ရတနာပုံတက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ကာယဗလမောင်နှင့်ကာယအလှမယ်ဆပ်ကော်မတီက ကြီးမှူးကျင်းပသည့် ကာယဗလမောင်၊ ကာယအလှမယ်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲကို ဇူလိုင် ၂၆ ရက်က ရတနာပုံတက္ကသိုလ်ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ပါမောက္ခချုပ် ဒေါက်တာအေးကျော်က အမှာစကားပြောကြားပြီး ကာယဗလမောင်ပြိုင်ပွဲ၊ ကာယအလှမယ် (အငယ်တန်း/အကြီးတန်း)ပြိုင်ပွဲနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲများကို ကျင်းပရာ ဘာသာရပ်အသီးသီးကိုယ်စားပြုကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင်ကြသည်။

ကာယဗလမောင်ပြိုင်ပွဲတွင် ကုန်ထုတ်ဓာတုဗေဒဘာသာရပ်မှ မောင်ရန်ပိုင်စိုးက ပထမ၊ ဓာတုဗေဒဘာသာရပ်မှ မောင်ဝေယံပိုင်က ဒုတိယနှင့် သတ္တဗေဒဘာသာရပ်မှ မောင်အောင်မင်းသိန်းက တတိယဆုရရှိခဲ့ကြပြီး ကာယအလှမယ်(အငယ်တန်း)တွင် ဓာတုဗေဒဘာသာရပ်မှ မဖြိုးပြည့်ကျော်က ပထမ၊ ဥပဒေပညာဘာသာရပ်မှ မသက်မွန်စိုးက ဒုတိယနှင့် သင်္ချာဘာသာရပ်မှ မခိုင်ဝင်းစုက တတိယရရှိခဲ့သည်။

ကာယအလှမယ်(အကြီးတန်း)တွင် ဓာတုဗေဒဘာသာရပ်မှ မစန်းဟေမာဝင်းက ပထမ၊ ဥပဒေပညာဘာသာရပ်မှ မမြင့်ကေသီချိုက ဒုတိယနှင့် ရူပဗေဒဘာသာရပ်မှ မခင်မြတ်နိုးက တတိယရရှိခဲ့ကြပြီး အမျိုးသမီးကာယကြံ့ခိုင်မှုမယ်ပြိုင်ပွဲတွင် စာကြည့်တိုက်နှင့် သုတပညာဘာသာရပ်မှ မလွင်လွင်မြင့်က ပထမ၊ ပထဝီဝင်ဘာသာရပ်မှ မကေကေခိုင်က ဒုတိယနှင့် ဥပဒေပညာဘာသာရပ်မှ မမိုးသူဇာကျော်က တတိယရရှိခဲ့ရာ ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာအေးကျော်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**တင်မောင်(မန္တလေး)**

## နိုင်ငံတကာဘောလုံးလောက သတင်းတိုများ



- မန်ချက်စတာယူနိုက်တက်အသင်းသည် ချယ်လ်ဆီးအသင်း၏ အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမား နီမန်ဂျာမာတစ်ကို ခေါ်ယူရန် ဆန္ဒပြင်းပြလျက်ရှိနေသေးကြောင်း သိရသည်။ မန်ယူအသင်းက အဆိုပါကစားသမားကို ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်နေကြောင်းလည်း သိရသည်။
- ပီအက်စ်ဂျီအသင်းသည် ဘာစီလိုနာအသင်း၏ အသက် ၂၅ နှစ်အရွယ် ဘရာဇီးတိုက်စစ်မှူး နေမာကို လာမည့် ၁၅ ရက်အတွင်း ပေါင် ၁၉၈ သန်းဖြင့် အဆုံးသတ်ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း သိရသည်။
- မန်စီးတီးအသင်းနည်းပြ ပက်ဂွာဒီယိုလာက ၎င်း၏အသင်းမှာ မိုနာကို လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီကို ခေါ်ယူရေးနှင့်ပတ်သက်ပြီး ရီးရဲမက်ဒရစ်အသင်းနှင့် ယှဉ်ပြိုင်ခေါ်ဆိုနိုင်သည့် ဘဏ္ဍာငွေများရှိကြောင်း ဆိုသည်။
- အာဆင်နယ်အသင်းသည် မိုနာကိုအသင်း၏ ပြင်သစ်ကွင်းလယ်ကစားသမား သောမက်စ်လီမာကို ပေါင် ၄၅ သန်းဖြင့် ခေါ်ယူရန်နီးစပ်လာပြီဟု သည်ဆန်းသတင်းဌာနက ဆိုထားသော်လည်း မိုနာကိုဒုတိယဥက္ကဋ္ဌ ဗာဒင်ဗာဆီးလ်ယက်ဗ်က အဆိုပါ အသက် ၂၁ နှစ်အရွယ် ကွင်းလယ်ကစားသမားကို ရောင်းထုတ်မည်မဟုတ်ကြောင်း ပြောဆိုပြီးနောက် မိုနာကိုအသင်းတွင် ဆက်ရှိနေမည်ဟု မက်ထရိုသတင်းဌာနက ဆိုပြန်သည်။
- ဂျာမန်ကလပ် ဒေ့မွန်အသင်း၏ အသက် ၂၁ နှစ် အရွယ် စပိန်ကွင်းလယ်ကစားသမား မီရီနိုသည် နယူးကာဆယ်အသင်းနှင့်စာချုပ်ရန် နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။
- အဲဗာတန်အသင်းမန်နေဂျာ ရော်နယ်ကိုးမန်းက ဗဟိုခံစစ်ကစားသမားတစ်ဦး၊ တိုက်စစ်မှူးတစ်ဦးနှင့် ဆွမ်ဆီးအသင်း၏ အသက် ၂၇ နှစ်အရွယ် ကွင်းလယ်တိုက်စစ်ကစားသမား ဆီဂတ်ဆန်တို့ကို ခေါ်ယူချင်ကြောင်း ဆိုသည်။
- မစ်ဒယ်ဘရော့အသင်းသည် ဝက်စ်ဟမ်းအသင်း၏ အသက် ၂၁ နှစ်အရွယ် တိုက်စစ်မှူး အက်ရှ်လေဖလက်ချာကို ပေါင် ခုနစ်သန်းဖြင့် ကမ်းလှမ်းမှုပြုလုပ်လိုက်ကြောင်း သိရသည်။
- ဘာမင်ဂမ်အသင်းသည် မစ်ဒယ်ဘရော့အသင်း၏ အသက် ၃၃ နှစ်အရွယ်ရှိ တောင်ပံကစားသမား စတီးဝပ်ဒေါင်းနင်းကို ခေါ်ယူရန်နီးစပ်နေပြီဖြစ်ကြောင်း သိရသည်။
- အာဆင်နယ်အသင်း၏ အသက် ၂၅ နှစ်အရွယ် ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှီးယားက အာဆင်နယ်အသင်းမှ ထွက်ခွာဖြစ်ခဲ့လျှင် အင်္ဂလန်မှာပင် ဆက်နေချင်ကြောင်း ဆိုသည်။

**ဇော်ဇော်**


### မွေးသက္ကရာဇ်အမှန်နှင့် မိဘအမည်မှန်
ကွမ်းလုံမြို့နယ်၊ ဟိုလီအထက်တန်းကျောင်း ပဉ္စမတန်းမှ မောင်ဖြိုးသက်မောင်၏ မွေးသက္ကရာဇ်အမှန်မှာ၁၂-၁၀- ၂၀၀၅ နှင့် မိဘအမည်မှန်မှာ ဦးကျန်ကွီးလုံနှင့် ဒေါ်ကျုံးဟွေ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ် အလက(၁၉)ထခွဲ တက္ကသိုလ်ဝင်တန်း(က)မှ မောင်ရှိင်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးသဲမောင်၉/အမဇ(နိုင်)၀၂၇၃၁၆ ဖြစ်ပါကြောင်း။ **ဦးသဲမောင်**

### ဖခင်အမည်မှန်
ညောင်ရွှေမြို့၊ အလကသာလေး၊ တက္ကဝင်တန်း(ခ)မှ မနန်းစန္ဒီဦး၏ ဖခင် အမည်မှန်မှာ ဦးဇော် ၁၃/ညရန(နိုင်) ၀၁၂၈၄၄ ဖြစ်ပါကြောင်း။ **ဦးဇော်**

### ဖခင်အမည်မှန်
ညောင်ရွှေမြို့၊ အထက၊ သာလေးတက္ကသိုလ်ဝင်တန်း(ခ)မှ မနန်းခမ်းထွန်း ဖခင်အမည်မှန်မှာ ဦးပန်းဆွေ ၁၃/ ညရန(နိုင်) ၀၆၇၉၅၇ ဖြစ်ပါကြောင်း။ **ဦးပန်းဆွေ**

### ဖခင်အမည်မှန်
မြင်းခြံမြို့ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မောင်ဝင်းထူးအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး ၉/မကန(နိုင်)၀၅၉၇၆၂ ဖြစ်ပါကြောင်း။ **ဦးဇော်မင်းဦး**

### ဖခင်အမည်မှန်
ရေစကြိုမြို့ အထက(၂)ဖူလုံ တက္ကသိုလ်ဝင်တန်း(B)မှမောင်အောင်ဇော်မိုးနှင့် နဝမတန်း(C)မှ မဇော်ဇော်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၈/ရစက(နိုင်)၁၂၃၆၁၁ ဖြစ်ပါကြောင်း။ **ဦးကျော်မိုး**

### ဖခင်အမည်မှန်
ညောင်ရွှေမြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(ဂ)မှ မမိုးသူဇာမြင့်၏ ဖခင်အမည်မှန်မှာ ဦးအုန်းကျော် ၁၃/ညရန(နိုင်) ၁၀၈၂၁၆ ဖြစ်ပါ ကြောင်း။ **ဦးအုန်းကျော်**

### အမည်မှန်
ဦးစိုင်းစံဆိုင်(ခ) ဦးဇင်ကိုထက်၏ သမီး အထက(၂) ညောင်ရွှေ၊ ပဉ္စမတန်း(ဂ)မှ မနန်းဆုပြည့်ထက်၏ အမည်မှန်မှာ မနန်းစံလင်းခမ်း ဖြစ်ပါကြောင်း။ **မနန်းစံလင်းခမ်း**

### ဖခင်အမည်မှန်
ရန်ကုန်မြို့၊ တာမွေမြို့နယ် အထက(၂)တာမွေ သတ္တမတန်း(C)မှ မချိုသဥ္ဇာသွယ်၏ ဖခင်အမည်မှန်မှာ ဦးစောအောင် ၁၂/ဥကတ(နိုင်)၁၆၅၁၇၄ ဖြစ်ပါကြောင်း။ **ဦးစောအောင်**

### အမျိုးသိစေရန်ကြေညာခြင်း
ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြနန္ဒာအိမ်ရာ၊ တိုက်(၁)၊ အခန်း ၃၀၂နေ ကျွန်တော်ဦးအောင်မြင့်သန်း ၁၂/မရက(နိုင်)၁၁၁၁၁၄နှင့် ဒေါ်နော်အဲဖောလေး ၁၂/ လမန(နိုင်)၁၂၉၂၈၈တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့ပါသဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးလုံးဝသက်ဆိုင်ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင်တွင် ကျွန်တော်/ကျွန်မတို့နှစ်ဦးနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့်ကိစ္စအဝဝသည် တစ်ဦးနှင့်တစ်ဦး လုံးဝသက်ဆိုင်ပတ်သက်မှုမရှိတော့ပါကြောင်းနှင့်တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။
**ဦးအောင်မြင့်သန်း-ဒေါ်နော်အဲဖောလေး**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ မ/ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ တိုက်အမှတ်(၈၈၉)၊ (ခေါင်းရင်းခန်း)၊ ပထမထပ်၊ အကျယ်အဝန်း ပေ(၁၁×၄၇)အကျယ်ရှိ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံလာ၍ ကန့်ကွက်နိုင်ပါသည်။
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကြိုင် (LL.B, LL.M)**
**အထက်တန်းရှေ့နေ (စဉ်-၂၄၇၆၉)**
**ဖုန်း-၀၉-၅၄၁၆၈၈၃**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၆ယ/၃၇၀၉၂ Jialing JL 90 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးကျော် ၇/ပမန(နိုင်)၀၄၁၂၀၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**

### ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ကန်/နောက်ရပ်ကွက်၊ (၈၈)လမ်း၊ တိုက်အမှတ်(၁၄)ရှိ အခန်းအမှတ်(၄လွှာ/ဘီ)၊ နှစ်ခန်းတွဲရှိ တိုက်ကိုမျက်နှာမူသော် ၄လွှာ(ဝဲဘက်ခန်း)၊ (၁၅ပေ+၆၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းသည် ဒေါ်အေးအေးလွင် ၉/မထလ(နိုင်)၀၃၅၁၂၀ထံ လက်ဝယ်ထားရှိပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ မည်သည့်ပြဿနာမျှ မရှိကြောင်း၊ အဆိုပါတိုက်ခန်းကို လွှဲပြောင်းရောင်းချရန်အတွက် ဒေါ်အေးအေးလွင်မှ ဒေါ်မြင့်မြင့်သန်း ၁၂/မဂတ(နိုင်)၀၄၇၈၈၉အား လွှဲအပ်ထားကြောင်း ဒေါ်မြင့်မြင့်သန်းက တာဝန်ယူဝန်ခံပြောဆိုပြီး ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်မက ဝယ်ယူရန် လက်ခံသဘောတူပြီး ရောင်းဖိုးတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းအရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်မတို့ထံလာ ရောက်ကန့်ကွက်ကြပါရန်နှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်စန္ဒာမြင့်**
**၁၂/ရကန(နိုင်)၀၅၈၈၅၂**
**အမှတ်-၁၃၄၆၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊အရှေ့ဒဂုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၃၁၅၅၈၁၂၈၊ ၀၉-၄၄၃၀၆၃၉၂၅**

### အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေးအဖွဲ့(၁)မှ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ပြည်ထောင်စုရန်ပုံငွေနှင့်ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ မတူပီ-ပလက်ဝလမ်းပေါ်ရှိ ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများဝယ်ယူခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းများအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါစနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းခွင်အရောက် ဝယ်ယူ/သယ်ယူလိုပါ၍ တင်ဒါပေးသွင်းလိုသူများတင်ဒါပေးသွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

တင်ဒါတင်သွင်းမည့်ပစ္စည်းများသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ အရည်အသွေးထိန်းသိမ်းရေးဌာနခွဲ(သုဝဏ္ဏ)တွင် အရည်အသွေး စစ်ဆေးပြီးစစ်ဆေးတွေ့ရှိချက် ထောက်ခံစာမူရင်း/မိတ္တူကို ညွှန်ကြားရေးမှူး(မြို့ပြ)တည်ဆောက်ရေးအဖွဲ့(၁)ထံတွင် ၃-၉-၂၀၁၇ရက် နောက်ဆုံးထားတင်ပြရပါမည်။

၁။ **တင်ဒါလျှောက်လွှာပုံစံ စတင်ရောင်းချမည့်ရက်** - ၂၈-၇-၂၀၁၇ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၈-၈-၂၀၁၇ရက် ၁၅:၀၀နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၄-၉-၂၀၁၇ရက် ၁၀:၀၀နာရီ
၄။ **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး လမ်းဦးစီးဌာန ချင်းပြည်နယ်၊ ဟားခါးမြို့

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကုလားတန်မြစ်ကူး(ပလက်ဝ)တံတားနှင့် ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ချင်းပြည်နယ်(ဟားခါးမြို့) တွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။
**တင်ဒါကော်မတီ**
**တည်ဆောက်ရေးအဖွဲ့(၁)**
**(ပလက်ဝ)ဖုန်း-၀၉-၂၆၀၅၆၄၆၅၈၊ ၀၉-၄၉၃၀၁၅၅၉**
**(ဟားခါး)ဖုန်း-၀၉-၄၃၀၃၅၄၈၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၈ဏ/၄၈၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးအောင်အောင် ၇/တငန(နိုင်)၁၃၉၅၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်းအောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

### ကန့်ကွက်နိုင်ပါကြောင်း
ပုသိမ်မြို့၊ (၁)ရပ်ကွက်၊ အကွက်အမှတ်(၅၁)အကောက်ဆိပ်အကွက်၊ ဦးပိုင်အမှတ်(၄၁၀/ခ)၊ ဧရိယာ ၀ဒသမ ၀၃၀ဧကရှိ မြေကို ဦးအောင်ဇော်ထိုက် အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာသည့်ရက်မှစ၍ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်ပါသည်။
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်။**

### ဖခင်အမည်မှန်
မိတ္ထီလာမြို့၊ အလက(၉)တပ်မြေ၊ ဆဋ္ဌမတန်း(B)မှ မောင်ကျော်သူနှင့် အထက(၃) နဝမတန်း(C)မှ မောင်ကျော်ရဲအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတင်မိုး ၉/မထလ(နိုင်) ၂၄၆၆၁၀ ဖြစ်ပါကြောင်း။

### အမည်မှန်
ကျောက်တံခါးမြို့၊ ဈေးပိုင်းရပ်ကွက် ဈေးပိုင်း ၅လမ်းနေ ဦးစောကျော်မြင့်-နော်လဲဖောတို့၏သမီး နော်ဘလုတိုဖော ၇/ကတခ(နိုင်) ၁၅၂၁၉၈၏ အမည်မှန်မှာ နော်ပလုတိုဖောဖြစ်ပါသည်။
**နော်ပလုတိုဖော**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 7F/9314 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6G/4303, Daihatsu Hijet S 2000p, P/U(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်မေရီ ၃/ကကရ(နိုင်)၁၁၀၃၈၈၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

### ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးဝင်းသန်း ၇/ပမန(နိုင်)၀၈၈၈၇၆ ပိုင်ဆိုင်သော ယာဉ်အမှတ် 4C/1262 Myanmar Double Cab MDC-GT, Pick Up(4x4)(L)၏ ကားအုံနာဘုတ်စာအုပ်နှင့် အာမခံစာအုပ်များ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၅၃၁၂၃၆၃**

# လောင်စာဆီအင်ဂျင်သုံးယာဉ်များကို အနာဂတ်တွင် ဗြိတိန်ပိတ်ပင်သွားမည်

**လန်ဒန် ဇူလိုင် ၂၇**
ဗြိတိန်အာဏာပိုင်များသည် လေထုညစ်ညမ်းမှုကို လျှော့ချရေးလုပ်ဆောင်သွားရန်အလေးအနက်ကတိပေးအပ်လျက်ရှိပြီး လာမည့် ၂၀၄၀ မှစတင်ကာ ဓာတ်ဆီနှင့်ဒီဇယ်အင်ဂျင်သုံး မော်တော်ယာဉ်အသုံးပြုမှုများကို ပိတ်ပင်သွားမည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

အာဏာပိုင်များက ၎င်းတို့အနေဖြင့် လျှပ်စစ်စွမ်းအင်သုံးယာဉ်များ ကမ္ဘာအနှံ့တွင် အသုံးပြုမှုတွင်ကျယ်လာအောင် ဦးဆောင်သွားမည်ဖြစ်ပြီး နည်းပညာများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဥရောပကားထုတ်လုပ်ရေးကုမ္ပဏီအချို့ကလည်း လောင်စာဆီအင်ဂျင်သုံးကားများကို ပပျောက်သွားအောင် အဆင့်ဆင့်ပြောင်းလဲဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဟု အလေးအနက် ပြောကြားခဲ့ကြသည်။

ဆွီဒင်ရှိ Volvo ကားကုမ္ပဏီက လာမည့် ၂၀၁၉ ခုနှစ်မှစတင်ကာ လျှပ်စစ်စွမ်းအင် သို့မဟုတ် နှစ်မျိုးပေါင်းစပ်စွမ်းအင်သုံးကားများကို လုံးဝအသုံးပြုသွားနိုင်ရေးအတွက်ဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။ ဂျာမနီနိုင်ငံပိုင် BMW ကားကုမ္ပဏီကမူ ရနိုင်သမျှမော်ဒယ်အမျိုးအစားများဖြင့် လျှပ်စစ်ကားများကို စတင်သုံးစွဲသွားနိုင်ရန်စီစဉ်နေပြီဖြစ်သည်ဟု ဆိုသည်။

ဗြိတိန်နိုင်ငံ၏အစိုးအစဉ်သည် လာမည့် ၂၀၄၀ တွင် လောင်စာဆီအင်ဂျင်သုံးကားများရောင်းဝယ်မှုကိုအဆုံးသတ်အောင်ဆောင်ရွက်သွားမည်ဟု ယခုလအတွင်းက အလေးအနက်ပြောဆိုခဲ့သည့် ပြင်သစ်နိုင်ငံ၏ အစီအစဉ်နှင့် ထပ်တူကျလျက်ရှိသည်။

**(အင်န်အိတ်ချ်ကေ)**




# လိင်ပြောင်းလဲထားသူများကို တပ်ဖွဲ့ဝင်အဖြစ် လက်ခံမည်မဟုတ်ကြောင်း ထရန့်ပြော

**ဝါရှင်တန် ဇူလိုင် ၂၇**
အမေရိကန်သမ္မတဒေါ်နယ်ထရန့်က လိင်ပြောင်းလဲထားသူများ စစ်ဘက်တာဝန်ထမ်းဆောင်ခြင်းကို လက်ခံခွင့်ပြုမည် မဟုတ်ကြောင်း မကြာသေးမီက လူမှုကွန်ရက်စာမျက်နှာတွင် ပြောကြားခဲ့သည်။ အဆိုပါ ပြောကြားချက်သည် အမေရိကန်နိုင်ငံအတွင်း အငြင်းပွားမှုကြီးတစ်ရပ် ဖြစ်ပွားစေခဲ့ကြောင်းသိရသည်။

လိင်ပြောင်းလဲထားသူများသည် တပ်ဖွဲ့အတွင်း ဆေးဝါးကုသရေးပိုင်းဆိုင်ရာ အရင်းအနှီးပိုမိုများပြားလာစေမည်ဖြစ်ကြောင်း၊ ထို့အပြင် ဖွဲ့စည်းပုံကို အနှောင့်အယှက်ဖြစ်စေကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး စစ်ဘက်ဆိုင်ရာခေါင်းဆောင်များနှင့် ပညာရှင်တို့ဖြင့် ဆွေးနွေးတိုင်ပင်မှု ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

ထရန့်၏ပြောဆိုမှုနှင့်ပတ်သက်ပြီး မထင်မှတ်ထားကြောင်း အမေရိကန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက သဘောထားတစ်ရပ်ထုတ်ပြန်ခဲ့ပြီး ထရန့်၏ ညွှန်ကြားမှုအသစ်နှင့် ပတ်သက်ပြီး အိမ်ဖြူတော်နှင့် အတူတကွ ညှိနှိုင်းဆောင်ရွက်မှုပြုလုပ်နေကြောင်းနှင့် ပြန်လည်အတည်ပြုသည့် ညွှန်ကြားမှုများကို ကာကွယ်ရေးဝန်ကြီးဌာနအရာရှိထံသို့ အမြန်ဆုံး သတင်းပို့သွားမည်ဖြစ်ကြောင်းသိရသည်။

အိမ်ဖြူတော်နှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့က ဒေါ်နယ်ထရန့်၏ ညွှန်ကြားမှုကို ဆောင်ရွက်နိုင်ရန် အတူတကွ ကြိုးပမ်းနေကြောင်း သိရသည်။

ထရန့်၏ပြောဆိုမှုသည် အမေရိကန်နိုင်ငံရေးနယ်ပယ်နှင့် လူမှုရေးကဏ္ဍပုဂ္ဂိုလ်အသီးသီးတို့၏ လက်မခံမှုကိုဖြစ်ပွားစေခဲ့သည်။ အမေရိကန်နိုင်ငံ သမ္မတဟောင်း ဂျင်မီကာတာက ထရန့်၏ပြောဆိုမှုနှင့် ပတ်သက်ပြီး ထုတ်ပြန်ကြေညာချက်တစ်ခုပြုလုပ်ခဲ့ရာ ယင်းထုတ်ပြန်ချက်တွင် တပ်ဖွဲ့ဝင်တစ်ယောက်အနေဖြင့် အရေးကြီးဆုံးမှာ တာဝန်ကို ကောင်းမွန်စွာ ထမ်းဆောင်နိုင်ခြင်း ရှိမရှိသာဖြစ်ပြီး အခြားသတ်မှတ်ချက်များဖြင့် စစ်မှုထမ်းခွင့်သတ်မှတ်ခြင်းသည် စစ်တပ်အတွင်း ဩဇာသက်ရောက်မှု မရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ကာကွယ်ရေးတပ်ဖွဲ့အတွင်း လိင်ပြောင်းလဲထားသူ မည်မျှရှိကြောင်း ထုတ်ဖော်ပြောဆိုရန် ငြင်းဆိုခဲ့သော်လည်း အမေရိကန်နိုင်ငံ ရန့်ဒ်အကြံပေးအဖွဲ့အစည်း၏ ၂၀၁၆ ခုနှစ် ထုတ်ပြန်ခဲ့သည့် ကြေညာချက်တွင် စမ်မှုထမ်းတပ်သားပေါင်း ၁ ဒသမ ၃ သန်းခန့်ရှိပြီး လိင်ပြောင်းလဲထားသူ ပေါင်း သောင်းနှင့်ချီရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**




# ယူတားပြည်နယ်တွင် လေယာဉ်တစ်စင်း အဝေးပြေးလမ်းပေါ်သို့ပျက်ကျရာ လေးဦးသေဆုံး

**ဝါရှင်တန် ဇူလိုင် ၂၇**
အမေရိကန်ပြည်ထောင်စု အနောက်ပိုင်းယူတားပြည်နယ် အဝေးပြေးလမ်းမပေါ်သို့ ယမန်နေ့က လေယာဉ်ငယ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ လေးဦးလုံးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းရင်းမြစ်များတွင် ဖော်ပြသည်။

ပျက်ကျလေယာဉ်မှာ ဘိချ်အေ ၃၆ ဘိုနန်ဇာလေယာဉ်အမျိုးအစားဖြစ်ပြီး ယူတားပြည်နယ်မြို့တော် ဆော့ခ်လိခ်မြို့ မြောက်ဘက် ကီလိုမီတာ ၆၀ အကွာရှိ လေဆိပ်မှ ထွက်ခွာပြီးနောက် မိုင်ဝက်ခန့်အရောက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

လေယာဉ်မှာ အဝေးပြေးလမ်းပေါ်ရှိ ယာဉ်များအား မတိုက်မိဘဲ လွဲချော်သွားခဲ့သော်လည်း အနီးရှိ ယာဉ်မောင်းများက ကူညီရန် အဆိုပါလေယာဉ်နားသို့ အပြေးအလွှားသွားရောက်ခဲ့ကြောင်းသိရသည်။

အဆိုပါလေယာဉ်သည် အဝေးပြေးလမ်းပေါ်သို့ ဦးစိုက်ထိုးဆင်းခဲ့ကြောင်း၊ ထို့နောက် ပေါက်ကွဲပြီး လမ်းတစ်ခုလုံး မီးတောက်များဖုံးလွှမ်းသွားခဲ့ကြောင်း ယာဉ်မောင်းတစ်ဦးက ကေအက်စ်အယ်လ်သတင်းလိုင်းသို့ ပြောကြားခဲ့သည်။ မည်သည့်အတွက်ကြောင့် လေယာဉ်ပျက်ကျရသနည်းဆိုသည်ကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောလကလည်း လေယာဉ်ပျက်ကျမှုတစ်ခုဖြစ်ပွားခဲ့ရာ ၈၂ ရက်ကြာကမ္ဘာပတ်ခဲ့သူ အတွေ့အကြုံရှိ လေယာဉ်မှူးတစ်ဦးအပါအဝင် လူနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# တောင်တရုတ်ပင်လယ်သို့ စစ်သင်္ဘောများစေလွှတ်ရန် ဗြိတိန်စီစဉ်

**လန်ဒန် ဇူလိုင် ၂၇**
အငြင်းပွားမှုများဖြစ်ပေါ်လျက်ရှိသည့် တောင်တရုတ်ပင်လယ်ဆီသို့ ဗြိတိန်က လာမည့်နှစ်တွင် ပင်လယ်ရေကြောင်းသွားလာမှု လွတ်လပ်ခွင့်ဆိုင်ရာလေ့ကျင့်မှုများကိုလုပ်ဆောင်ရန်အလို့ငှာ စစ်သင်္ဘောများစေလွှတ်ရန်စီစဉ်ထားကြောင်း ကာကွယ်ရေးဝန်ကြီးမိုက်ကယ်ဖယ်လွန်က ကြာသပတေးနေ့တွင်ပြောကြားခဲ့ကြောင်း သိရသည်။

စစ်သင်္ဘောများအား တောင်တရုတ်ပင်လယ်အတွင်းသို့ စေလွှတ်ရန်စီစဉ်မှုသည် တရုတ်နိုင်ငံကိုဒေါသထွက်စေမည့်လုပ်ဆောင်မှုတစ်ခုဖြစ်ကြောင်း နိုင်ငံရေးဝေဖန်သုံးသပ်သူများက ပြောကြားခဲ့သည်။

ဗြိတိန်သည် ပြီးခဲ့သည့်နှစ်က ဂျပန်နှင့်အတူပူးတွဲစစ်ရေးလေ့ကျင့်မှုဆောင်ရွက်ရန် ဗြိတိန်တိုက်ခိုက်ရေးရဟတ်ယာဉ်လေးစင်းကို ဒေသအတွင်းသို့ စေလွှတ်ခဲ့ပြီးနောက် တောင်တရုတ်ပင်လယ်ရေပိုင်နက်မှာ ဗြိတိန်နှင့်သက်ဆိုင်ကြောင်းကို ပိုမိုဖော်ပြသွားမည်ဖြစ်ကြောင်း မိုက်ကယ်ဖယ်လွန်က ဆိုသည်။

စွမ်းအင်နှင့်သယံဇာတကြွယ်ဝသည့်တောင်တရုတ်ပင်လယ်၏ ရေပိုင်နက်အများစုကို တရုတ်နိုင်ငံကပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသကဲ့သို့ အိမ်နီးချင်းဖြစ်သည့် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ ထိုင်ဝမ်နှင့် ဗီယက်နမ်နိုင်ငံတို့ကလည်း ပိုင်ဆိုင်ကြောင်း အငြင်းပွားလျက်ရှိသည်။ **(ရိုက်တာ)**



# အိန္ဒိယနိုင်ငံ ဂူဂျာရက်တွင် ရေကြီးမှုဖြစ်စဉ်များကြောင့် လူပေါင်း ၉၄ ဦးအထိသေဆုံး

**ဂူဂျာရက် ဇူလိုင် ၂၇**
အိန္ဒိယနိုင်ငံ အနောက်ပိုင်း ဂူဂျာရက်တွင် မိုးတွင်းကာလ ရေကြီးမှုဖြစ်စဉ်များကြောင့် သေဆုံးသူ ၉၄ ဦးအထိ ရှိလာခဲ့ပြီဖြစ်ကြောင်း ဒေသတွင်းအာဏာပိုင်များက ကြာသပတေးနေ့တွင် ပြောခဲ့သည်။

မြစ်ရေကျသွားချိန်တွင် သေဆုံးသူ အနည်းဆုံး ၁၆ ဦး၏ ရုပ်အလောင်းများကို ရေဘေးဒုက္ခခံစားခဲ့ရသော ဘာနက်စ်ကန်သာဒေသ ရှုနီခါရီယာ ပြည်နယ်အနီးရှိ မြစ်ထဲတွင် တွေ့ရှိခဲ့ရကြောင်း သိရသည်။

လတ်တလောမိုးတွင်းကာလအတွင်း ရေကြီးမှုများကြောင့် သေဆုံးသူမှာ ၉၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးတစ်ဦးဖြစ်သူ ဘူပန်တရာဆင်းဟ်ချူဒါဆာမက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါဒေသများတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်လျက်ရှိကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားသည်။ ရေကြီးမှုကြောင့် ပြည်သူ ၅၃၀၀၀ ခန့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့သွားခဲ့ကြောင်း၊ ၎င်းတို့အနက် ၈၅၁၈ ဦးသည် မိမိတို့၏အိုးအိမ်များသို့ ပြန်ရောက်နေပြီဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# ရှင်ဇိုအာဘေးရဲ့ ယခုလတ်တလော နိုင်ငံရေးခရီးလမ်း

**တင်လင်းအောင်**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးဟာ ခေါင်းဆောင်မှုအပိုင်းမှာ မိမိကိုယ်မိမိ ယုံကြည်ချက် ကင်းမဲ့တာကြောင့် လတ်တလောမှာ လူကြိုက်နည်းနေရသည့်အထဲ တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို နိုင်ငံရေးမှာလည်း ခက်ခဲမှုများနှင့် ရင်ဆိုင်နေရပါတယ်။

နောက်ဆုံးကောက်ယူခဲ့တဲ့ ပြည်သူ့စစ်တမ်းတွေအရ ရှင်ဇိုအာဘေးကို ထောက်ခံတဲ့သူဟာ ၃၀ ရာခိုင်နှုန်းအောက် လျော့နည်းနေတယ်လို့ သိရပါတယ်။ ဒီအချက်ဟာ သိပ်ကောင်းတဲ့အချက်တော့မဟုတ်ပါဘူး။ အကယ်၍ ဒီလိုမျိုး ဆက်တိုက်ကျဆင်းနေမယ်ဆိုပါက သူ့ရဲ့ဝန်ကြီးချုပ်ရာထူးအတွက်လည်း မေးခွန်းထုတ်စရာတွေ ဖြစ်နေပါတယ်။

ယခုတစ်ပတ်မှာတော့ သူဟာနိုင်ငံရေးအာဏာသုံးပြီး မိတ်ဆွေတစ်ဦးကို ကူညီခဲ့တဲ့ကိစ္စနဲ့

**ဇွဲကောင်းတဲ့ ဝန်ကြီးချုပ်ဟာ ဒီလိုမျိုး နိုင်ငံရေးလမ်းကြောင်းမှာပြောပလောက်အောင် အောင်မြင်မှုမရခဲ့သော်လည်း လာမည့် ၂၀၁၈ ခုနှစ်ရွေးကောက်ပွဲမှာ တတိယသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ သိရသလို အကယ်၍ သူကိုယ်သာ ပြန်လည်ရွေးချယ်ခံရမယ်ဆိုပါက စစ်ပြီးခေတ်မှာ တာဝန်သက်တမ်းအကြာဆုံးထမ်းဆောင်ခဲ့တဲ့ ဂျပန်ခေါင်းဆောင်တစ်ဦးဖြစ်လာမှာ မြေကြီး လက်ခတ်မလွဲပါဘူး**



ပတ်သက်ပြီးတော့ လွှတ်တော်နှစ်ရပ်လုံးရဲ့စောကြောမှုတွေနဲ့ သာမက သဘောထားတင်းမာမှုတွေနဲ့လည်း ရင်ဆိုင်နေရပါတယ်။

မစ္စတာအာဘေးအနေနဲ့သူ့မှာ အပြစ်မရှိကြောင်း အလေးအနက် ပြောကြားခဲ့သော်လည်း အရိပ်လိုတွယ်ကပ်နေတဲ့စွပ်စွဲမှုများနှင့် အခြားသူများ၏ သဘောထားအမြင်များကသူ၏ အနာဂတ်နိုင်ငံရေးကို နှောင့်ယှက်ကောင်းနှောင့်ယှက်နိုင်ပါတယ်။

လတ်တလောမှာ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးအနေနဲ့ သူ့ရဲ့နိုင်ငံရေးလမ်းကြောင်းနဲ့ပတ်သက်ပြီး လေထန်၊ မိုးသည်းအခြေအနေတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတယ်လို့ ဆိုရင် မှားမယ် မထင်ပါဘူး။

၂၀၁၂ ခုနှစ်ကစပြီး ဝန်ကြီးချုပ်ဖြစ်လာတဲ့ ရှင်ဇိုအာဘေးဟာ တိုးတက်မှုမရှိဘဲ တန့်နေတဲ့စီးပွားရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်မယ်လို့ ကတိပေးခဲ့ပါတယ်။ သို့သော်လည်း ဂျပန်နိုင်ငံရဲ့စီးပွားရေးအခြေအနေဟာ ပြောရလောက်အောင် မတိုးတက်တာကို တွေ့ရမှာဖြစ်ပါတယ်။

ဇွဲကောင်းတဲ့ ဝန်ကြီးချုပ်ဟာ ဒီလိုမျိုးနိုင်ငံရေးလမ်းကြောင်းမှာ ပြောပလောက်အောင် အောင်မြင်မှုမရခဲ့သော်လည်း လာမည့် ၂၀၁၈ ခုနှစ်ရွေးကောက်ပွဲမှာ တတိယသက်တမ်းအတွက် ဝင်ရောက်ယှဉ်ပြိုင်မယ်လို့သိရသလို အကယ်၍ သူသာ ပြန်လည်ရွေးချယ်ခံရမယ် ဆိုပါက စစ်ပြီးခေတ်မှာ တာဝန်သက်တမ်းအကြာဆုံး ထမ်းဆောင်ခဲ့တဲ့ ဂျပန်ခေါင်းဆောင်တစ်ဦး ဖြစ်လာမှာ မြေကြီးလက်ခတ်မလွဲပါဘူး။

**ဘယ်နေရာမှာ မှားခဲ့တာလဲ**

ပြည်သူလူထု ထောက်ခံမှုကျသွားတယ်ဆိုတာက မကြာသေးမီကဖြစ်ပွားခဲ့တဲ့ အရှုပ်တော်ပုံတစ်ခုကို သူ့အနေနဲ့ဘယ်လိုကိုင်တွယ်ထိန်းကျောင်းသလဲဆိုတာနဲ့ ပတ်သက်ပြီး တိုက်ရိုက်မူတည်နေပါတယ်။

ပုဂ္ဂိုလ်ရေးဆိုင်ရာ ဦးစားပေးမှုကြောင့် အခုဆိုရင်ပါလီမန်က မစ္စတာအာဘေးကို မေးခွန်းထုတ်မှုတွေလုပ်နေပါပြီ။ ဝေဖန်ရေးသမားတွေက မစ္စတာအာဘေးဟာ သူ့ရဲ့အာဏာကိုသုံးပြီး မိတ်ဆွေတစ်ဦးကို ပုဂ္ဂလိကတိရစ္ဆာန်ဆေးကုကျောင်းတစ်ကျောင်း တည်ဆောက်ဖို့အရေး သဘောတူထောက်ခံမှုရအောင်လုပ်ဆောင်ပေးခဲ့တယ်လို့ ဆိုပါတယ်။

ဒီကိစ္စဟာ ပညာရေးဝန်ကြီးဌာန ယခင်အရာရှိတစ်ဦးရဲ့စွပ်စွဲမှုပေါ်မှာ များစွာ မူတည်နေတယ်လို့သိရပါတယ်။ အဲဒီအရာရှိက တိရစ္ဆာန်ဆေးကုကျောင်း တစ်ကျောင်းတည်ဆောက်ဖို့အရေး သဘောတူထောက်ခံမှုရဖို့ မစ္စတာအာဘေးရဲ့ လက်ထောက်မှတစ်ဆင့် ဖိအားပေးခဲ့တယ်လို့ ဆိုပါတယ်။ တကယ်တော့ အဆိုပါ ကျောင်းမျိုး တည်ဆောက်ဖို့ လွန်ခဲ့တဲ့ ဆယ်စုနှစ်ငါးခု အကျော်ကာလကတည်းကပင် သဘောတူခွင့်ပြုမှုမရှိခဲ့ကြောင်း သိရပါတယ်။

**နှစ်ကြိမ်ရှုံးမိုက်မှုလား**

အခုလိုမျိုးကိစ္စဟာ မစ္စတာအာဘေးအတွက် ပထမဆုံးအကြိမ်တွေ့ကြုံခဲ့ရတာ မဟုတ်ပါဘူး။

လွန်ခဲ့တဲ့မတ်လက ပုဂ္ဂလိကမူလတန်းကျောင်းတစ်ကျောင်းက အများပိုင်မြေကို သံသယဖြစ်ဖွယ်ဈေးနှုန်းဝယ်မယ်ဆိုတဲ့ အကြောင်းတွေရှိခဲ့ပါတယ်။ တကယ်တမ်းတော့ အဲ့ဒီကျောင်းဟာ မျိုးချစ်စိတ်အလွန်ထက်သန်တဲ့ သင်ရိုးကြောင့် အပြင်းအထန် ဝေဖန်ခံခဲ့ရတယ်လို့ သိရပါတယ်။

အဲ့ဒီကျောင်းရဲ့ ဂုဏ်ထူးဆောင်ကျောင်းအုပ်ချုပ်ရေးစာရင်းမှာ မစ္စတာအာဘေးရဲ့ ဇနီးနာမည်ကိုဖော်ပြထားတာကို တွေ့ရပါတယ်။ နောက်ပိုင်းမှာ ကျောင်းအုပ်ကို စစ်ဆေးလိုက်တော့ မစ္စတာအာဘေးရဲ့ဇနီးဟာ အဲ့ဒီကျောင်းအတွက် အာဘေးနာမည်နဲ့ အများအပြားလှူထားတာကို တွေ့ရှိခဲ့ပါတယ်။

အဲဒီအရှုပ်တော်ပုံတုန်းကလည်း အများရဲ့အာရုံစိုက်မှုကိုရထားတဲ့ မစ္စတာအာဘေးဟာသူဘယ်လိုပဲအမှားမလုပ်ဘူးလို့ဆိုစေကာမူ အများရဲ့ထောက်ခံမှု ကျဆင်းခဲ့ပါတယ်။

**ဘူးလေးရာဖရုံဆင့်**

သူ့ရဲ့ မူဝါဒအချို့ဟာလည်း ဖရိုဖရဲနိုင်လှပါတယ်။ ၂၀၁၅ခုနှစ်က ဂျပန်အစိုးရဟာ ကာကွယ်ရေးနဲ့ပတ်သက်တဲ့ ပြောင်းလဲမှုတွေကို လုပ်တဲ့အခါမှာ မစ္စတာအာဘေးကိုထောက်ခံတဲ့ ရာခိုင်နှုန်းဟာ ၃၇ ရာခိုင်နှုန်းထက်နည်းနေတာကို တွေ့ရမှာဖြစ်ပါတယ်။

ပြန်လည်ပြင်ဆင်လိုက်တဲ့ ကာကွယ်ရေးမူဝါဒဟာ တပ်ဖွဲ့ဝင်တွေကို တိုင်းတစ်ပါးမှာတိုက်ခိုက်မှုတွေလုပ်ဆောင်ဖို့ ဒုတိယကမ္ဘာစစ်ကတည်းမှစကာ ပထမဆုံး အကြိမ်အဖြစ်ခွင့်ပြုခဲ့တာကို တွေ့ရမှာ ဖြစ်ပါတယ်။

မစ္စတာအာဘေးဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်မယ့်အကြောင်း ကြေညာခဲ့ပါတယ်။

ပြည်သူ့လွတ်လပ်ခွင့်ကို ထိပါးနိုင်သည့်အတွက် နိုင်ငံရေးနဲ့ ပြည်သူ့အင်အားစုများက အကြမ်းဖက်တန်ပြန် ကာကွယ်ရေးဥပဒေကို ဆန့်ကျင်ခဲ့ပေမယ့် ယခုနှစ်ရဲ့အစောပိုင်းမှာ အဆိုပါဥပဒေကို ပြဋ္ဌာန်းခဲ့ကြောင်း သိရပါတယ်။

ပြီးတော့လည်းကာကွယ်ရေးဝန်ကြီးတိုမိုမီ အီနာဒါနဲ့ပတ်သက်ပြီး ဝန်ကြီးချုပ်အနေနဲ့ ခေါင်းခဲစရာများ ဖြစ်နေပါတယ်။ အီနာဒါဟာ တောင်ဆူဒန်မှာ ငြိမ်းချမ်း ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်ဖွဲ့ဝင်တွေနဲ့ သက်ဆိုင်တဲ့သတင်းအချက်အလက်တွေကို ထိမ်ချန်ထားကြောင်း စွပ်စွဲခံထားရပါတယ်။ သို့သော်လည်း သူက အဆိုပါ ကိစ္စမှာ သတင်းအချက်အလက်တွေကို ထိမ်ချန်ထားရှိခြင်း မရှိကြောင်း ပြောခဲ့ပါတယ်။

ဒါနဲ့ပတ်သက်ပြီး ဝေဖန်သူတွေက အစိုးရမှာ အများပြည်သူနဲ့သက်ဆိုင်ပြီး ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုမရှိကြောင်း ပြောခဲ့ပါတယ်။

**အကျိုးဆက်ကဘာဆက်ဖြစ်မလဲ**

အများမျှော်လင့်ခဲ့သလိုပဲ ဂျပန်ဝန်ကြီးချုပ်အာဘေးဟာ ပါလီမန်ကြားနာမှုမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ ဦးစားပေးခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်တွေကို ငြင်းဆန်ခဲ့ပါတယ်။

သူ့မိတ်ဆွေနဲ့ပတ်သက်ပြီး သူ့အနေနဲ့ အစိုးရအရာရှိတွေကို ဖိအားမပေးခဲ့ကြောင်းနဲ့ ထိုသို့အခွင့်အရေးမျိုးကို ဘယ်တော့မှ ပေးလိမ့်မည်မဟုတ်ကြောင်း အလေးအနက်ပြောကြားခဲ့ပါတယ်။

အဆိုပါကိစ္စနဲ့ပတ်သက်ပြီး အောက်လွှတ်တော်တွင်လည်း အာဘေးအနေနဲ့ ထပ်မံဖြေရှင်းရဦးမှာဖြစ်ပါတယ်။

ထွက်လာမယ့် ရလဒ်တွေအရ မစ္စတာအာဘေးဟာ နောက်လာမယ့် တတိယသက်တမ်းအတွက် အခွင့်အရေးရှိ မရှိ ဆုံးဖြတ်ခံရမှာဖြစ်ပါကြောင်း။

# ယီမင်၌ ကာလဝမ်းရောဂါဖြစ်ပွားမှုနှစ်ဆတိုးလာနိုင်ကြောင်း ကျွမ်းကျင်သူများသတိပေး

**ယီမင် ဇူလိုင် ၂၇**



ယီမင်နိုင်ငံတွင် ကူးစက်ဖြစ်ပွားလျက်ရှိသည့် ကာလဝမ်းရောဂါသည် ဒီဇင်ဘာလမတိုင်မီအထိ ဆက်လက်ဖြစ်ပွားနိုင်ခြေရှိပြီး လူပေါင်း ၆၁၀၀၀၀ ကျော်ကို ရောဂါကူးစက်ဖြစ်ပွားစေလိမ့်မည်ဟု ဂျပန်နိုင်ငံမှ သုတေသနပညာရှင်များက ခန့်မှန်းတွက်ချက်ခဲ့ကြကြောင်း သိရသည်။

ပြည်တွင်းစစ်များဖြစ်ပွားနေသည့် အချိန်တွင် ယီမင်၌ တစ်ကိုယ်ရေသန့်ရှင်းမှုကိုအားနည်းစေသည့် အခြေအနေများကြောင့် ပြီးခဲ့သည့် ဧပြီလမှစတင်ကာ ကူးစက်မြန်ကာလဝမ်းရောဂါကို စတင်ခံစားခဲ့ကြရသည်။ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့တွင် ကာလဝမ်းရောဂါဟုယူဆရသည့် ကူးစက်ဖြစ်ပွားမှု ၃၆၂၀၀၀ကျော်အထိရှိခဲ့ကြောင်း သတင်းပေးပို့ခဲ့သည်။

ဟော့ကိုင်းဒိုးတက္ကသိုလ်ပါမောက္ခ ဟီရိုရှီနီရှီယူရာ ဦးဆောင်သည့်လေ့လာရေးအဖွဲ့က ကြိုတင်ခန့်မှန်းခဲ့သည်မှာ ကာလဝမ်းရောဂါဖြစ်ပွားမှုသည်အမြင့်ဆုံးအခြေအနေအထိရောက်ရှိခဲ့ပြီးဖြစ်သော်လည်း လာမည့်ဒီဇင်ဘာလမတိုင်မီအထိ ဆက်လက်ဖြစ်ပွားနေဦးမည်ဖြစ်ကြောင်း သိရသည်။

ကာလဝမ်းရောဂါဟုသံသယရှိသည့်ရောဂါဖြစ်ပွားမှုအရေအတွက်သည် ၆၁၀၀၀၀အထိရောက်ရှိလာနိုင်ပြီး လက်ရှိဖြစ်ပွားနေသည့်အခြေအနေထက် နှစ်ဆမကတိုးပွားလာနိုင်ကြောင်း၊ လတ်တလောဆောင်ရွက်ခဲ့သည့် သုတေသနအချက်အလက်များကဖော်ပြနေကြောင်း ကျွမ်းကျင်ပညာရှင်များကပြောဆိုခဲ့ကြောင်းသိရသည်။

သုတေသနအဖွဲ့က ယီမင်၌ ကာလဝမ်းရောဂါဖြစ်ပွားနေမှုသည် ကမ္ဘာ့အဆိုးဆုံးကူးစက်မြန်ကာလဝမ်းရောဂါဖြစ်ပွားမှုဖြစ်လာနိုင်ကြောင်း ပြောကြားခဲ့သည်။ အဆိုပါ အဖွဲ့သည် ဆရာဝန်များပို့ဆောင်ပေးခြင်းအပါအဝင် နိုင်ငံတကာကူညီထောက်ပံ့မှုများကို ဆက်လက်လုပ်ဆောင်ပေးကြရန် တောင်းဆိုထားကြောင်း သိရသည်။

**(အင်န်အိတ်ချ်ကေ)**

# စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေကြမ်း

*ယမန်နေ့မှအဆက်*

## အခန်း(၇)
## အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်း

၁၃။ အောက်ပါအချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် စက်မှုဒီဇိုင်းသည် အကာအကွယ် မရရှိစေရ -

(က) နည်းပညာဆိုင်ရာ သို့မဟုတ် လုပ်ဆောင်ချက်ဆိုင်ရာ ဖန်တီးပြုလုပ်မှုများ၊

(ခ) အများပြည်သူ၏ အေးချမ်းတည်ငြိမ်မှုကိုဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာကိုဖြစ်စေ၊ ယုံကြည်ကိုးကွယ်မှုကိုဖြစ်စေ၊ နိုင်ငံတော်၏ အမွန်အမြတ်ထားအပ်သော ယဉ်ကျေးမှုကိုဖြစ်စေ ထိပါးမှုများ။

## အခန်း(၈)
## စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူများ

၁၄။ စက်မှုဒီဇိုင်းတစ်ခုခုကို ဖန်တီးသူကဖြစ်စေ၊ ယင်း၏ တရားဝင် အမွေဆက်ခံသူကဖြစ်စေ၊ ယင်း၏ တရားဝင်လွှဲပြောင်းခြင်းခံရသူကဖြစ်စေ အဆိုပါစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

၁၅။ စက်မှုဒီဇိုင်းတစ်ခုကို တစ်ဦးထက်ပိုသူများက ပူးတွဲဖန်တီးခဲ့ခြင်းဖြစ်လျှင် ယင်းတို့အားလုံးသည် အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပူးတွဲလျှောက်ထားခွင့်ရှိသည်။

၁၆။ အလုပ်ရှင်နှင့် အလုပ်သမားတို့၏ အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ၊ ယင်းသဘောတူညီချက်၏ အကျိုးဆက်အရဖြစ်စေ စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးသည့်အခါ-

(က) အလုပ်သမားက စက်မှုဒီဇိုင်းတစ်ခုကို ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက အလုပ်ရှင်ကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ခ) စက်မှုဒီဇိုင်းကို ဖန်တီးပြီးကြောင်း အလုပ်သမားက အလုပ်ရှင်ထံ စာဖြင့် ဆက်သွယ်အကြောင်းကြားသည့်နေ့ရက်မှ ခြောက်လအတွင်း အဆိုပါစက်မှုဒီဇိုင်းကို အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် အခွင့်အရေးကို ပျက်ကွက်ခဲ့လျှင် စွန့်လွှတ်ပြီးဖြစ်သည်ဟု မှတ်ယူပြီး အလုပ်သမားသည် ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(ဂ) အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက် ကုန်ဆုံးပြီးနောက် တစ်နှစ်အတွင်း ပြုလုပ်သည့် စက်မှုဒီဇိုင်းအား မှတ်ပုံတင်လျှောက်ထားရာတွင် အဆိုပါ စက်မှုဒီဇိုင်းသည် ယခင်အလုပ်ရှင်၏ လုပ်ငန်းနယ်ပယ်အတွင်း ယင်း၏ အလုပ်သမားက ဖန်တီးခဲ့သော စက်မှုဒီဇိုင်းဖန်တီးမှုမျိုးဖြစ်လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါအချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိသည့်အပြင် အလုပ်သမားက ဆန့်ကျင်ကွဲလွဲသည့် သက်သေခံအထောက်အထား တင်ပြနိုင်ခြင်းမရှိပါက ကုန်ဆုံးပြီးသော အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ ဖန်တီးခဲ့သည့် စက်မှုဒီဇိုင်းဖြစ်သည်ဟု မှတ်ယူပြီး ယခင်အလုပ်ရှင်မှ အဆိုပါ စက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။ သို့ရာတွင် အောက်ပါအခြေအနေတစ်ရပ်ရပ်၌ အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည် -

(၁) ယခင်အလုပ်ရှင်က အဆိုပါ စက်မှုဒီဇိုင်း ဖန်တီးမှုအပေါ် လျှောက်ထားမှုမရှိကြောင်း သဘောတူညီခြင်း၊

(၂) အလုပ်သမားက တင်ပြသည့် သက်သေခံအထောက်အထားအပေါ် ယခင်အလုပ်ရှင်မှ ငြင်းဆိုမှု မပြုနိုင်ခြင်း၊

(၃) ပုဒ်မခွဲ (ခ) အရ ယခင်အလုပ်ရှင်က မှတ်ပုံတင်လျှောက်ထားရန် ပျက်ကွက်သဖြင့် အလုပ်သမားက လျှောက်ထားခြင်း။

(ဃ) အလုပ်ရှင်၏ တာဝန်ပေးချက်အရမဟုတ်ဘဲ ယင်း၏ လုပ်ငန်းနယ်ပယ်နှင့်ဆက်နွှယ်နေသော စက်မှုဒီဇိုင်းတစ်ခုကို အလုပ်ရှင်၏ ပစ္စည်းကိရိယာ၊ အချက်အလက် သို့မဟုတ် နည်းပညာကို အသုံးပြု၍ အလုပ်သမားက ဖန်တီးရာတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှု မရှိပါက အလုပ်သမားကသာ ယင်းစက်မှုဒီဇိုင်းကို မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

(င) အလုပ်သမားသည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မခွဲ (ဃ) တို့တွင် ဖော်ပြထားသော စက်မှုဒီဇိုင်းဖန်တီးခြင်းမှတစ်ပါး အခြားသော စက်မှုဒီဇိုင်းဖန်တီးမှုကို ပြုလုပ်ခဲ့လျှင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်ပါ အချက်များနှင့် ဆန့်ကျင်ကွဲလွဲမှုမရှိပါက ယင်းစက်မှုဒီဇိုင်းအတွက် အလုပ်သမားကသာ မှတ်ပုံတင်လျှောက်ထားခွင့်ရှိသည်။

## အခန်း(၉)
## လျှောက်ထားခြင်း

၁၇။ ဤဥပဒေအရ စက်မှုဒီဇိုင်းမှတ်ပုံတင်လျှောက်ထားခွင့်ရှိသူသည် မှတ်ပုံတင်ထားသော စက်မှုဒီဇိုင်းမူပိုင်ခွင့် အခွင့်အရေးကို ရရှိလိုပါက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၁၈။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) စက်မှုဒီဇိုင်းထုတ်ကုန်များ သို့မဟုတ် ထုတ်ကုန်တွင် အသုံးပြုထားသည့် စက်မှုဒီဇိုင်းများသည် လိုကာနိုသဘောတူညီချက်တွင် ဖော်ပြထားသည့် အပြည်ပြည်ဆိုင်ရာ စက်မှုဒီဇိုင်း အမျိုးအစားခွဲခြားသတ်မှတ်ခြင်းသဘောတူညီချက်ပါ အမျိုးအစားတစ်ခုတည်းတွင် အကျုံးဝင်ပါက တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော စက်မှုဒီဇိုင်းများကို လျှောက်လွှာတစ်စောင်တည်းတွင် လျှောက်ထားနိုင်သည်။

(ခ) မှတ်ပုံတင်လျှောက်ထားချက်ကို မြန်မာဘာသာဖြင့်ဖြစ်စေ၊ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်စေရေးသားနိုင်သည်။

(ဂ) မြန်မာဘာသာဖြင့် လျှောက်ထားချက်ကို အင်္ဂလိပ်ဘာသာသို့လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် လျှောက်ထားချက်ကို မြန်မာဘာသာသို့လည်းကောင်း ဘာသာပြန်ဆိုပေးရန် မှတ်ပုံတင်အရာရှိက တောင်းဆိုခဲ့လျှင် ဘာသာပြန်ဆိုပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဘာသာပြန်ဆိုချက်ဖြစ်လျှင် လျှောက်ထားသူက မှန်ကန်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးရမည်။

၁၉။ (က) စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည် မှတ်ပုံတင်လျှောက်ထားချက်တွင် အောက်ပါအချက်များ ဖော်ပြရမည် -

(၁) မှတ်ပုံတင်ပေးရန် တောင်းဆိုချက်၊

(၂) လျှောက်ထားသည့် ပုဂ္ဂိုလ် သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသော အဖွဲ့အစည်း၏ အမည်နှင့် နေရပ်လိပ်စာ၊

(၃) လျှောက်ထားသူက ကိုယ်စားလှယ်လွှဲအပ်၍ လျှောက်ထားခြင်းဖြစ်လျှင် ကိုယ်စားလှယ်၏ အမည်နှင့် နေရပ်လိပ်စာ၊

(၄) စက်မှုဒီဇိုင်း၏ ရှင်းလင်းပြည့်စုံသော ဖော်ပြချက်၊

(၅) စက်မှုဒီဇိုင်းပါရှိသည့် သို့မဟုတ် စက်မှုဒီဇိုင်းဖြင့် ရုပ်လုံးဖော်ထားသည့် ထုတ်ကုန်များ၏ အညွှန်း။

(ခ) ပုဒ်မခွဲ (က) ပါ အချက်များအပြင် လိုအပ်ပါက အောက်ပါအချက်များကိုလည်း ပူးတွဲတင်ပြရမည် -

(၁) လျှောက်ထားသူသည် တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအတွက် လျှောက်ထားခြင်းဖြစ်လျှင် အဆိုပါ အဖွဲ့အစည်း၏ မှတ်ပုံတင်အမှတ်၊ အမျိုးအစားနှင့် နိုင်ငံအမည်၊

(၂) လျှောက်ထားသူသည် ဦးစားပေးအခွင့်အရေးရရှိရန် တောင်းဆိုလျှင် ဦးစားပေးအခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထား ဖော်ပြချက်တို့နှင့်အတူ ဦးစားပေးအခွင့်အရေး တောင်းဆိုချက်၊

(၃) လျှောက်ထားသူသည် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေး ရရှိရန် တောင်းဆိုလျှင် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေးရှိကြောင်း ခိုင်လုံသည့် အထောက်အထားဖော်ပြချက်တို့နှင့် အတူ ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေး အခွင့်အရေး တောင်းဆိုချက်၊

(၄) ဦးစီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များ။

၂၀။ သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပုဒ်မ ၁၉ ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသော စက်မှုဒီဇိုင်း လျှောက်ထားချက်ကို ဦးစီးဌာနက လက်ခံရရှိသည့် နေ့ရက်သည် မှတ်ပုံတင်လျှောက်ထားချက် တင်သွင်းသည့်နေ့ရက်ဖြစ်သည်ဟု မှတ်ယူရမည်။

၂၁။ (က) ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မတူညီသော နေ့ရက်အသီးသီးတွင် တစ်ဦးထက်ပိုသူများက မှတ်ပုံတင်လျှောက်ထားခြင်းဖြစ်လျှင် လျှောက်ထားချက် အစောဆုံးတင်သွင်းသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

(ခ) ပုဒ်မခွဲ (က) အရ လျှောက်ထားရာတွင် လျှောက်ထားသူအသီးသီးက ဦးစားပေးအခွင့်အရေး သို့မဟုတ် ကုန်စည်ပြပွဲဆိုင်ရာ ဦးစားပေးအခွင့်အရေးကို တောင်းဆိုလျှောက်ထားလာခြင်းဖြစ်လျှင် ဦးစားပေးအခွင့်အရေး နေ့ရက်အစောဆုံးပါရှိသူကိုသာ မှတ်ပုံတင်ခွင့်ပြုရမည်။

၂၂။ ထပ်တူဖြစ်သော သို့မဟုတ် အလားတူသော စက်မှုဒီဇိုင်းများကို မှတ်ပုံတင်ပေးရန် တစ်ဦးထက်ပိုသူများက တစ်နေ့တည်းတွင် လျှောက်ထားလာပါက သို့မဟုတ် တူညီသော ဦးစားပေးနေ့ရက်ကို တောင်းဆို လျှောက်ထားလာပါက -

(က) မှတ်ပုံတင်အရာရှိသည် လျှောက်ထားသူ အချင်းချင်း ဆွေးနွေးညှိနှိုင်းပြီး စက်မှုဒီဇိုင်း လျှောက်ထားသူအဖြစ် သတ်မှတ်ပေးစေလိုသူ၏အမည်ကို သတ်မှတ်သည့် ကာလအတွင်း ပြန်လည်တင်ပြရန် လျှောက်ထားသူအားလုံးကို ညွှန်ကြားရမည်။

(ခ) လျှောက်ထားသူများသည် မှတ်ပုံတင်အရာရှိ၏ ညွှန်ကြားချက်နှင့်အညီ ယင်းတို့အချင်းချင်း ဆွေးနွေးညှိနှိုင်းချက်အရ စက်မှုဒီဇိုင်း လျှောက်ထားသူအဖြစ် သတ်မှတ်ပေးရန် သဘောတူညီခြင်းခံရသူ၏ အမည်ကိုသော်လည်းကောင်း၊ ပူးတွဲလျှောက်ထားသူများအဖြစ် သတ်မှတ်ပေးစေလိုပါက ယင်းအချက်ကိုသော်လည်းကောင်း မှတ်ပုံတင်အရာရှိထံ ပြန်လည်တင်ပြရမည်။

(ဂ) မှတ်ပုံတင်အရာရှိက လျှောက်ထားသူများအားလုံးကို ပုဒ်မခွဲ (က) အရ ညွှန်ကြားသော်လည်း ယင်းတို့အချင်းချင်း သဘောတူညီမှုမရရှိခဲ့လျှင် မည်သည့်လျှောက်ထားသူ၏ စက်မှုဒီဇိုင်းကိုမျှ ခွင့်မပြုရ။

၂၃။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) မှတ်ပုံတင်အရာရှိက စက်မှုဒီဇိုင်းကို မှတ်ပုံတင်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း မပြုမီဖြစ်စေ၊ မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်အပေါ် အယူခံခြင်းနှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ်က ဆုံးဖြတ်ချက် မချမှတ်မီဖြစ်စေ လျှောက်ထားချက်၊ ဘာသာပြန်ဆိုချက်နှင့် စာရွက်စာတမ်း အထောက်အထားတစ်ခုခုတွင် ပါရှိသည့် စာအရေးအသားအမှားနှင့် ပြင်ဆင်ခွင့်ပြုနိုင်သည့် အခြားမှားယွင်းမှုများကို ပြင်ဆင်လိုပါက သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး ပြင်ဆင်ပေးရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။

(ခ) စက်မှုဒီဇိုင်း တစ်ခုထက်ပို၍ ပါဝင်သော လျှောက်ထားချက်တွင် စက်မှုဒီဇိုင်းအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရုပ်သိမ်းပေးရန် လျှောက်ထားနိုင်သည်။

(ဂ) စက်မှုဒီဇိုင်းအများအပြားပါဝင်သော မည်သည့်လျှောက်ထားချက်ကိုမဆို နှစ်စောင် သို့မဟုတ် နှစ်စောင်ထက်ပိုသော လျှောက်ထားချက်အသစ်များအဖြစ် ခွဲခြားပေးရန် သတ်မှတ်သည့် အခကြေးငွေပေးသွင်းပြီး လျှောက်ထားနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ မှတ်ပုံတင်ပေးရန်ခွဲခြား၍ လျှောက်ထားချက်အသစ်များအဖြစ် တင်သွင်းရာတွင် မူလလျှောက်ထားသည့်နေ့ရက်ကို လျှောက်ထားချက်တင်သွင်းသည့် နေ့ရက်အဖြစ် မှတ်ယူရမည်။

၂၄။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၂၃ ပါ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စစ်ဆေးပြီး ပြင်ဆင်ခွင့်ပေးနိုင်သည်။

## အခန်း(၁၀)
## စစ်ဆေးခြင်း၊ ကန့်ကွက်ခြင်းနှင့် မှတ်ပုံတင်ခြင်း

၂၅။ စစ်ဆေးရေးအရာရှိသည် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ -

(က) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၉ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့်ညီညွတ်သော လျှောက်ထားချက်များကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ခ) ပုဒ်မ ၁၈ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း ရှိ မရှိကိုလည်းကောင်း၊ ပုဒ်မ ၁၉ ပါ အချက်များ ပြည့်စုံစွာပါဝင်ခြင်း ရှိ မရှိကိုလည်းကောင်း စစ်ဆေးပြီးနောက် သတ်မှတ်ချက်နှင့် ညီညွတ်ခြင်းမရှိသော လျှောက်ထားချက်ကို လိုအပ်သလို ပြင်ဆင်ဆောင်ရွက်ရန် လျှောက်ထားသူထံ အကြောင်းကြားရမည်။ လျှောက်ထားသူက အကြောင်းကြားစာ လက်ခံရရှိသည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ပြင်ဆင်ဆောင်ရွက်ခြင်း မရှိပါက အဆိုပါ လျှောက်ထားချက်ကို စွန့်လွှတ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (ခ) ပါ သတ်မှတ်သည့် အချိန်ကာလအတွင်း လျှောက်ထားချက်တွင် လိုအပ်သည့် ပြင်ဆင်ဖြည့်စွက်ချက်များ လက်ခံရရှိပါက စိစစ်၍ လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

(ဃ) ပုဒ်မ ၂ ပုဒ်မခွဲ (ဆ) ပါ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အကျုံးဝင်ခြင်းမရှိသော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း၊ ပုဒ်မ ၁၃ ပုဒ်မခွဲ (ခ) ပါ အကာအကွယ်မရရှိနိုင်သော စက်မှုဒီဇိုင်းဖြစ်လျှင်သော်လည်းကောင်း လျှောက်ထားချက်ကို ငြင်းပယ်နိုင်ရန် သဘောထားမှတ်ချက်နှင့်အတူ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

၂၆။ စက်မှုဒီဇိုင်းကို မှတ်ပုံတင်ပေးရန် လျှောက်ထားသူသည်-

(က) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန်ပျက်ကွက်ခဲ့ပြီး အဆိုပါ ပျက်ကွက်ခဲ့မှုကြောင့် သက်ဆိုင်ရာ စက်မှုဒီဇိုင်းလျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေးဆုံးရှုံးမှု ဖြစ်ပေါ်စေမည်ဆိုပါက အောက်ပါအချက်များနှင့် ကိုက်ညီလျှင် စက်မှုဒီဇိုင်းမှတ်ပုံတင်ပေးရန် ပြန်လည်လျှောက်ထားနိုင်သည် -

(၁) သတ်မှတ်သည့်အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုကြောင့် စွန့်လွှတ်ခံရသည့် နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း တောင်းဆိုချက်တစ်ရပ်ကို တင်ပြခြင်း၊

(၂) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုနှင့်ပတ်သက်သည့် ရှင်းလင်းချက်များ၊ သတင်းအချက်အလက်များ သို့မဟုတ် လိုအပ်ချက်များအားလုံးကို ပူးတွဲတင်ပြခြင်း၊

(၃) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုအတွက် အကြောင်းပြချက်များကို တောင်းဆိုချက်တွင် ဖော်ပြခြင်း၊

(၄) သတ်မှတ်သည့် အချိန်ကာလအတွင်း လိုက်နာရန် ပျက်ကွက်ခဲ့မှုမှာ မရည်ရွယ်ဘဲ ဖြစ်ပေါ်ခဲ့ကြောင်း မှတ်ပုံတင်အရာရှိက တွေ့ရှိခြင်း၊

(၅) အခကြေးငွေပေးသွင်းပြီးဖြစ်ခြင်း၊

(ခ) အယူခံတင်သွင်းထားသည့် ကာလအတွင်း ပုဒ်မခွဲ (က) အရ လျှောက်ထားချက်နှင့် စပ်လျဉ်းသည့် အခွင့်အရေး ပြန်လည်ပေးအပ်ရန် တောင်းဆိုလာလျှင် မှတ်ပုံတင်အရာရှိက ဆိုင်းငံ့ထားရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၇၉)

# တရားရေးဂျာနယ် ဖတ်ရှုစဖွယ်



ဦးဟန်ညွန့် (ဥပဒေ)

**အတွဲ(၃)အမှတ်(၆)**

အတွဲ(၃)အမှတ်(၆) ၂၀၁၇၊ ဖေဖော်ဝါရီလထုတ် တရားရေးဂျာနယ် (Judicial Journal) ထွက်ရှိလာသည်။ တရားရေးလောကကို မီးမောင်းထိုးပြသော ဂျာနယ်ဖြစ်သောကြောင့် မလွတ်တမ်းဖတ်ရှုခဲ့သည်။ တရားရေးမဏ္ဍိုင်ကြံ့ခိုင်ရေး အလေးပေးနေချိန်တွင် တရားရေးဘက်က ဘာတွေရေးသလဲ။ ဘာတွေပြောသလဲ။ ဘာတွေလုပ်နေသလဲ။ ထဲထဲဝင်ဝင်လေ့လာချင်သည်။ ပြည်သူ့ဘဝနှင့် ထိတွေ့မှုနည်းသည်ဟု တရားရေးအပေါ် ဝေဖန်သုံးသပ်မှုများနေချိန်တွင် ဤတရားရေး ဂျာနယ်ထွက်ပေါ်လာခြင်းလည်း ဖြစ်ပေသည်။

**မာတိကာ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးက ထုတ်ဝေသော တရားရေးဂျာနယ်တွင် မာတိကာအရ အပိုင်း(၄)ပိုင်းပါဝင်သည်။ အောက်ပါအတိုင်းဖြစ်သည်-

(၁) ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ

(၂) ဆောင်းပါးများ

(၃) တရားစီရင်ရေးဆိုင်ရာ

(၄) English Section

**အပိုင်း(၁)(သတင်း)**

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ ပြည်ပခရီးသတင်း မှတ်တမ်းလွှာ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် လှုပ်ရှားမှုသတင်းမှတ်တမ်းလွှာ၊ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများပြည်ပဧည့်သည်တွေ့ဆုံမှု သတင်းမှတ်တမ်းလွှာ၊ တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇) တတိယနှစ်လုပ်ငန်း အစီအစဉ် (၂၀၁၇)တို့ ပါဝင်ဖော်ပြသည်။

ဖော်ပြချက်များအနက် တရားမျှတရေးအတူတကွမြှင့်တင်ပေး ခေါင်းစဉ်အောက်တွင် တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၇)ကို အထူးအလေးပေး ဖတ်ရှုမိသည်။

**သိရှိစေလို၍**

**-ဘာကိုသိရှိစေချင်တာလဲ။**

**အဆင့်ဆင့်သော တရားရုံးတွေ ဘာတွေပြုပြင်နေကြသလဲ။ ဘာတွေဘယ်လိုပြောင်းလဲနေကြသလဲ။**

**-ဒီအချက်ကို သိစေလိုသည်။** ဟုဖော်ပြထားသည်။

-အများပြည်သူကိုယ်တိုင် သတင်းအချက်အလက် ရယူနိုင်သည့် ကောင်တာများ ထားရှိခြင်းကို ကြိုဆိုသည်။ သို့သော်ငြား ယနေ့တိုင်သတင်းအချက်အလက် မရနိုင်သေးကြောင်း၊ ပြန်ကြားရေးရုံးခန်းဟု ဆိုင်းဘုတ်ချိတ်ထားသော်ငြား တံခါးမဖွင့်၊ အမြဲပိတ်ထားလေ့ရှိကြောင်း သတင်းမီဒီယာလောကမှ ဝေဖန်ဆဲ၊ ထောက်ပြဆဲရှိသည်။ မည်သို့ဆိုစေ၊ တရားရုံးအဆင့်ဆင့်၏ ပြုပြင်မှု၊ ပြောင်းလဲမှုတွေကို ပြည်သူသိဖို့ ဆက်လက်ကြိုးပမ်းကြရပေဦးမည်။

**တရားရုံးစာကြည့်တိုက်များ**

တရားရုံးစာကြည့်တိုက်များရော အမှန်တကယ်အဆင့်မြင့်နိုင်ကြပြီလား။ ရည်ညွှန်းကိုးကား စာအုပ်များပြည်စုံပြီလား။ ဥပဒေပြဿနာအဖြေရှာနိုင်ဖို့ အထောက်အကူ တကယ်ပြုပါရဲ့လား။ တိုးတက်အားထားစရာ တရားရုံးစာကြည့်တိုက်များ အမှန်တကယ်ဖြစ်ကြပါစေ။ စာအုပ်ဗီရိုတွေ သော့ခတ်မထားဘဲ အမှန်တကယ် လေ့လာဖတ်ရှု သုတေသနပြုနိုင်ကြပါစေဟု ဆန္ဒပြုမိပါသည်။ အခက်အခဲကတော့ ရှိနေဦးမည်ပါ။

**တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း**

ဤအပိုင်းမှာလည်း အကြံပြုစရာ ရှိပါသည်။ တရားသူကြီးများ ကျင့်ဝတ်စည်းကမ်းလိုက်နာကြပါသည်။ စောင့်ထိန်းကြပါသည်။ တိတိကျကျလိုက်နာသူ အများစုဖြစ် သော်ငြား ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်ရသူ (အချို့) ရှိ နေဆဲ လွတ်လပ်စွာ တရား စီရင်ရေးဟု ပြော နေသည့် ကြားက **"အထက်ရုံးက ညွှန်ကြားလို့ ဒီလို အမိန့်ချ ရတာပါ"** ဟု မပြောသင့်တာ ပြောသူ (တရား သူကြီး) အချို့ရှိ နေဆဲ။ ဘက်လိုက် မျက်နှာသာပေး၊ တရားခွင်စည်းကမ်းကို မျက်ကွယ်ပြုသူ (တရားသူကြီး) အချို့ ရှိနေဆဲ။ ဒီပုတ်ထဲက ဒီပဲမဖြစ်ရေး ကျင့်ဝတ် စည်းကမ်းများ တိတိကျကျ လိုက်နာကြလေလေ၊ တရားရေး ဂုဏ်ရောင် ထွန်းပြောင်လေလေ ဖြစ်ပေမည်။ ဘယ်ရုံး၊ ဘယ်သူ၊ အမှုနံပါတ် တိတိကျကျပြောရမည်။ အချိန်ရောက်ပါပြီ။

**အပိုင်း(၂) (ဆောင်းပါးများ)**




အာဆီယံဒေသတွင်း တရားစီရင်ရေး ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်မှု များနှင့် ပြည်ထောင်စု တရား လွှတ်တော်ချုပ်၏ အခန်းကဏ္ဍ (တင်နွယ်စိုး)၊ အပိုင်ပေး စာချုပ် မှတ်ပုံတင်ခြင်း (ဦးတင်ဟုန်)၊ တရားခွင် ရှေ့လျှောက်လဲ ကြရာဝယ် (မောင်တင်ဌေး၊ တရားရေး)၊ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၂ (၁) အရ စုံစမ်းစစ်ဆေးမှု၊ သို့မဟုတ် စုံစမ်းထောက်လှမ်းမှု ပြုလုပ်ရာတွင် သက်သေခံပစ္စည်း သိမ်းဆည်းပိုင်ခွင့် (ကြည်သိန်းအောင်၊ တရားရေး)၊ ခားလွယ်ခုတ်နဲ့ မျက်စောင်းထိုးသဘောထားကိစ္စ၊ ဒိုးဝိုင်းမှာ ဒိန်းဒေါင်း၊ ဒိန်းဒေါင်း ကိုတင်ဌေးနဲ့ ရုံးမေး(မောင်တင်ဌေး၊ တရားရေး)၊ လိမ်လည်လှည့်ဖြား၍ရသော ဒီကရီကို ပယ်ဖျက်ပေးစေလိုမှု အကြောင်း (ဦးတင်ဝင်း)၊ တရားခွင်တွင် တရားစွဲအဖွဲ့အစည်း ဖြစ်သော ရဲလုပ်ငန်းဆိုင်ရာ အားသာချက်၊ အားနည်းချက်နှင့် အကြံပြုချက်များ (ဒေါ်အေးအေးမွန်)၊ တရားခွင်လက်တွေ့ အခက်အခဲများ (ရေချမ်း၊ တရားရေး)၊ ပြည့်စုံကောင်းမွန်သည့် တရားရုံးများအတွက် အပြည်ပြည်ဆိုင်ရာမူဘောင် (မိုးဦး)၊ မမှန်မကန်စွဲဆိုသော ရာဇဝတ်များကို ချေဖျက်ခြင်း (ရေချမ်း၊ တရားရေး)၊ အနုပညာမူပိုင်ခွင့်နှင့် ပြစ်မှုကြောင်းအရ အရေး ယူခြင်း (မြတ် မျိုးလတ်၊ တရားရေး)၊ အစုရှယ်ယာများ လွှဲပြောင်းခြင်း အပိုင်း(၂) (မောင်တင်မင်း၊ ရွှေ့နေ) တို့၏ ဆောင်းပါးများကို ဖတ်ရသည်။ အသိပညာ၊ အတတ်ပညာများကို လက်တွေ့ဘဝဖြင့် ရေးသားတင်ဆက်ထားသောကြောင့် ဥပဒေဗဟုသုတ၊ တရားရေး အတွေ့အကြုံ စုံလင်စွာသိရ၍ အကျိုးများသည်။ အထူးသဖြင့် မောင်တင်ဌေး (တရားရေး) ၏ တရားခွင်ရှေ့လျှောက်လဲကြရာဝယ်နှင့် ခားလွယ်ခုတ်နဲ့ မျက်စောင်းထိုး သဘောထားကိစ္စ၊ ဒိုးဝိုင်းမှာ ဒိန်းဒေါင်း၊ ဒိန်းဒေါင်း ကိုတင်ဌေးနဲ့ ရုံးမေး ဆောင်းပါးများကိုတော့ ရင်ဝယ်ခံစား။ ပီတိပွားမိသည်။ သုတလည်းပါ၊ ရသလည်းရှိ၊ လူထုလက်ထဲ အရောက် ပေါက်ပေါက်မြောက်မြောက် ပို့လိုက်သော တရားရေးအမွေ ဖြစ်ပါပေသည်။ မိုးဦး၏ "ပြည့်စုံကောင်းမွန်သည့် တရားရုံးများအတွက် အပြည်ပြည်ဆိုင်ရာ မူဘောင်" (International Framework for Court Excellence- IFCE) ကို လေ့လာတင်ပြခြင်း ဆောင်းပါးမှာလည်း ရှားပါးသော၊ အတုယူအပ်သော၊ ပြည်သူယုံကြည်ကိုးစားသော အချက်များ ပါဝင်သောကြောင့် ဤဂျာနယ်ထဲတွင်သာ ရပ်မနေ။ ယခုထက်ကျယ်ကျယ် ပြန့်ပြန့် ဖြန့်ဝေ။ အောက်ခြေတရားရုံးများအထိ၊တရားရေးနှင့် လက်တွဲဖော်များအားလုံး သိမှတ်၊ ကျင့်ကြံအပ်ကြောင်း ကြေညာမောင်းခတ်သင့်သည်ဟု ကျွန်တော်ယုံသည်။

အခြားအခြားသော ဆောင်းပါးတွေလည်း (ကျွန်တော့်သဘောသာမဟုတ်) အများပြည်သူအတွင်း ချင်းနင်းဝင်ရောက်သင့်သော ဆောင်းပါးများ ဖြစ်သည်ဟု ယုံကြည်သည်။ တရားရေးဂျာနယ်မှတစ်ဆင့် သတင်းစာ အသီးသီး၊ ဂျာနယ်အသီးသီးသို့ (တရားသူကြီး စာရေး ဆရာများ) တိုးပွား ရေးသားနိုင်ကြပါစေ။ [တရားသူကြီးဆိုတာ အမှုစစ်နေတာမို့အမှုအကြောင်း ပြောခွင့်မရှိဘူး] ဟု စံမှတ် ထုံးတမ်းကိုကား လေးစားပါ၏။ သို့သော်ငြား၊ ပြည်သူသိသင့်၊ ပြည်သူသိထိုက်သော တရားသဘောများကိုတော့ ပြောစေချင်သည်။ ရင်ဖွင့်စေချင်သည်။ **တရားလက်လွတ်မဖြစ်လျှင်** ပြည်သူ့ရင်ခွင်သို့ တရားရေး အသိဗဟုသုတများပေးပို့သင့်သည်ဟု ဤဂျာနယ်ဆောင်းပါးများက ထောက်ပြသည်ဟု ကျွန်တော် သုံးသပ်သည်။ အများပြည်သူကို ပညာပေးခြင်းမှု ရှိပေသည်။

**အပိုင်း(၃) (တရားစီရင်ရေး)**

တရားစီရင်ရေးဆိုင်ရာ တရားမအထူးအယူခံမှုများ (စီရင်ချက်) အကြောင်း ဖော်ပြချက်ပါ။ လေ့လာမှတ်သားစံထားစရာများပါ။ တရားမမှု ဗဟုသုတအားနည်းတတ်သော သဘာဝရှိကြပါသည်။ တရားမမှု အထူးကျွမ်းကျင်သူတွေလည်း ကွယ်လွန်ကုန်ကြချေပြီ။ ခေတ်သစ်လူငယ်များက ဆူလွယ်နပ်လွယ် ရာဇဝတ်မှု နယ်ပယ်ကိုသာ စိတ်ဝင်စားတတ်ကြကုန်သည်။ တရားမမှုကို လေ့လာအားနည်းပါးကြသည်။ ဤအချက်ကို ဖြည့်စွက်ကြကုန်လော့။ မျိုးဆက်မပြတ်စေသင့်။ တရားမမှုကျွမ်းကျင်သူအဖြစ် ရေရှည်အလုပ်လုပ်တတ်ကြဖို့ လိုပြီ။ သီးသန့်မှတ်သား၊ကြိုးစား။ စနစ်ဟောင်းစနစ်သစ်၊ ရှေ့နေအဘိုးအိုကြီးများထံမှ အချိန်မီရသမျှ ပညာအမွေယူကြစေဟု ကျွန်တော်တိုက်တွန်းရေးသားခဲ့သည်များ များလှပါပြီ။ ထပ်မံတိုက်တွန်းစရာ (ဤတရားရေးဂျာနယ်မှာ ပါလာပြန်သောကြောင့်) ပညာအမွေ စုဆောင်းနိုင်ကြပါစေဟုသာ မေတ္တာပွားပါရစေ။

**အပိုင်း(၄)**

- English section တွင် YEAR 3 ACTION PLAN (2017)

- Opening Remarks delivered by U Soe Nyunt,Judge of the supreme Court of the Union, at consultation Meeting for Implementation of Legal Aid Law

- Closing Remarks delivered by U Soe Nyunt, Judge of the Supreme Court of the Union,at consultation Meeting for Implementation of Legal Aid Law တို့ ပါဝင်သည်။

အင်္ဂလိပ်ဘာသာဖြင့် ဤဂျာနယ်တွင်သာ ဖော်ပြခြင်းမှာ မလုံလောက်သေး။ အင်္ဂလိပ်သာဘာဖြင့် ထုတ်ဝေသော သတင်းစာ၊ အခြားဂျာနယ်၊ မဂ္ဂဇင်းများတွင်ပါ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေသင့်သေးသည်။ ဆောင်ရွက်ချက်အစုံအလင်၊ နိုင်ငံတကာနယ်ပယ်တွင် မြန်မာ့တရားစီရင်ရေးစနစ်အကြောင်း၊ တရားရုံးများအကြောင်း၊ တရားသူကြီးများအကြောင်း ဖြန့်ဝေ၊ အသိပေး၊ အမြင်ချင်းဖလှယ်။ အားနည်းမှုပြင်ဆင်၊ အားသာမှုတိုးပွား။ နိုင်ငံခြားတရားစီရင်ရေးစနစ်များလေ့လာ။ အသုံးပြုသင့်သော နမူနာကျင့်စဉ်များရယူ။ ပြည်သူကြည်ဖြူ လက်ခံသော မူဝါဒများ ထူထောင်။ ထိုသို့ဖြင့် တရားရုံး၏ ဂုဏ်သိက္ခာထိန်းသိမ်းရာ ရောက်ပေလိမ့်မည်။ ပြည်ပခရီးသတင်းရည်ညွှန်းသတိပြုပါသည်။

**တရားရေးဂျာနယ်၏နယ်ပယ်**

တရားရေးဂျာနယ်၏ နယ်ပယ်ကျယ်ပါစေကြောင်း၊ ပြည်သူ့ရင်ခွင်သို့ တိုးဝင်နိုင်ပါစေကြောင်း၊ တရားသူကြီးများ၏ ဂုဏ်ရည် မြင့်မားပါစေကြောင်း၊ တရားရုံး၏ ဂုဏ်သိက္ခာမြင့်မားသည်နှင့်အမျှ တရားရုံးကို မထီမဲ့မြင်ပြုမှုများ ကင်းဝေးပါစေ။ တရားရုံးကို ပို၍ ပို၍ လေးစားလာကြပါစေ။ ဥပဒေမဲ့ပြုကျင့်သူများ ကျဆုံးပါစေ။ ဥပဒေနှင့်အညီ ဆုံးဖြတ်ကြောင်း၊ မှန်မှန်နှင့် မြန်မြန်စီရင်ကြောင်း၊ လုပ်ထုံးညီညီ ဆောင်ရွက်ကြောင်း၊ လာဘ်ပေးလာဘ်ယူကင်းရှင်းကြောင်း၊ ဖြောင့်မတ်တည်ကြည်မှုဖြင့် တရားရုံး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းကြောင်း စသည်စသည်ဖြင့် တရားရေးလောကထွန်းပပါစေ၊ ပြည်သူ့ဘဝ သိကြပါစေ၊ ကိုယ်ချင်းစာတရားထားနိုင်ကြပါစေ၊ ပြည်သူ့သားသမီးများဖြစ်ကြကုန်သော တရားသူကြီးများက ပြည်သူ့(မိဘပြည်သူ) များအပေါ် တရားသစ္စာတည်ကြပါစေ၊ ပြည်သူနှင့်အတူ ဖြစ်ကြပါစေ။

**စေတနာ**

(၁) တရားရေးဂျာနယ်သည် တရားရေးအကြောင်း ပြောပြနေခြင်းဖြစ်ပါ၏။ တရားရေးဂျာနယ်ဖတ်ရှုစဖွယ်ပါ။

(၂) သိသင့်သည်များ သိရပါပြီ။ မှတ်သားသင့်သည်များ မှတ်သားရပါသည်။ လိုအပ်ချက်များ ဖြည့်ဆည်းကြပါ။

(၃) လက်တွေ့ဘဝများဆီသို့ သွားကြပါစို့။ ဥပဒေစာအုပ်ထူထူကြီးတွေက "ပြည်သူ့ဘဝ" မဟုတ်ပါလား။

(၄) တရားရေးဂျာနယ်ကို လေးစားစွာ အားပေးဖတ်ရှုရာမှ ပြည်သူနှင့်အတူ သွားရမည့်ခရီးကျန်သေးသည်ဟု တွေးမိသော ကျွန်တော်၏ စေတနာဥပဒေအတွေးမျှသာပါ...။

## သိပ္ပံနည်းကျလက်တွေ့နှစ်တန်းပူးစိုက်ပျိုးနည်းဖြင့်အထွက်နှုန်းတိုး၍ လက်ဖက်စိုက်တောင်သူများဝမ်းမြောက်

**သီပေါ ဇူလိုင် ၂၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနဦးစီးမှူး ဦးစိုင်းတိုးတိုးနှင့် စိုက်ပျိုးရေးဝန်ထမ်းများသည် လက်ဖက်တောင်သူများ အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်အရ၊ သိပ္ပံနည်းကျ လက်ဖက်စိုက်ပျိုးခြင်း လက်တွေ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသဖြင့် ဇူလိုင် ၂၆ရက်က ကွင်းဆင်းသွားရောက် လေ့လာခဲ့သည်။

အဆိုပါ လက်ဖက်စိုက်ပျိုးရေး လုပ်ငန်းကို လက်ဖက်တောင်သူဦးစိုင်းထွန်းအောင်၏ လက်ဖက်ခြံမြေတွင် လက်တွေ့ဆောင်ရွက်ထားရာ ပျဉ်းမနားရေဆင်းတက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသား ၁၀ ဦးတို့က လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများနှင့် ပူးပေါင်းလျက် တစ်ဧကလျှင်အပင်ရေ ၇၄၀၀ ကျော်ဝင်ဆံ့သည့် လက်ဖက်နှစ် တန်းပူးစိုက်နည်း စနစ်ဖြင့်ဘက်စုံစံပြလက်ဖက်ခြံအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ပြောင်းလဲလာသော ရာသီဥတုဒဏ်ကို ကာကွယ်နိုင်သည့် အရိပ်လည်းရ၊ အပိုဝင်ငွေလည်းရသည့် နှစ်ရှည်သီးညှပ်သီးပင်သစ်ကြားနှင့် ထောပတ်ပင်များကိုလည်း စနစ်တကျ စိုက်ပျိုးထားသည်ကို တွေ့ရသည်။

လက်ဖက်ထွက်ရာနယ်မြေ နမ့်ဆန်မြို့နယ်၏ လက်ဖက်စိုက်ဧက ၅၁၆၄၉ အနက် တစ်ဧကပျမ်းမျှအထွက်နှုန်း ပိဿာချိန် ၃၀၀ခန့် ရရှိပြီးယခင်ဒေသသမားရိုးကျစိုက်နည်းများအရ အပင်ဝင်ဆံ့မှုနည်းပါးပြီး အထွက်နှုန်းလျော့နည်းခဲ့သော်လည်း ယခုကဲ့သို့ခေတ်မီ သိပ္ပံနည်းကျ လက်ဖက်နှစ်တန်းပူးစိုက်နည်းစနစ်မှာ မြေဆီလွှာ စိုက်ပျိုးမှုဒဏ်ခံနိုင်ရည်ရှိကာ ခူးဆွတ်ရာ၌လည်း လွယ်ကူ၍ အထွက်နှုန်းမှာ တစ်ဧကလျှင် ပိဿာချိန် ၇၀၀ မှ ၈၀၀ ကျော်အထိ ထွက်ရှိသဖြင့် ဒေသခံလက်ဖက်စိုက်တောင်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေးနည်းစနစ်ကို ဆောင်ရွက်ပေး ရခြင်းဖြစ်ကြောင်းဖြင့် နမ့်ဆန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းတိုးတိုးက ပြောသည်။

ထိုကဲ့သို့ သိပ္ပံနည်းကျလက်ဖက်



အထွက်နှုန်းတိုး စိုက်ပျိုးနည်းစနစ်ကြောင့် အထွက်နှုန်းတိုးကာ ဒေသခံလက်ဖက် စိုက်တောင်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

**ချယ်လ်ဆီးအသင်းဟာ ဒီနှစ်နွေရာသီဈေးကွက်မှာတော့ ရီးရဲမက်ဒရစ် တိုက်စစ်မှူး မိုရာတာကိုအသင်းရဲ့ စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀နဲ့ ခေါ်ယူခဲ့ပါတယ်။ ဒါဟာ ချယ်လ်ဆီးအသင်းအနေနဲ့တော့ တိုက်စစ်မှူး လူကာကူကို မခေါ်ယူနိုင်ခဲ့တာကြောင့် ပြောင်းရွှေ့ခေါ်ယူခဲ့မှုလည်း ဖြစ်ပါတယ်။ ဒါကြောင့် ချယ်လ်ဆီးအသင်းက ခေါ်ယူခဲ့တဲ့ တိုက်စစ်မှူး မိုရာတာဟာ လူကာကူထက် ပိုကောင်းတဲ့ ကစားသမားတစ်ဦးလားဆိုတာကလည်း လူတိုင်းသိချင်နေတဲ့ မေးခွန်းလို့ ပြောရမှာပါ။**

# နှိုင်းယှဉ်မှုရလဒ်တွေကြားက

# မိုရာတာ နှင့် လူကာကူ

**အောင်က**

ဒီနှစ်နွေရာသီမှာတော့ လူကာကူဟာ ချယ်လ်ဆီးအသင်းကို ပြန်လာဖို့ရှိတာကြောင့် အဲဗာတန်အသင်းက စာချုပ်သစ် ထပ်မံချုပ်ဆိုဖို့ ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့တယ်။ အဲ့ဒီအချိန်မှာ မန်ယူအသင်းကလည်း မိုရာတာကိုခေါ်ယူဖို့ ကမ်းလှမ်းမှုတွေ လုပ်နေတယ်။ ထင်သလို ဖြစ်မလာဘဲ မိုရာတာ ချယ်လ်ဆီးအသင်းကို ပေါင်သန်း ၇၀ နဲ့ မပြောင်းရွှေ့ခင်မှာပဲ မန်ယူအသင်းဟာ တိုက်စစ်မှူး လူကာကူကို ပေါင်သန်း ၉၀ နဲ့ခေါ်ယူခဲ့ပါတယ်။

သူတို့နှစ်ဦးစလုံးဟာ အသက် ၂၄ နှစ်သာ ရှိနေသေးတာကြောင့် ကစားသမားတစ်ဦးအတွက်တော့ ကောင်းမွန်တဲ့ အသက်အရွယ်လို့ ပြောရမှာပါ။ သူတို့နှစ်ဦးစလုံးရဲ့သက်ဆိုင်ရာ အသင်းတွေနဲ့ ရလဒ်တွေကလည်း ကောင်းလွန်းတယ်လို့ ဆိုရမယ်။ မိုရာတာဟာ တိုက်စစ်မှူး ဒီယေဂိုကော်စတာရဲ့နေရာမှာ အစားဝင်ဖို့ ရောက်ရှိလာခဲ့တာဖြစ်သလို လူကာကူကလည်း ဒူးဒဏ်ရာကြောင့် အသင်းကနေ ထွက်ခွာသွားခဲ့ရတဲ့ တိုက်စစ်မှူး အီဘရာဟီမိုဗစ်ရဲ့ နေရာကို အစားဝင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် မိုရာတာရဲ့ မှတ်တမ်းတွေကို ကြည့်မယ်ဆိုရင် မိုရာတာအနေနဲ့ အမြင့်ဆုံးစွမ်းဆောင်နိုင်ခဲ့တဲ့ ရာသီတွေမှာတောင် သူ့ရဲ့အသင်းနဲ့အတူ ပါဝင်ကစားခွင့်ဟာ အမှတ်ပေးဖလားပွဲတွေမှာတော့ မိနစ် ၁၅၀၀ မပြည့်ခဲ့ပါဘူး။ သူဟာ ပြီးခဲ့တဲ့ ရာသီကဆိုရင်လည်း ရီးရဲမက်ဒရစ်အသင်းနဲ့အတူစပိန်လာလီဂါ ၂၆ ပွဲ ပါဝင်ကစားခွင့်ရပေမယ့် ပွဲထွက်ကစားခွင့်ရတဲ့ပွဲက ၁၄ ပွဲပဲရှိပါတယ်။ ဒါပေမယ့် သူ့ကစားသမားဘဝရဲ့ အကောင်းဆုံးအချိန်လို့ ပြောရလောက်အောင် ၁၅ ဂိုး သွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် ၁၀ ကြိမ်တိုင် ပံ့ပိုးပေးထားနိုင်ခဲ့ပါတယ်။

တိုက်စစ်မှူး လူကာကူကတော့ ချယ်လ်ဆီးအသင်းမှာ ကစားခဲ့ရတဲ့အချိန်ကလွဲလို့ အဲဗာတန်အသင်းမှာကစားခဲ့တဲ့ ရာသီတိုင်း ပွဲကစားမိနစ်ဟာ ၂၀၀၀ ကျော် ၃၀၀၀ ကျော် ရှိခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ရာသီမှာ လူကာကူဟာ ပရီမီယာလိဂ် သွင်းဂိုးကလည်း ၂၅ဂိုး ရှိခဲ့ပါတယ်။ ဒါဟာ တိုက်စစ်မှူး လူကာကူ အတွက်တော့ အောင်မြင်မှုတွေ အကောင်းဆုံးသီးပွင့်ခဲ့ရာ ရာသီလို့လည်း ပြောရမှာဖြစ်ပါတယ်။ ဒါပေမယ့် လူကာကူဟာ အဲဗာတန်အသင်းမှာ သူတစ်ဦးတည်းနဲ့ အဓိကတိုက်စစ်မှူးအဖြစ် ကစားခဲ့ရတာဖြစ်ပါတယ်။ သူ့ရဲ့ပြီးခဲ့တဲ့ရာသီက ပွဲထွက်တဲ့ မိနစ်ဟာ ၃၂၆၇ မိနစ်ရှိခဲ့ပါတယ်။ မိုရာတာကတော့ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူးတွေဖြစ်တဲ့ ရော်နယ်ဒို၊ ဂါရတ်ဘေးလ်၊ ဘင်ဇီမာတို့နဲ့ ပခုံးချင်းယှဉ်ပြီး ကစားခဲ့ရတာကြောင့်လည်း ပွဲထွက်ခွင့်နည်းခဲ့သလို ဂိုးသွင်းခွင့်တွေလည်း နည်းခဲ့တယ်လို့ ပြောရမှာပါ။ ဒါပေမယ့် မိနစ်၉၀ အတွင်းဂိုးရရှိမှုကို ယှဉ်ကြည့်မယ်ဆိုရင် မိုရာတာဟာ လူကာကူထက်ဂိုးပိုမိုသွင်းယူတယ်လို့ ပြောရမှာပါ။ မိုရာတာရဲ့သွင်းဂိုးတွေဟာ ဘယ်ခြေနဲ့သွင်းယူတာများပြီး လူကာကူကတော့ ညာခြေနဲ့သွင်းယူတဲ့ဂိုးတွေက ပိုများပါတယ်။ ဒါ့အပြင် ထူးခြားတာက သူတို့နှစ်ဦးစလုံးပြီးခဲ့တဲ့ရာသီအတွင်း ခေါင်းတိုက်ဘောကနေ ဂိုးရရှိတဲ့ဂိုးဟာ ခြောက်ဂိုးစီရှိခဲ့ပါတယ်။ ဒါပေမယ့် လူကာကူရဲ့ကစားတဲ့မိနစ်က မိုရာတာထက် နှစ်ဆပိုများနေတာကိုတော့တွေ့ရမှာ ဖြစ်ပါတယ်။ အခွင့်အရေး ဖန်တီးမှု၊ ဘောလုံးဖြန့်ဝေမှုပိုင်းမှာ သူတို့နှစ်ဦးစလုံးရဲ့မှတ်တမ်းကောင်းတွေက တူညီနေကြပေမယ့် ဂိုးရရှိဖို့ ပံ့ပိုးနိုင်မှု၊ ပစ်မှတ်ကို တိကျအောင်ကန်သွင်းနိုင်မှု၊ ဘောလုံးဆွဲပြေးနိုင်မှုတွေမှာတော့ လူကာကူက သာနေတာကို တွေ့ရမှာပါ။

လူကာကူကတော့ ညာတောင်ပံမှာ ကစားနိုင်ပြီး မိုရာတာကတော့ ဘယ်တောင်ပံနေရာမှာ ကောင်းကောင်းကစားနိုင်ပါတယ်။ သူတို့နှစ်ဦးစလုံးဟာ ဘောလုံးလုယူနိုင်မှု စွမ်းရည်၊ ဘောလုံးထိမှု အကြိမ်အရေအတွက်ဟာ တူညီကြပေမယ့် မိုရာတာကတော့ ဘောလုံးဆွဲပြေးနိုင်မှုနဲ့ ပြစ်ဒဏ်ဘော အကြိမ်အရေအတွက်ကတော့ ပိုသာတယ်လို့ ပြောရမှာပါ။ လူကာကူရဲ့ အရပ်ဟာ မိုရာတာထက် အနည်းငယ်လေး သာပေမယ့် အမြင့်ဘောတွေမှာတော့ လူကာကူရဲ့ စွမ်းဆောင်ရည်ဟာ မိုရာတာထက် သာတာကို တွေ့ရမှာပါ။

ချယ်လ်ဆီးအသင်း တိုက်စစ်မှူးဒီယေဂိုကော်စတာဟာ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီး နာမည်ဆိုးနဲ့ကျော်ကြားတဲ့ သူတစ်ဦးဖြစ်ပါတယ်။ အခုချယ်လ်ဆီးအသင်းကိုရောက်ရှိလာခဲ့တဲ့ မိုရာတာရဲ့စည်းကမ်းပိုင်းကို ကြည့်မယ်ဆိုရင်လည်း အလွန်ဆိုးရွားမှုမရှိဘူးလို့ဆိုပေမယ့် ပြီးခဲ့တဲ့ရာသီအတွင်း ကစားခွင့်ရရှိခဲ့တဲ့ ၁၃၃၁ မိနစ်မှာတောင် အဝါကတ် ရှစ်ကြိမ်နဲ့ သူ့ကြောင့် ပြစ်ဒဏ်ဘောပေးရတဲ့အကြိမ်အရေအတွက်ဟာ ၃၁ ကြိမ် ရှိခဲ့ပါတယ်။ ဒါကြောင့် စည်းကမ်းပိုင်းမှာတော့ မိုရာတာဟာ အလွန်ကောင်းမွန်သူတစ်ဦးလို့ ပြောလို့မရပါဘူး။ လူကာကူကတော့ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီး မိုရာတာထက်ရလဒ်ကောင်းတာတွေတွေ့ရမှာ ဖြစ်ပါတယ်။

ဒါတွေဟာ ယခုနှစ်နွေရာသီမှာ ပရီမီယာလိဂ်ကို ရောက်ရှိလာခဲ့တဲ့ ကမ္ဘာကျော်တိုက်စစ်မှူး နှစ်ဦးရဲ့ အားနည်းချက်၊ အားသာချက်တွေလို့ ပြောရမှာပါ။ ဒါပေမယ့် သူတို့နှစ်ဦးရဲ့ တကယ့်လက်တွေ့မှာဖြစ်လာမယ့် ရလဒ်တွေကတော့ ပရီမီယာလိဂ်ရာသီသစ်နဲ့အတူ စောင့်မျှော်ကြည့်ရှုရဦးမှာ ဖြစ်ပါတယ်။ ။





**မိနစ် ၉၀အတွင်း ဂိုးရရှိမှုကို ယှဉ်ကြည့်မယ်ဆိုရင် မိုရာတာဟာ လူကာကူထက် ဂိုးပိုမိုသွင်းယူတယ်လို့ ပြောရမှာပါ။ မိုရာတာရဲ့သွင်းဂိုးတွေဟာ ဘယ်ခြေနဲ့သွင်းယူတာများပြီး လူကာကူကတော့ ညာခြေနဲ့သွင်းယူတဲ့ဂိုးတွေက ပိုများပါတယ်။ ဒါ့အပြင် ထူးခြားတာက သူတို့နှစ်ဦးစလုံး ပြီးခဲ့တဲ့ရာသီအတွင်း ခေါင်းတိုက်ဘောကနေ ဂိုးရရှိတဲ့ဂိုးဟာ ခြောက်ဂိုးစီရှိခဲ့ပါတယ်။ ဒါပေမယ့် လူကာကူရဲ့ကစားတဲ့မိနစ်က မိုရာတာထက် နှစ်ဆ ပိုများနေတာကိုတော့ တွေ့ရမှာ ဖြစ်ပါတယ်။**

## ကစားသမားသစ်တစ်ဦးသာ ခေါ်ယူနိုင်ပါကလည်း လက်ခံနားလည်ပေးနိုင်သည်ဟု မော်ရင်ညို ပြောဆို

မန်ယူအသင်းမန်နေဂျာ မော်ရင်ညိုက ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ကစားသမားသစ်တစ်ဦးသာ ထပ်မံခေါ်ယူနိုင်မည်ဆိုပါကလည်း အဆိုပါ အခြေအနေကို လက်ခံနိုင်ကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်ယူအသင်းသည် ယခုနွေရာသီ ဈေးကွက်ကာလအတွင်းတွင် ကစားသမားသစ်ခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၉၀ နီးပါး အသုံးပြုကာ ဘင်ဖီကာအသင်းခံစစ်မှူး လင်ဒီလော့ဖ်နှင့် အဲဗာတန်တိုက်စစ်မှူး လူကာကူတို့ကို ခေါ်ယူထားပြီးဖြစ်သည်။ မန်နေဂျာ မော်ရင်ညိုအနေဖြင့် ရာသီသစ်အတွက် ကွင်းလယ်နှင့် တောင်ပံကစားသမားတစ်ဦးစီ ထပ်မံခေါ်ယူရန် လိုလားနေကြောင်း၊ ကွင်းလယ်နေရာအတွက် ချယ်လ်ဆီးကစားသမား မာတစ် သို့မဟုတ် စပါးကစားသမား အဲရစ်ဒိုင်ယာကို ခေါ်ယူရန် ရည်ရွယ်ထားကာ တောင်ပံနေရာအတွက် အင်တာမီလန်အသင်းမှ ကစားသမား ပါရီဆစ်အား ပစ်မှတ်ထားနေကြောင်း သတင်းများ ထွက်ပေါ်နေသည်။

မန်ယူအသင်း၏ အပြောင်းအရွှေ့ကိစ္စများနှင့် ပတ်သက်၍ မေးမြန်းမှုကို မန်နေဂျာ မော်ရင်ညိုက "ကျွန်တော် မသိပါဘူး။ ဒါ ရိုးရိုးသားသားပြောတာပါ။ အပြောင်းအရွှေ့ကိစ္စတွေကို မန်ယူအသင်းအမှုဆောင်အရာရှိ အက်ဝုဒ်ဝပ်က ထိန်းချုပ်လုပ်ဆောင်နေပါတယ်။ သူက အခု လင်ဒီလော့ဖ်နဲ့ လူကာကူတို့ကို ခေါ်ယူပေးထားပြီးဖြစ်ပါတယ်။ ကျွန်တော်က နောက်ထပ် ကစားသမားသစ် နှစ်ဦး လိုချင်နေတာကို သူသိပါတယ်။ ဒါပေမယ့် ကျွန်တော့်အနေနဲ့ ဈေးကွက်အနေအထား၊ လက်ရှိအခြေအနေတွေအပေါ် နားလည်တယ်ဆိုတာကိုလည်း အက်ဝုဒ်ဝပ် သိထားတယ်။ တကယ်လို့ အသင်းတာဝန်ရှိသူတွေက ကစားသမားသစ် နှစ်ဦးမဟုတ်ဘဲ တစ်ဦးတည်းကိုသာ ခေါ်ယူပေးနိုင်မယ်ဆိုရင်လည်း ကျွန်တော် လက်ခံနိုင်ပါတယ်။ ဘာကြောင့်လည်းဆိုတော့ ဈေးကွက်ရဲ့အကျိုးဆက်ကို ကျွန်တော် နားလည်းတာကြောင့်ပါ။ ကျွန်တော်တို့ကြားမှာ ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိပါတယ်။ သတင်းကောင်းကိုလည်း ကျွန်တော် စောင့်မျှော်နေပါတယ်။ လက်ရှိ မန်ယူအသင်း စုဖွဲ့မှုအပေါ် ကျွန်တော် ယုံကြည်မှုရှိတယ်" ဟု ဖြေဆိုခဲ့သည်။

**ထက်အောင်**



## ဥရောပစူပါဖလားပွဲအား မန်ယူခံစစ်မှူး ဘိုင်လေ လွဲချော်ရမည်

လာမည့် ဩဂုတ် ၈ ရက်တွင် မန်ယူအသင်းက ရီးရဲမက်ဒရစ် အသင်းနှင့် ရင်ဆိုင်ရမည့် ၂၀၁၇ ခုနှစ် ဥရောပ စူပါဖလားပွဲတွင် မန်ယူအသင်း ဗဟိုခံစစ်မှူး အဲရစ်ဘိုင်လေ ပါဝင်ခွင့်ရရှိမည် မဟုတ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အိုင်ဗရီကို့စ်ကစားသမား ဘိုင်လေ(၂၃နှစ်)သည် ၂၀၁၆-၂၀၁၇ ခုနှစ် ဘောလုံးရာသီ၏ ယူရိုပါလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် မန်ယူအသင်းကအိမ်ကွင်း၌ ဆဲလ်တာဗီဂိုအသင်းအား လက်ခံကစားခဲ့သော ပွဲစဉ်တွင် ပွဲချိန် ၈၇ မိနစ်တွင် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသူဖြစ်သည်။ အဆိုပါ အနီကတ်ပြစ်ဒဏ်ကြောင့် ခံစစ်မှူး ဘိုင်လေသည် ဥရောပပွဲ သုံးပွဲပယ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရကာ ၂၀၁၆-၂၀၁၇ ခုနှစ် ယူရိုပါလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲကို လွဲချော်ခဲ့ရသည်။ ပွဲပယ်ပြစ်ဒဏ်အရ ခံစစ်မှူး ဘိုင်လေအနေဖြင့် ဥရောပ စူပါဖလားပွဲကို လွဲချော်ရမည့်အပြင် လာမည့်ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပထမပွဲစဉ်တွင်လည်း ပါဝင်ခွင့်ရရှိမည်မဟုတ်ပေ။

၂၀၁၆ ခုနှစ် နွေရာသီဈေးကွက်ကာလအတွင်းတွင် ဗီလာရီးရဲအသင်းမှ မန်ယူသို့ ပြောင်းရွှေ့လာခဲ့သူ ခံစစ်မှူး ဘိုင်လေသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် မန်ယူအသင်းအတွက် ခြေစွမ်းပြ ကစားပေးနိုင်ခဲ့သည့် ကစားသမားများအနက်မှ တစ်ဦးဖြစ်ကာ မန်ယူအတွက် စုစုပေါင်း ၃၈ ပွဲ ပါဝင် ကစားခဲ့သူဖြစ်သည်။

၂၀၁၇ ခုနှစ် ဥရောပစူပါဖလားပွဲအား မက်ဆီဒိုးနီးယားနိုင်ငံ၏မြို့တော် စကော့ဂျီမြို့ရှိ Philip II Arena ကွင်းတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မန်ယူအသင်းသည် ဇူလိုင် ၂၄ ရက်တွင် အင်တာနေရှင်နယ် ချန်ပီယံဖလားပွဲအဖြစ် အမေရိကန်နိုင်ငံ၌ ရီးရဲအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ပယ်နယ်တီဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲတွင် ခံစစ်မှူး ဘိုင်လေသည် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကာ ပွဲချိန်ပထမပိုင်း၌ မန်ယူအတွက် ပါဝင်ကစားခဲ့သည်။

**ထက်အောင်**



# ပြင်သစ်စူပါဖလားမှာ ချန်ပီယံဖြစ်မယ့်အသင်း

ဝေမိုးဆက်

ပြင်သစ်ဘောလုံးလောကရဲ့ ရာသီအဖွင့်ပွဲစဉ်ဖြစ်တဲ့ ပြင်သစ်စူပါဖလားပွဲကို လာမယ့် ဇူလိုင် ၃၀ ရက်မှာ ကျင်းပသွားတော့မှာ ဖြစ်ပါတယ်။ ဒီပြင်သစ်စူပါဖလားပြိုင်ပွဲဟာ ပြင်သစ် ပထမတန်း ချန်ပီယံနဲ့ ပြင်သစ်ဖလားပြိုင်ပွဲ ချန်ပီယံတို့ကို ဆုံတွေ့ယှဉ်ပြိုင်စေတဲ့ပြိုင်ပွဲဖြစ်ပြီး ဒီနှစ်ပြင်သစ်စူပါဖလားမှာတော့ မနှစ်က ပြင်သစ်ပထမတန်းချန်ပီယံ မိုနာကိုနဲ့ ပြင်သစ်ဖလားချန်ပီယံ ပီအက်စ်ဂျီတို့ ဆုံတွေ့ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

ပြင်သစ်စူပါဖလားကို ၁၉၄၉ ခုနှစ်ကနေ စတင်ကျင်းပခဲ့တာဖြစ်ပြီး ၂၀၀၈ ခုနှစ် ပြိုင်ပွဲအထိ ပြင်သစ်နိုင်ငံအတွင်းမှာသာ ကျင်းပခဲ့တာဖြစ်ပေမယ့် ၂၀၀၉ ခုနှစ် ပြိုင်ပွဲက စလို့ ပြင်သစ် ပြင်ပနိုင်ငံတွေဖြစ်တဲ့ ကနေဒါ၊ တူနီးရှား၊ မော်ရိုကို၊ အမေရိကန်၊ ဂါဘွန်၊ တရုတ်၊ ဩစတြေးလျတို့မှာကျင်းပခဲ့ကာ ၂၀၁၇ ပြိုင်ပွဲကိုတော့ မော်ရိုကိုနိုင်ငံမှာ ဒုတိယအကြိမ် ကျင်းပသွားမှာ ဖြစ်ပါတယ်။

### လွှမ်းမိုးမှုများ

ပြောရရင် ဒီပြိုင်ပွဲကို ၁၉၄၉ ခုနှစ်ကနေ စတင်ကျင်းပခဲ့ရာက ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ပြိုင်ပွဲအထိ ချန်ပီယံ အသင်း အရေအတွက်က ၁၃ သင်းသာ ထွက်ပေါ်ခဲ့ပြီး လိုင်ယွန်က ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုကို ရှစ်ကြိမ်ရယူထားနိုင်ကာ ပြိုင်ပွဲရဲ့ အအောင်မြင်ဆုံးအသင်းအဖြစ်လည်း ရပ်တည်နေပါတယ်။ ဒုတိယနေရာမှာတော့ ပီအက်စ်ဂျီက ချန်ပီယံဆုရယူနိုင်မှု ခြောက်ကြိမ်နဲ့ ရပ်တည်နေပါတယ်။

ပြောရမယ်ဆိုရင်တော့ ဒီပြိုင်ပွဲကို လိုင်ယွန်နဲ့ ပီအက်စ်ဂျီတို့ကသာ အများစုလွှမ်းမိုးထားခဲ့တယ်လို့ ဆိုရမှာဖြစ်ပြီး ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းမှာ ဒီပြိုင်ပွဲရဲ့ချန်ပီယံဆုတွေကို လိုင်ယွန်က ခုနစ်ကြိမ်နဲ့ ပီအက်စ်ဂျီက လေးကြိမ် ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ အထူးသဖြင့် လိုင်ယွန်ဟာ ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုကို ၂၀၀၂ ခုနှစ်ကနေစတင်ကာ ၂၀၀၇ ခုနှစ်အထိ ခြောက်ရာသီဆက်တိုက် ရယူနိုင်ခဲ့ပြီး ဒီပြိုင်ပွဲမှာ အကြိမ်အရေအတွက်အများဆုံး ဆက်တိုက်ဗိုလ်စွဲနိုင်မှုအဖြစ်လည်း မှတ်တမ်းတင်ထားနိုင်ကာ ပီအက်စ်ဂျီကလည်း ၂၀၁၃ ရာသီကစလို့ ပြီးခဲ့တဲ့ ၂၀၁၆ ရာသီအထိ လေးကြိမ်ဆက်တိုက် ဗိုလ်စွဲထားနိုင်ခဲ့တဲ့အသင်းဖြစ်ပြီး ဒီပြိုင်ပွဲရဲ့ ချန်ပီယံဆုကို ဆက်တိုက်ရယူနိုင်မှု ဒုတိယမြောက် အများဆုံးအသင်းအဖြစ် ရပ်တည်နေနိုင်ကာ ပီအက်စ်ဂျီအနေနဲ့ ငါးကြိမ်ဆက်တိုက် ဗိုလ်စွဲနိုင်ဖို့ ဒီတစ်ကြိမ်ပြိုင်ပွဲမှာလည်း အားစိုက်လာမှာက သေချာနေပါတယ်။

> ဘာနာဒိုဆေးလ်ဗား၊ ဘာကာယိုကိုတို့ကို ဆုံးရှုံးခဲ့ရတာကြောင့် မိုနာကိုအနေနဲ့ ကွင်းလယ်ပိုင်း အားနည်းသွားနိုင်ပါတယ်။ ဒါ့အပြင် အမ်ဘတ်ပီဟာလည်း ရီးရဲကိုသာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင် ဂါမိန်းစ်ကို ဆုံးရှုံးခဲ့ရတဲ့ အနေအထားအရပါ တိုက်စစ်ပိုင်းကလည်း ဖယ်ကာအို တစ်ဦးတည်းနဲ့ အားနည်းသွားနိုင်သလို မန်ဒီကို ဆုံးရှုံးထားရတာကြောင့်လည်း ခံစစ်ပိုင်းမှာပါ အားနည်းမှုတွေ ရှိလာနိုင်ပါတယ်။

### ပီအက်စ်ဂျီရဲ့အနေအထား

အထူးသဖြင့် မနှစ်ကရာသီမှာ ပီအက်စ်ဂျီဟာ ပြင်သစ်ဖလားနဲ့ ပြင်သစ်လိဂ်ဖလားတို့ကို အရယူနိုင်ခဲ့ပေမယ့် ပြင်သစ်ပထမတန်းချန်ပီယံဆုကိုတော့ အရမယူနိုင်ခဲ့သလို ချန်ပီယံလိဂ်မှာလည်း ၁၆ သင်းအဆင့်အထိသာ တက်ရောက်နိုင်ခဲ့တာကြောင့် အခုနှစ်နွေရာသီဈေးကွက်မှာ အသင်းကို ထိထိမိမိ အားဖြည့်နိုင်ဖို့ ကြိုးစားနေကာ ဆန်းချက်ဇ်၊ နေမာတို့လို ကစားသမားတွေကိုပါ ခေါ်ယူနိုင်ဖို့ စီစဉ်နေပါတယ်။ ပီအက်စ်ဂျီအနေနဲ့ လက်ရှိအချိန်မှာ အဆိုပါကစားသမားတွေကို ခေါ်ယူနိုင်ခြင်း မရှိသေးဘူး ဆိုပေမယ့်လည်း ခံစစ်ပိုင်းကိုတော့ ထိမိတဲ့ အားဖြည့်မှုတွေ ပြုလုပ်ထားနိုင်ကာ ဂျူဗင်တပ်စ်ရဲ့ ဝါရင့်ညာတောင်ပံခံစစ်မှူး ဒန်နီအဲဗက်စ်နဲ့ ဆိုစီဒက် ဘယ်တောင်ပံခံစစ်မှူး ဘာချီချီတို့ကို ခေါ်ယူထားနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ပီအက်စ်ဂျီဟာ ကာဗာနီ၊ ဗာရက်တီ၊ သီယာဂိုဆေးလ်ဗား၊ မော့တာ၊ ပတ်စတိုရီ၊ ဒီမာရီယာ၊ ဒရက်စလာ၊ ဘင်အာဖာတို့လို အဓိကကစားသမားတွေ အားလုံးကို အသင်းမှာ ဆက်လက်ထိန်းထားနိုင်တာကြောင့် မနှစ်ကရာသီကထက် ပိုမို တောင့်တင်းလာပါတယ်။

### မိုနာကိုရဲ့အခြေအနေ

မိုနာကိုကတော့ ဒီပြိုင်ပွဲမှာ ချန်ပီယံဆုကို ၂၀၀၀ ပြည့်နှစ်က နောက်ဆုံးရရှိခဲ့တာဖြစ်ပြီး ဒီဖလားနဲ့ နှစ်ပေါင်း ၁၇ နှစ်တိတိ ဝေးကွာခဲ့ရတာကြောင့် တစ်ကျော့ပြန် အောင်မြင်မှုရဖို့ အားစိုက်လာမှာဖြစ်ပေမယ့် မိုနာကိုဟာ မနှစ်ကထက် အင်အားကျဆင်းသွားခဲ့ရပါတယ်။ မိုနာကိုဟာ မနှစ်က ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း ခြေစွမ်းပြသနိုင်ခဲ့ပေမယ့် အဆိုပါ ခြေစွမ်းပြခဲ့တဲ့ ကစားသမားတွေထဲကနေ ဘာကာယိုကို၊ ဘာနာဒိုဆေးလ်ဗား၊ ဂါမိန်းစ်၊ မန်ဒီတို့ကို ဆုံးရှုံးခဲ့ရကာ မနှစ်ကရာသီမှာ ခြေစွမ်းပြသနိုင်ခဲ့တဲ့ အမ်ဘတ်ပီကိုတောင် ထပ်မံ လက်လွှတ်ရဖို့ရှိနေပါတယ်။

ဒါ့အပြင် မိုနာကိုဟာ ထိမိတဲ့ခေါ်ယူမှုတွေကိုလည်း ပြုလုပ်ထားနိုင်ခြင်း မရှိသေးဘဲ ဗီယင်နာခံစစ်မှူး ကွန်ဂိုလို၊ ဝုဖ်ဘတ်ဂိုးသမား ဘီဂလီယို၊ အန်ဒါလက်ချ် ကွင်းလယ်ကစားသမား တိုင်လီမန်၊ အိုဆာစူနာ ဂိုးသမား ဖာနန်ဒက်ဇ်တို့ လောက်ကိုသာ ခေါ်ယူထားနိုင်ပါတယ်။ ဒါကြောင့်လည်း မိုနာကိုရဲ့အခြေအနေဟာ မနှစ်ကရာသီထက် ပိုမိုအားနည်းသွားနိုင်မယ့် အခြေအနေ ဖြစ်နေပါတယ်။

အထူးသဖြင့် ဘာနာဒိုဆေးလ်ဗား၊ ဘာကာယိုကိုတို့ကို ဆုံးရှုံးခဲ့ရတာကြောင့် မိုနာကိုအနေနဲ့ ကွင်းလယ်ပိုင်း အားနည်းသွားနိုင်ပါတယ်။ ဒါ့အပြင် အမ်ဘတ်ပီဟာလည်း ရီးရဲကိုသာ ပြောင်းရွှေ့ခဲ့မယ်ဆိုရင် ဂါမိန်းစ်ကို ဆုံးရှုံးခဲ့ရတဲ့ အနေအထားအရပါ တိုက်စစ်ပိုင်းကလည်း ဖယ်လ်ကာအိုတစ်ဦးတည်းနဲ့ အားနည်းသွားနိုင်သလို မန်ဒီကို ဆုံးရှုံးထားရတာကြောင့်လည်း ခံစစ်ပိုင်းမှာပါ အားနည်းမှုတွေ ရှိလာနိုင်ပါတယ်။

### ချန်ပီယံဖြစ်မယ့်အသင်း

အထူးသဖြင့် မိုနာကိုဟာ မနှစ်ကရာသီမှာ ခြေစွမ်းပြပြီး ပြင်သစ်ပထမတန်းပြိုင်ပွဲမှာ ချန်ပီယံဆုကို အရယူနိုင်ခဲ့တာမှန်ပေမယ့်လည်း အဆိုပါမနှစ်က အချိန်မှာတင် ပီအက်စ်ဂျီနဲ့ ဆုံခဲ့တဲ့ပွဲတွေအတွင်း ရလဒ်ပိုင်းကောင်းမွန်ခြင်း မရှိခဲ့ပါဘူး။ ပြင်သစ်ပထမတန်းပြိုင်ပွဲအတွင်း မိုနာကိုဟာ ပီအက်စ်ဂျီကို တစ်ပွဲအနိုင်ရခဲ့ပေမယ့် ကျန်ဒုတိယအကျော့မှာတော့ သရေသာ ကစားနိုင်ခဲ့သလို ပြင်သစ်ဖလားနဲ့ ပြင်သစ်စူပါဖလားတို့မှာ ဆိုရင်လည်း ဂိုးပြတ်တွေနဲ့တောင် အရေးနိမ့်ခဲ့ရပါတယ်။

ဒါကြောင့်လည်း ဒီတစ်ကြိမ်မှာ မိုနာကိုအနေနဲ့ မနှစ်ကထက်တောင်မှ ပိုမိုတောင့်တင်းလာနိုင်တဲ့ ပီအက်စ်ဂျီကို အနိုင်ရယူနိုင်ဖို့ဆိုတာ ခက်ခဲနိုင်ပါတယ်။

မိုနာကိုရဲ့ လူငယ်မွေးမြူရေးက ကောင်းမွန်တာကြောင့် အရည်အသွေးရှိတဲ့ လူငယ်တွေနဲ့ အစားထိုးနိုင်ခြေရှိနေသေးပေမယ့် အတွေ့အကြုံပိုင်းမှာပါ ကွာဟလာနိုင်တဲ့အတွက် ၂၀၁၇-၂၀၁၈ ပြင်သစ် ဘောလုံးရာသီ အဖွင့်ပွဲဖြစ်တဲ့ ပြင်သစ်စူပါဖလားကို ပီအက်စ်ဂျီကသာ ရယူသွားနိုင်ဖို့ ရှိနေတယ်လို့သာ သုံးသပ်မိပါတယ်။ ။

## ပြင်သစ်စူပါဖလားချန်ပီယံများ

| အသင်း | - | အကြိမ်(ခုနှစ်) |
|---|---|---|
| လိုင်ယွန် | - | ၈ ကြိမ် (၁၉၇၃၊ ၂၀၀၂၊ ၂၀၀၃၊ ၂၀၀၄၊ ၂၀၀၅၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၁၂) |
| ပီအက်စ်ဂျီ | - | ၆ ကြိမ် (၁၉၉၅၊ ၁၉၉၈၊ ၂၀၁၃၊ ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆) |
| ရိမ်းစ် | - | ၅ ကြိမ် (၁၉၄၉၊ ၁၉၅၅၊ ၁၉၅၈၊ ၁၉၆၀၊ ၁၉၆၆) |
| စိန့်အေတီယန် | - | ၅ ကြိမ် (၁၉၅၇၊ ၁၉၆၂၊ ၁၉၆၇၊ ၁၉၆၈၊ ၁၉၆၉) |
| မိုနာကို | - | ၄ ကြိမ် (၁၉၆၁၊ ၁၉၈၅၊ ၁၉၉၇၊ ၂၀၀၀) |
| ဘော်ဒိုး | - | ၃ ကြိမ် (၁၉၈၆၊ ၂၀၀၈၊ ၂၀၀၉) |
| နန့်စ် | - | ၃ ကြိမ် (၁၉၆၅၊ ၁၉၉၉၊ ၂၀၀၁) |
| မာဆေး | - | ၃ ကြိမ် (၁၉၇၁၊ ၂၀၁၀၊ ၂၀၁၁) |
| နိုက်စ် | - | ၁ ကြိမ် (၁၉၇၀) |
| ဆီဒန် | - | ၁ ကြိမ် (၁၉၅၆) |
| ရိန်းစ် | - | ၁ ကြိမ် (၁၉၇၁) |
| လီဟာဗေး | - | ၁ ကြိမ် (၁၉၅၉) |
| ဘက်စတီယာ | - | ၁ ကြိမ် (၁၉၇၂) |



## ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရန် မန်စီးတီးကစားသမား ဆာနေး မျှော်လင့်ထား

ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းအနေဖြင့် လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ် ချန်ပီယံဆုဖလားရယူနိုင်ရေးအတွက် စိန်ခေါ်မှုများပြုလုပ်ရန် အဆင်သင့်ရှိနေကြောင်း မန်စီးတီးအသင်း တောင်ပံတိုက်စစ်ကစားသမား လီရွိုင်းဆာနေးက ထုတ်ဖော်ပြောဆိုလိုက်သည်။

မန်စီးတီးအသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိဖူးခြင်း မရှိသေးဘဲ ၂၀၁၅-၂၀၁၆ ခုနှစ် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခြင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ၌ မန်စီးတီးအသင်း၏ အမြင့်မားဆုံး အောင်မြင်မှုဖြစ်သည်။ သို့သော်လည်း မန်စီးတီးအသင်းသည် ယခုနွေရာသီဈေးကွက်ကာလအတွင်းတွင် ငွေကြေးအများအပြား သုံးစွဲကာ ကစားသမားကောင်းများ ခေါ်ယူအားဖြည့်ထားပြီး ရာသီသစ်အတွက် ပြင်ဆင်မှုများ ပြုလုပ်နေသည့် အသင်းဖြစ်သည်။ လက်ရှိအချိန်တွင် ကစားသမားသစ် ခေါ်ယူခြင်းအတွက် ပေါင်သန်း ၂၀၀ ကျော် အသုံးပြုထားသည့် မန်စီးတီးအသင်းသည် မိုနာကိုအသင်းမှ ပြင်သစ်လူငယ်တိုက်စစ်မှူး အမ်ဘတ်ပီကိုလည်း ရီးရဲနှင့်အပြိုင် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေး ပေးချေကာ ခေါ်ယူသွားရန် စီစဉ်နေသည့် သတင်းများလည်း ထွက်ပေါ်နေသည်။

ဂျာမနီကစားသမား ဆာနေးက "တကယ်လို့ မန်စီးတီးအနေနဲ့ တိုးတက်မှုတွေရှိလာပြီး အသင်းမှာရှိနေတဲ့ ပြဿနာတွေကို ဖြေရှင်းနိုင်မယ်ဆိုရင် ချန်ပီယံလိဂ်ချန်ပီယံ ဖြစ်လာနိုင်တယ်လို့ ထင်ပါတယ်။ မန်စီးတီးဟာ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချန်ပီယံဖြစ်ဖို့ ရေပန်းစားတဲ့ အသင်းတော့ မဟုတ်ဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ ဆီမီးဖိုင်နယ်အဆင့်ကို ကျော်လွန်အောင်တော့ လုပ်ဆောင်နိုင်စွမ်းရှိတယ်။ မန်စီးတီးမန်နေဂျာ ဂွာဒီယိုလာက ဆုဖလားအများအပြား ရယူနိုင်ခဲ့သူ ဖြစ်ပြီး သူက မန်စီးတီးအသင်းကို ယုံကြည်မှုတွေ အများကြီး ဖန်တီးပေးနိုင်ခဲ့ပါတယ်။ လာမယ့်ရာသီမှာ ဆုဖလားတွေရယူနိုင်ဖို့ မျှော်လင့်ထားတယ်"ဟု ပြောဆိုခဲ့သည်။ **ထက်အောင်**

## သတင်းတိုများ

### ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးပညာပေးဟောပြော

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့က ကြီးမှူး၍ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် အာဟာရပစ္စည်းများ၊ ဆေးဝါးများ ပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က ဘုတ်ပြင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သပြေခန်းမ၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီး မိခင်နှင့်ကလေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဥက္ကာက ကိုယ်ဝန်ဆောင်မိခင်လောင်းများ သိသင့်သိထိုက်သော ကျန်းမာရေးဆိုင်ရာများကို ဟောပြောကာ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူးက ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်အားဆေး၊ အိုင်အိုဒင်းဆားနှင့် အာဟာရပစ္စည်းများ ပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန် / ဆက်)**

### ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့မှ ပြည်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၂၅ ရက်က အနော်ရထာခန်းမ၌ ကျင်းပခဲ့သည်။ ဟောပြောပွဲတွင် မြန်မာနိုင်ငံ ယာဉ်အန္တရာယ်ကင်းရှင်းရေးအဖွဲ့ အတွင်းရေးမှူး ဦးဗိုလ်ဌေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်းများအကြောင်းကို အသေးစိတ် ရှင်းလင်းဟောပြောခဲ့သည်။

**(မြို့နယ်ပြန် / ဆက်)**

# H1N1 ကြိုတင်ကာကွယ်ရေး ကွင်းဆင်းဟောပြော

**ငါးသိုင်းချောင်း ဇူလိုင် ၂၇**

